
ရွှေအိမ်မှူး စာပေ

# ပေမျိုးညွှန့်

တဓယာ

(လုံးချင်းဝတ္ထုသစ်)



**အောင်နိုင်**

**စီစဉ်သည်။**

**ရွှေအိမ်မှူးစာပေ**

အမှတ် ၂၂၁၊ ၃၃ လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၃၈၄၉၂၇

စာတိုက်သေတ္တာအမှတ် (၁၁၂၉)

ရွှေအိမ်မှူးစာပေ

■ စာမူခွင့်ပြုချက်အမှတ် - [ ၅၀၁၀၃၉၀၆၀၈ ]

■ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - [ ၅၀၁၀၀၆၀၆၀၈ ]

■ ပုံနှိပ်ခြင်း

ပထမအကြိမ်၊ အောက်တိုဘာလ၊ ၂၀၀၆ ခုနှစ်။

■ ထုတ်ဝေသူ

ဦးအောင်နိုင် (၀၄၂၄၃) (ရွှေအိမ်မှူးစာပေ)

အမှတ် (၂၂၁)၊ (၃၁)လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်) (၀၇၀၅၃)

အမှတ် (၈၇)၊ (၅၆)လမ်းတို၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးဒီဇိုင်း - ကိုဥက္ကာ (ATOMIC Digital Art)

■ ကွန်ပျူတာစာစီ - သစ္စာ (၃၄)လမ်း

■ အတွင်းဖလင် - ဦးအောင်တင်အေးနှင့်သမီးများ

■ စာအုပ်ချုပ် - စွယ်တော်

■ အုပ်ရေ - ၅၀၀ အုပ်

■ တန်ဖိုး - ၁၅၀၀ ကျပ်

# ရေမျှော်

## တယော


ရွှေအိမ်မှူးစာပေ

အမှတ် ၂၂၁၊ ၃၁ လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၈၄၉၂၇

စာတိုက်သေတ္တာအမှတ် (၁၁၂၉)

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## အခန်း ( ၁ )

ညသည် တဖျပ်ဖျပ်လက်ပနေသော ကြယ်ပွင့်ငယ်လေးများအောက်မှာ ငြိမ်သက်တိတ်ဆိတ်စွာရှိ၏။ ဟန်ထွန်းက ပြတင်းပေါက်မှတစ်ဆင့် ညရှုခင်းအား တွေဝေငေးကြည့်နေမိသည်။ အခုတလော သူက ညတိုင်းနီးပါးလိုလို မနက်မိုးသောက်ချိန်မှ အိပ်ရာဝင်ဖြစ်သည်။ အရင်တုန်းကဆို သူက ဒီလိုမဟုတ်ပေ။ 'စောစောအိပ်လို့၊ စောစောထလို့၊ စောစောလမ်းလျှောက်ကြပါစို့' ဆိုသည့် ဆောင်ပုဒ်မှာ သူ့အတွက် တမင်ရေးထားပေးသလား အောက်မေ့ရ၏။

အခုတော့ ဟန်ထွန်းသည် အရင်လိုမဟုတ်တော့ပြီ။ လွန်ခဲ့သည့် တစ်နှစ်လောက်ကမှ ညတွေရဲ့အရသာကို သူကောင်းစွာ သိခဲ့ရ၏။ ဒါကလည်း အစ်ကိုဖြစ်သူ မင်းထွန်း၏ လေ့ကျင့်ပေးမှုကြောင့် ဖြစ်ပါသည်။ ကိုကိုကြောင့် သူက ညတွေရဲ့အလှအား စွဲလမ်းတတ်လာခဲ့ပါသည်။ သူနှင့်ကိုကိုသည် ညီအစ်ကိုအရင်းတွေဖြစ်သော်လည်း ငယ်စဉ်ကတည်းက တစ်အိမ်တည်း အတူတူမနေခဲ့ရချေ။ မေမေဆုံးသွားခဲ့ပြီးနောက်ပိုင်းမှ ဟန်ထွန်းက မေမေနှင့်ကိုကိုတို့ အိမ်သို့ ရောက်

လာခဲ့ခြင်းဖြစ်သည်။

ဖေဖေနဲ့မေမေမှာ သူ သုံးနှစ်သားခန့်က စိတ်သဘောထားခြင်း မတိုက်ဆိုင်သဖြင့် တရားဝင်ကွာရှင်းခဲ့ကြသည်။ ကိုကိုမင်းထွန်းက ဖေဖေနှင့်ပါသွား၏။ သူက မေမေနှင့်ကျန်ရစ်ခဲ့ကာ ညီအစ်ကိုနှစ်ယောက် တစ်ကွဲတစ်ပြားစီ ဝေးကွာခဲ့ကြရသည်။ မေမေဆုံးသွားပြီးတော့ ဖေဖေက ဟန်ထွန်းကိုသူ့အိမ်မှာ အတင်းပြောင်းရွှေ့နေထိုင်စေခဲ့ရာမှ ညီအစ်ကိုတွေ ပြန်၍ ဆုံစည်းခဲ့ကြခြင်းဖြစ်ပါသည်။ အဲဒီနောက်မှာ သူတို့ညီအစ်ကိုနှစ်ယောက်၏ ပျော်ရွှင်စရာအကောင်းဆုံးအချိန်များဖြစ်ခဲ့လေ၏။

သို့သော် ထိုအချိန်ကာလသည် တစ်နှစ်သာကြာခဲ့သည်။ ပြီးခဲ့သည့်စနေနေ့တုန်းက ကိုကိုမင်းထွန်းမှာ ကံဇာတ်ဆရာရဲ့စေခိုင်းမှုကြောင့် သူနှင့်ဖေဖေကို ထားရစ်ကာ မေမေ့နောက်သို့ လိုက်ပါသွားခဲ့ပြန်၏။

ဖြစ်ပုံမှာ လွန်ခဲ့တဲ့အပတ်က ရှစ်မိုင်တွင် ကားမတော်တဆမှုဖြင့် ကိုကိုတစ်ယောက် တိမ်းပါးကွယ်လွန်သွားခဲ့၏။ မထင်ထားသော ကိုကို့အဖြစ်ကြောင့် သူအလွန်အမင်း စိတ်ထိခိုက်ကွဲကြေနေရပါသည်။ ဖေဖေဆိုလည်း ယောကျ်ားကြီးတန်မဲ့ သူ့သားအကြီးအတွက် မျက်ရည်ကျကာ ငိုကြွေးနေခဲ့သည်။ ကိုကို့အသုဘအခမ်းအနားသည် ဖေဖေ့အသိုင်းအဝိုင်းနှင့် အရှိန်အဝါကြောင့် စည်ကားလွန်းလှ၏။ အိမ်ကို သတင်းမေးရန်လာကြသူတိုင်းက ကိုကို့အား နှမြောတသနှင့် ယူကြုံးမရဖြစ်နေသယောင် ပြောကြပါသည်။

ရုပ်ချော၊ သဘောကောင်း၊ ပညာတတ်၊ လူချမ်းသာစာရင်းဝင် ကိုကိုမင်းထွန်းမှာ ကောင်မလေးပေါင်းများစွာ၏ နှလုံးသားကို ပြုစားနိုင်သူလည်းဖြစ်၏။ အသုဘအခမ်းအနား၌ မင်းထွန်း၏ချစ်သူရည်းစား ဖြစ်ဟန်တူသော ကောင်မလေးများသည် ဝမ်းနည်းပက်လက်နှင့် လာရောက်ငိုကြွေးနေတာကိုတွေ့ရသည်။ ထိုကောင်မလေးတွေမှာ အိမ်သားများနှင့်လည်း မသိကြ။ သူတို့အချင်းချင်းလည်း သိကျွမ်းကြပုံမရဘဲ ဝမ်းနည်းပူဆွေးစွာ လာငိုနေခဲ့ကြ၏။

ဟန်ထွန်း သတိထားမိသလောက်တော့ ထိုကောင်မလေးများအားလုံးမှာ

လှတပတလေးတွေချည်းသာ ဖြစ်ပါသည်။ အခုဆို သူတို့အိမ်ကြီးသည် ကိုကိုရှိစဉ်တုန်းကလို စိုစိုပြည်ပြည် မဟုတ်တော့တဲ့ တိတ်ဆိတ်ကာ အထီးကျန်လျက်ရှိ၏။

ဖေဖေသည်လည်း ကိုကိုမရှိတော့သည့်အဖြစ်ကို လက်ခံလာနိုင်အောင် သူ့ကိုယ်သူ ကြိုးစားနစ်သိမ့်နေရရှာသည်။ ယခင်က ကိုကိုပင်းထွန်းရဲ့တာဝန်များနှင့်အလုပ်များသည် အခု ဟန်ထွန်းပခုံးပေါ်သို့ အလိုအလျောက်ကျရောက်လာခဲ့၏။ ဖေဖေသည် သူ့လက်ရုံးတစ်ဆူလို အားကိုးရသည့် ကိုကိုမရှိတော့သဖြင့် ဟန်ထွန်းကို မိသားစုတာဝန်ဆိုသော စကားတစ်ခွန်းတည်းနှင့် အလုပ်ထဲ ခေါ်သွင်းသွားခဲ့ပါသည်။

ဒီနေ့ပဲ ဟန်ထွန်းက ကိုကိုနောက်ဆုံးကိုင်သွားခဲ့သည့် ဟန်းဖုန်းကိုတောင် လက်ခံထားလိုက်ရပြီ။ သူက အိပ်ရာပေါ်တွင်လှဲရင်း Hand-set လေးအား ပါဝါဖွင့်ကာ သေချာစူးစမ်းကြည့်မိ၏။ ထိုဖုန်းသည် ကိုကိုဆုံးသွားကတည်းက ပိတ်ထားခဲ့တာဖြစ်ပြီး ဟန်ထွန်းက အခုမှ ပထမဆုံးအကြိမ် ပြန်ဖွင့်လိုက်ခြင်းလည်း ဖြစ်သည်။ ဖုန်းမှာ MOTOROLA အမျိုးအမ်ားဖြစ်ပါသည်။

ရုတ်တရက် ဖုန်းထမြည်လာသဖြင့် သူလန့်သွားသေး၏။ ဟန်ထွန်းက ဖုန်းကိုမကိုင်ခင် Display ပေါ်မှနံပါတ်အား ကြည့်လိုက်ပါသည်။ ချက်ချင်း ဆိုသလို ဖုန်းသံကရပ်သွား၏။ ဘယ်လိုဖြစ်တာပါလိမ့်။

"ဪ. . ."

အခုမှ သူသဘောပေါက်သွားပါ၏။ စောစောတုန်းကမြည်သံမှာ ဖုန်းလာတာမဟုတ်။ တစ်စုံတစ်ယောက်က သူ့ဖုန်းဆီသို့ Message ပို့လိုက်ခြင်းသာဖြစ်သည်။ သူကပြုံးရင်း Message ကိုဖွင့်၍ ဖတ်ကြည့်မိပါသည်။

Message မှာ ဘာမှရေးမထားတာကို တွေ့ရသဖြင့် သူပျော်သွားမိ၏။ ဘာကြောင့် ပျော်သွားရသလဲ ဆိုတာတော့ သူကိုယ်တိုင်လည်းမသိပေ။ သူက ထို Message အား ပေးပို့သူ Sender နေရာဆီကို ကြည့်လိုက်မိတော့ ဖုန်းနံပါတ်အစိမ်းတစ်ခုကို တွေ့ရပါသည်။ ဒါသည် မှားယွင်းမှုတစ်ခု ဖြစ်နိုင်သော်လည်း ဟန်ထွန်းကတော့ တစ်ဖက်မှ တမင်လုပ်နေတာဟု အသေအချာ ယုံကြည်လိုက်မိ

၏။

ထိုဖုန်းနံပါတ်မှာ ကိုကို့ Phone Book ထဲတွင်လည်း နာမည်နှင့်ယှဉ်တွဲမှတ်သားထားခြင်းမရှိသည့် သူစိမ်းဖုန်းနံပါတ်တစ်ခု ဖြစ်နေ၏။ ဒါဆို ယခု Message ကိုပို့လိုက်သူသည် ကိုကို့ရဲ့မိတ်ဆွေအရင်းအချာတွေထဲက မဟုတ်နိုင်တော့. . .။ အဲဒီအချိန်၌ သူ့ဟန်းဖုန်းဆီသို့ နောက်ထပ် Message တစ်ခုဝင်လာသည်။ ပေးပို့လိုက်သူမှာ စောစောတုန်းက ဖုန်းနံပါတ်ပဲဖြစ်နေပြီး အခုတစ်ခါလည်း ဘာမှရေးမထားသော ဗလာ Messageဖြစ်နေခြင်းက ဟန်ထွန်းအား ဆွဲဆောင်ထားခဲ့ပါသည်။

အဲဒီနောက် သူလည်း ဘာကိုမျှမစဉ်းစားတော့ဘဲ သူ့ဆီ Message ပို့နေသည့် ဖုန်းနံပါတ်ကို ပြန်ခေါ်လိုက်မိသည်။ တစ်ဖက်သို့ ဖုန်းဝင်သွားပြီမို့ ဟန်ထွန်းက သေချာနားစွင့်ထားလိုက်၏။ သုံးကြိမ်မြောက် ဖုန်းခေါ်သံ ပြီးဆုံးသွားချိန်တွင်မှ တစ်ဖက်က ဖုန်းပြန်ဖြေလာသည်။

"ဟဲလို. . ."

ပထမဆုံးကြားလိုက်ရသည့် "ဟဲလို"ဆိုသော ကောင်မလေးရာစ်ယောက်၏ အသံလေးမှာပဲ ဟန်ထွန်းက တွယ်ငြိသွားခဲ့မိပြီ။ ဒါကိုကိုနဲ့ပတ်သက်တဲ့ဖုန်းမဟုတ်ဘဲ သူ့ဖုန်းသာ ဖြစ်လိုက်ချင်သည်။ သူ့ရင်တွေခုန်နေ၏။ သူဘာမှမဖြေဘဲ တစ်ဒဂ်မျှ တိတ်ဆိတ်နေသည့်အတွက် တစ်ဖက်က အသံထပ်ထွက်လာပါသည်။ ကိုကိုနှင့်မဆိုင်စေချင်သော သူ့ဆန္ဒမပြည့်ဝပါ။ ထိုဖုန်းမှာ မင်းထွန်း၏ဖုန်းသာ ဖြစ်နေလေသည်။

"ကိုမင်း. . . ဖုန်းခေါ်ပြီးတော့ ဘာမှမပြောတော့ဘူးလား။ ကောင်းကင်ဆီကိုတောင် ဖုန်းမဆက်တာ တစ်ပတ်ရှိနေပြီနော်. . .၊ ပြီးတော့ တစ်ပတ်လုံး ဖုန်းကိုပိတ်ထားတယ်။ ပြောစမ်းပါဦး. . . ကိုမင်းရဲ့ အလုပ်များမှုတွေကို. . ."

သူမက သူ့ကို မင်းထွန်းအမှတ်နှင့် အပိုင်ပြောနေပါသည်။ ဟန်ထွန်းသည် ဖုန်းထဲမှ အီအီချွဲချွဲအသံလေးနဲ့ ပြောနေသောသူမအား သဘောတွေကျနေ၏။ သူက ရင်ခုန်သံကို ခဏမေ့ထားပြီး သူမအား ဖြေရှင်းစရာရှိတာကို ပြော

ဗို့ အရင်စဉ်းစားလိုက်၏။

"ဟို. . . ကျွန်တော်က ကိုမင်းထွန်း မဟုတ်ပါဘူးခင်ဗျာ။ ခင်ဗျားက ဒီကို Message တွေပို့နေလို့ ကျွန်တော်က အကျိုးအကြောင်း ပြောပြရအောင် ဖုန်းလှမ်းဆက်လိုက်တာပါ"

"ဩော်. . . ကိုမင်းရယ်. . . လာနောက်နေပြန်ပြီ။ ကိုမင်းအသံကြီးကို လေ၊ ကောင်းကင်က ခွေးချီသွားတာတောင် မှတ်မိတယ်. . . သိရဲ့လား"

ဗုဒ္ဓေါ. . .။ ဖွတ်ကြီးပါလာ။ ခက်တော့ခက်နေပြီ။ ဒါပေမဲ့ သူသေချာ ပြန်စဉ်းစားကြည့်တော့ သူနှင့်ကိုမင်းထွန်းမှာ အသံတော်တော်တူနေသဖြင့် အိမ်မှာ ဖုန်းကိုင်တိုင်း သူငယ်ချင်းအရင်းကြီးတွေကအစ မှားတတ်ကြ၏။ ပုတ်ဆွ အဆုံး ဖေဖေတောင် သူတို့ညီအစ်ကိုနှစ်ယောက်ရဲ့အသံကို ဖုန်းထဲမှာဆို မခွဲခြား တတ်။ အခုလည်း ထုံးစံအတိုင်း ပြဿနာက စလာပြန်လေပြီ။

ကိုကိုမရှိတော့သည့်တိုင် သူ့ဇာတ်လမ်းတွေကို တန်ထွန်းက ဖြေရှင်း နေရဆဲဖြစ်ပါသည်။ သို့သော် ဒီတစ်ခါတော့ ဟန်ထွန်းပျော်နေ၏။

သူ့ကိုယ်သူ ကောင်းကင်ဆိုပြီး အီအီအီအီအသံလေးဖြင့် စကားကိုဆွဲ၍ ပြောနေသည့် ကောင်မလေးအား လူမမြင်ဖူးဘဲနှင့် ဟန်ထွန်းက စွဲလမ်းသွား ရသည်။ ကြားရသောအသံလေးမှာ တယောထိုးသလို ချွဲချွဲအီအီလေးမို့ သူက သူမကို 'တယော'လို့ စိတ်ထဲက တိတ်တိတ်လေးနာမည် ပေးထားလိုက်၏။

"ခင်ဗျား. . . လူမှားနေပြီ၊ ကျွန်တော်က ကိုမင်းထွန်း မဟုတ်ပါဘူး"

သူမက ရယ်ချင်သံနှင့်ပြန်မေးပါသည်။

"အဲဒါဆို. . . ရှင်က ဘယ်သူလဲ"

"ကိုမင်းထွန်းရဲ့ညီ. . . ဟန်ထွန်းပါ"

တစ်ဖက်မှ သူ့စကားကြောင့် ရယ်သံလှလှလေးကို ဖန်တီးလိုက်ပြန် သည်။

"ကဲပါ. . . ဟင်းဟင်းဟင်း. . . ထားပါတော့။ ဟန်ထွန်းဆိုတော့လည်း ဟန်ထွန်းပေါ့။ အဲဒါဆို ဟန်ထွန်းရဲ့အစ်ကို ကိုမင်းထွန်းကိုခေါ်ပေးပါ။ ဖုန်း

ပြောချင်လို့. . .''

''ဟို. . . ကိုကိုက မရှိတော့ဘူးဗျ''

''ဟင်. . . ဘယ်သွားလို့လဲ''

''ကိုကို. . . ဆုံးသွားပြီ''

''ရော်. . . ခက်နေမှပဲ။ လာနောက်နေပြန်ပြီ ကိုမင်းရယ်။ အဲဒါမျိုး မနောက်ကောင်းဘူး ကိုမင်းရဲ့. . .''

''ဟာ. . . ဒုက္ခပါပဲ။ ကျွန်တော် တကယ်ပြောနေတာဗျ။ ခင်ဗျား ကိုကို ဆုံးသွားတာကို တကယ်မသိဘူးလား''

''ကဲ. . . ကိုမင်း။ အဲဒီလို မနောက်ကောင်းပါဘူးဆိုတာကို ဒီမှာ စိတ်တိုလာပြီနော်. . .''

''ဟောဗျာ. . .။ ကဲ. . . အမိ. . .၊ ကိုကိုဆုံးသွားပြီဆိုတာကို မယုံရင် လွန်ခဲ့တဲ့အပတ် တနင်္ဂနွေနေ့သတင်းစာမှာသာ ရှာကြည့်လိုက်တော့ ဟုတ်ပြီလား. . .''

ပြောပြီးပြီးချင်း ဟန်ထွန်းက ဖုန်းချပစ်လိုက်၏။ သူ့အသံလေးကို သူက နှမြောမိသော်လည်း အခုဟာက ဒီနည်းပဲရှိတော့သည်။ မဟုတ်ရင် ဇာတ်လမ်းက ပြီးမယ့်ပုံမပေါ်ဘဲ သူမက ရသလောက် အရစ်ရှည်ဦးမည့် သဘောရှိသည်။ ဟန်ထွန်းသည် သူမ၏ဖုန်းနံပါတ်လေးကို တယောဆိုသောနာမည်ဖြင့် Save လုပ်ထားလိုက်ပါ၏။ အဲဒီနောက် သူမဆီမှ ဖုန်းရော၊ Message ပါထပ်မလာတော့။

သူက တစ်ယောက်တည်းပြုံးပြီး ပြတင်းပေါက်မှမြင်နေရသော ကြယ်ပွင့်လေးများကို ငေးကြည့်နေလိုက်မိသည်။ အခုလို ညဉ့်အရသာအား ခံစားတတ်စေရန် သူ့ကိုလမ်းညွှန်ပေးခဲ့သည့် ကိုကိုမင်းထွန်းကတော့ လောကကြီးထဲမှာ မရှိတော့ချေ။

ဒါပေမဲ့ ကိုကိုက ဟန်ထွန်းအတွက် သူနှင့်ပတ်သက်သမျှကို လွမ်းစရာလေးတွေအဖြစ် ချန်ရစ်ထားခဲ့ပါသည်။ ဆွတ်ပျံ့ကြည်နူးဖွယ်ညထဲ၌

သူ့အတွေးတွေက ဟိုးအဝေးဆုံးအထိ လွင့်မျောသွားတော့၏။ သူသည် ထိုညက အိပ်မက်ထဲမှာ တယောထိုးသလို အသံချွဲချွဲလေးကို လိုက်ရှာနေမိခဲ့ပါသည်။

◈ ◈ ◈

# အခန်း ( ၂ )

မိုးညသည် အေးစက်စက်နှင့် အရသာရှိလှသည်။ ဟိုအရင်တုန်းက ဆိုလျှင် သူနှင့်ကိုကိုသည် ညဉ့်နက်မှလာသော စပိန်လာလီဂါပွဲတွေကို အတူ စောင့်ကြည့်နေကျဖြစ်၏။ ဟန်ထွန်းက သူ့ဟန်းဖုန်းဆီမှ မြည်သံကြောင့် စားပွဲပေါ်မှနာရီကို တစ်ချက်လှမ်းကြည့်လိုက်၏။ ည(၁၂)နာရီ(၁၀)မိနစ်ရှိပြီဟု နာရီလက်တံများက ညွှန်ပြနေပါသည်။ မနေ့ညတုန်းက ဒီအချိန်ပဲလို့ သူ့စိတ်ထဲက တွေးလိုက်မိသည်။ ဖုန်းကိုယူကြည့်လိုက်တော့ ထင်တဲ့အတိုင်း Message တစ်ခု. . .။ Message ကို ဖွင့်ဖတ်ကြည့်မိတော့ မနေ့ညတုန်းကလိုပဲ ဗလာ Message ဖြစ်နေ၏။ Message ပို့သူမှာလည်း မနေ့ညတုန်းကသူမ. . .။ (သို့မဟုတ်) တယောက်။

အသံခွဲခွဲအီအီလေးနဲ့ စကားပြောတတ်သော ထိုကောင်မလေးအကြောင်း စဉ်းစားမိရုံဖြင့် သူ့နှုတ်ခမ်းတွေ အလိုလိုပြုံးသွားရသည်။ သူက ဖုန်း Message အားကြည့်ပြီး ကိုကိုနှင့်သူမ၏ ပတ်သက်မှုကို အတွေးပေါင်းများစွာ ဖြန့်ကျက်

နေပေ၏။

ထိုစဉ် . . . ဖုန်းမြည်သံတစ်ခုက ဖြတ်ဝင်လာ၏။ ဘယ်သူ့ဖုန်းလဲ လို့ ကြည့်လိုက်တော့ 'တယော'ဆိုသော နာမည်လေးကို တွေ့ရပါသည်။ ဟန်ထွန်း ဖုန်းကို ကိုင်လိုက်၏။

"ဟဲလို . . ."

တစ်ဖက်က ဘာမှပြန်မပြောဘဲ ငြိမ်သက်နေသဖြင့် . . .

"ဟဲလို . . . ဟဲလို . . . အဓိပ္ပါယ်ရှိပါခင်ဗျာ . . . ဟဲလို . . ."

ဟန်ထွန်း ဘယ်လိုပြောပြော တစ်ဖက်မှ ဖုန်းဆက်သူသည် လုံးဝ မတုံ့ပြန်ဘဲ တိတ်ဆိတ်နေပါသည်။ သူက ဖွဲ့မလျှော့ဘဲ တယောသံလေး ကြားရဖို့ ဆက်လက်ကြိုးစားနေပေ၏။

"ဟဲလို . . . ဟဲလို . . . ဟဲလို . . ."

အချိန်နှစ်မိနစ်ခန့် ကြာသည်အထိ အခြေအနေက လုံးဝမထူးခြားသေး။ သို့သော် တစ်ဖက်မှ ဖုန်းကိုကိုင်ထားဆဲဖြစ်သည်။ ဟန်ထွန်းမှာ တစ်ယောက်တည်း ဖုန်းပြောနေသည့်အဖြစ်အား ဘယ်သူမှမသိသော်လည်း ကိုယ့်ကိုယ်ကို ရှက်လာ၏။ ဒါပေမယ့် ဟန်ထွန်းက 'ဟဲလို . . . ဟဲလို' လုပ်လိုက်၊ ခဏနားပြီး တစ်ဖက်မှအသံ ကို နားစွင့်လိုက် လုပ်နေရသည်။ ရုတ်တရက် သူ့မျက်လုံးတွေ နည်းနည်းကျယ်သွား ၏။ ဖုန်းထဲ၌ ညည်းတွားသံလိုလို အသံတစ်မျိုးအား ကြားလိုက်ရ၍ဖြစ်သည်။ တဖြည်းဖြည်းနဲ့ သူသည် အသံကို ပီသကြည်လင်စွာကြားလာရ၏။

ထိုအခါ စောစောတုန်းက ကြားရသည်မှာ ညည်းတွားသံ မဟုတ်ဘဲ ကောင်မလေးတစ်ယောက်၏ ငိုရှိုက်သံမှန်း သူ သဘောပေါက်သွားခဲ့ပါသည်။ အဲဒီ တဟင့်ဟင့်နှင့် ငိုရှိုက်သံကို ကြားရ၍ဖြင့် သူရဲ့တယောလေးပဲလို့ ဟန်ထွန်းက ထစ်ထစ်ချသိလိုက်ပြီ။ သူက ထုံးစံအတိုင်း ခေါ်နေဆဲ။

"ဟဲလို . . . ဟဲလို . . ."

တစ်ဖက်မှ ဖုန်းကိုင်ပြီး ငိုနေသောကောင်မလေးသည် သူ့'ဟဲလို'ကို လုံးဝအရေးမစိုက်ဘဲ သူမဘာသာ ငိုရှိုက်ဆက်ငိုနေလေသည်။ ဟန်ထွန်း

သည့်လည်း လက်ထဲကဖုန်းကို ချပစ်လိုက်ရမလား၊ ဒါမှမဟုတ် သူ့တစ်ယောက်တည်း အရှုံးလို ဖုန်းဖြေနေရမလားဆိုတာ ရွေးမရဖြစ်နေရှာ၏။ ထိုခဏတွင် သူ့ခေါင်းထဲ၌ လင်းခနဲဖြစ်သွားကာ အကြံရသွားသည်။

"ဟိတ်. . . အဲဒီလိုကြီး ငိုမနေနဲ့လေ"

ရုတ်တရက် သူ့အသံကြောင့် ချက်ချင်းပဲ တစ်ဖက်က ငိုသံတိတ်သွားပါသည်။ ဒါပေမဲ့ ခဏဆိုတာမှ တကယ့်ကို ခဏလေးမျှသာဖြစ်၏။ နောက် . . . သူမက ငိုသံတစ်ဝက်နဲ့ သူ့ကို ကလေးတစ်ယောက်ကဲ့သို့ လှမ်းရန်တွေ့သည်။

"ဘာဖြစ်လဲ၊ ကိုယ့်ဘာသာကိုယ်ငိုတာ. . . ရှင့်အပူဘာပါလို့လဲ"

တယောလေးက ရန်စကားပြောတော့လည်း တစ်မျိုးချစ်စရာကောင်းနေ၏။ ဟန်ထွန်းသည် ရန်ဖြစ်ဖို့ စိတ်ထဲမှမပါသော်လည်း သူမနှင့်ဖက်ပြိုင် စကားနိုင်လုရန် ဆုံးဖြတ်ချက်ချလိုက်ပါသည်။

"အေး. . . မင်းငိုချင်တယ်ဆိုရင်လည်း ကိုယ့်ဘာသာကိုယ်ငိုပေါ့။ ငါဆိုဖုန်းဆက်ပြီးတော့ မငိုနဲ့။ ဒါပဲ. . ."

ပြောပြီး သူက ဖုန်းချဖို့ဟန်ပြင်လိုက်စဉ် သူမဆီမှ ကမန်းကတန်းနှင့်တားမြစ်သံတစ်ခု ပေါ်ထွက်လာလေသည်။

"နေဦး၊ နေဦး. . . ရှင်ဖုန်းမချလိုက်နဲ့ဦး"

"ဘာပြောစရာရှိလို့လဲ"

"ရှင့်ကို. . . မေးစရာရှိလို့"

"ရှင်က ကိုမင်းရဲ့ညီ ဟန်ထွန်းဆိုတာ တကယ်ရောဟုတ်ရဲ့လား။ ကိုမင်းက သူ့မှာညီရှိတယ်လို့ ကျွန်မကို တစ်ခါမှမပြောဖူးဘူး"

"သူ့ညီမို့လို့ သူ့ဖုန်းကိုကိုင်ထားတာပေါ့။ ဘာလဲ. . . မင်းက အခုထိမယုံသေးဘူးလား"

"ဩော်. . . ကိုမင်းဆုံးလို့ ကျွန်မက ငိုနေတာကို ရှင်က မာရေကျောရေနဲ့ တားမြစ်နေတာကိုး။ ညီအစ်ကိုတွေ မဟုတ်တဲ့အတိုင်းပဲ၊ နေစမ်းပါဦး . . . ရှင်က ကိုမင်းဆုံးသွားတာကို နည်းနည်းလေးတောင် ပူဆွေးသောက ရောက်

တာမျိုး မဖြစ်ဘူးလား"

သူမ၏ စွပ်စွဲသောမေးခွန်းကြောင့် ဟန်ထွန်းက အနည်းငယ်ပြုံးချင်သွားမိသည်။ ဒီလိုဆိုတော့လည်း သူမက ကိုကို့အပေါ် တကယ်အလေးအနက်ရှိသားပဲ။

"အောင်မာ. . . လာသေးတယ်။ ကိုကို့အတွက်နဲ့ ပြီးခဲ့တဲ့တစ်ပတ်လုံး ငါဒိုနေခဲ့တာ မင်းမှမသိဘဲ။ မင်းကသာ ကိုယ့်ချစ်သူတစ်ယောက်လုံး ဆုံးသွားတာကို မသိတဲ့လူ. . . ငါပြောပြမှ သတင်းစာထဲမှာ နာရေးဖတ်ကြည့်ပြီး သိသွားတာများ. . ."

ဟန်ထွန်းက ကိုကိုနှင့်သူမရဲ့ဆက်ဆံရေးကို သေချာမသိဘဲ အထင်နဲ့ ရမ်းပြောထည့်ပစ်လိုက်၏။ သူ့စကားကြောင့် တယောလေးငြိမ်ကျသွားသည်။ ခဏကြာမှ အသံဖျော့လေးနဲ့ သူမက ဝန်ခံစကားဆိုသည်။

"ကိုမင်းဆုံးသွားတဲ့သတင်းကို ရှင်ပြောပြမှ ကျွန်မသိရတာပါ။ ပြီးခဲ့တဲ့ စနေနေ့က ကိုမင်းနဲ့ကျွန်မ ဖုန်းပြောနေတုန်း သူ့ဘက်က ဖုန်းပြတ်သွားခဲ့ပါတယ်။ အဲဒီကတည်းက တစ်ပတ်လုံး. . . ကျွန်မ သူ့ဆီကို ဖုန်းခေါ်နေတာ လုံးဝအဆက်အသွယ်မရခဲ့ဘူး။ မနေ့က သူ့ဖုန်းကို ပြန်ခေါ်လို့ရတော့ ကိုမင်းဆုံးပြီတဲ့။ ကဲ. . . ကျွန်မ ဘယ်လိုလုပ်ရမလဲ၊ အဲဒါ ကျွန်မအပြစ်လား"

"ဟာ. . . သူ့ဟန်းဖုန်းကို ဆက်မရရင် အိမ်ဖုန်းကိုဆက်ပေါ့။ ကုမ္ပဏီဖုန်းကိုဆက်ပေါ့။ အိမ်ကိုလည်း လာလို့ရတယ်။ သူ့နာရေးက သတင်းစာတွေမှာလည်းပါတာပဲ။ မင်းကိုက အလုပ်မဟုတ်တာ. . ."

ခပ်တည်တည်နဲ့ ဟန်ထွန်းက သူမကို ဗိုဟောက်ပစ်လိုက်၏။ တယောက သူ့ကို တုံ့ပြန်ရန်တွေ့လိမ့်မည်ဟု ဟန်ထွန်း မျှော်လင့်ထားသော်လည်း ဘာကယ်တမ်းကျတော့ အဲဒီလိုမဟုတ်။ သူမဆီမှ ဝမ်းနည်းနာကျင်နေသော အံ့ဩစရာစကားတွေသာ ထွက်လာခဲ့ပါသည်။

"ကျွန်မဆီမှာ ကိုမင်းကိုဆက်သွယ်ဖို့ အခုရှင်ပြောနေတဲ့ ဟန်းဖုန်းနံပါတ်လေးတစ်ခုပဲ သိပါတယ်။ အိမ်ဖုန်းတွေ၊ ကုမ္ပဏီဖုန်းတွေ၊ အိမ်လိပ်စာ

တွေ ဘာဆိုဘာမှ ကျွန်မ မသိပါဘူး။ ကျွန်မတို့အဖေက စည်းကမ်းအရမ်းကြီးတယ်။ ကျွန်မဆို အိမ်ထဲကအပြင်ကို သိပ်ထွက်ခွင့်ရတာမဟုတ်ဘူး။ ပြီးတော့ အိမ်မှာ သတင်းစာမယူတော့ ကျွန်မက အပြင်လောကကြီးနဲ့ အဆက်အသွယ် ပြတ်နေတာပေါ့။ အခုတောင် ရှင်ပြောလို့ ပြီးခဲ့တဲ့တနင်္ဂနွေနေ့က သတင်းစာကို ဒီမနက် အိမ်ဖော်အဒေါ်ကြီး ဈေးသွားတုန်း ရအောင်ရှာဝယ်ခိုင်းလိုက်ရတာ. . .''

သူမ၏ ဖြေရှင်းချက်အဆုံး၌ ဟန်ထွန်းခမျာ ပါးစပ်အဟောင်းသား ဖြစ်သွားရရှာသည်။ ဟန်ထွန်းက နားမလည်နိုင်စွာ မေးလိုက်မိ၏။

''ဟို. . . ကိုကိုနဲ့ခင်ဗျားက ချစ်သူတွေမဟုတ်ဘူးလားဟင်''

သူ့စကားသည် သေချာသိပြီးသားကိစ္စတစ်ခုကို မလိုအပ်ဘဲထပ်မေးနေသကဲ့သို့ ဖြစ်နေ၏။

''ကိုမင်းနဲ့ကျွန်မက ချစ်သူတွေပါ။ နေပါဦး. . . ရှင့်ကို ကိုမင်းက သူ့ရဲ့တစ်ဦးတည်းသော ချစ်သူလေးအကြောင်း တစ်ခါမှ မပြောမပြဘူးလား''

သူမဆီမှ ထိုမေးခွန်းသည် သူ့နှလုံးသားထဲ စူးခနဲ နစ်ဝင်သွားပါသည်။ အို. . . ဒါဆို သူမဟာ ကိုကို လိမ်ညာလှည့်ဖျားထားတဲ့ စကားထောင်ချောက်ထဲက သားကောင်လေးပေါ့။ မင်းဟာ ကိုကိုရဲ့ တစ်ဦးတည်းသောချစ်သူတဲ့လား။ တယောလေးရယ်. . . ။

အခုမှ ကွယ်လွန်သွားခဲ့ပြီဖြစ်သော ကိုမင်းထွန်း၏ လုပ်ဇာတ်တွေကို သူက ဖော်ကောင်လုပ်ရမလိုဖြစ်နေ၏။ ဒီလိုကျတော့ သူ မလုပ်ချင်ပေ။ ညီတစ်ယောက်အနေနှင့် ကိုကို့ရဲ့ဂုဏ်သိက္ခာကို ထိန်းသိမ်းကာကွယ်ရန် သူ့မှာ တာဝန်ရှိပါသည်။

''ဟန်ထွန်း. . . ကျွန်မမေးတာကို ဖြေဦးလေ. . .''

သူမက ထပ်မေးလိုက်မှ ပြန်ဖြေဖို့ သူက သတိရသွား၏။

''ဩော်. . . ဟို. . . ကိုကိုရှိတုန်းကပြောတော့ ပြောပါတယ်။ သူ့ကောင်မလေးအသံလေးက သိပ်နားထောင်ကောင်းတာပဲတဲ့။ နောက်ပြီးတော့ အရမ်းလည်း လှတယ်တဲ့''

သူ့စကားအဆုံးတွင် တစ်ဖက်မှ ဟက်ခနဲရယ်မောသံကို ကြားလိုက်ရ၏။ ထိုရယ်သံကြောင့် ဟန်ထွန်းက ကိုယ့်ကိုယ်ကို မလုံမလဲဖြစ်သွားပြီး သူမကို ပြန်မေးမိသည်။

''ဘာရယ်တာလဲဗျ''

''ရော်. . . ရယ်စရာရှိလို့ ရယ်တာပေါ့''

''ပြောစမ်းပါဦး။ မင်းရယ်တဲ့အကြောင်းက. . .''

''ရှင်ပဲ. . . ခုနတုန်းက ပြောလိုက်တယ်လေ၊ ကျွန်မကို အရမ်းလှတယ်လို့ ကိုမင်းက ပြောတယ်ဆို. . .''

ဟန်ထွန်းသည် ကိုကို့အသုဘတုန်းက လာငိုနေသော လှတပတ ကောင်မလေးများအား ပြန်မြင်ယောင်လိုက်မိသည်။ ဒါဆို ကိုကို့ချစ်သူဖြစ်သည့် သူမသည်လည်း အချောအလှလေးတစ်ဦးပဲဖြစ်ရမည်။ သူက စိတ်ချယုံကြည်စွာပြောလိုက်၏။

''ဟုတ်တယ်လေ. . . ကိုကိုက ခင်ဗျားကို လှတယ်တဲ့''

''အဲဒါပဲလေ. . . ကျွန်မရယ်မိတာ အဲဒီစကားကြောင့်ပဲ''

''ဘာဖြစ်လို့ . . .''

''ဘာဖြစ်လို့လဲဆိုတော့ ကိုမင်းနဲ့ကျွန်မဟာ တစ်ယောက်ကိုတစ်ယောက် အပြင်မှာ တစ်ခါမှ မတွေ့ခဲ့ကြဖူးလို့ပဲ။ ကျွန်မတို့က ဖုန်းချင်းပဲ ချစ်သူဖြစ်နေကြတာလေ''

''ဗျာ . . .''

ဟန်ထွန်းမှာ မျက်လုံးပြူးမျက်ဆံပြူးနှင့် အံ့ဩနေရုံမှလွဲ၍ ဘာဆိုဘာမှမတတ်နိုင်တော့ . . .။ ကိုကိုတို့ကတော့ လုပ်လိုက်မှဖြင့် အဆန်းတွေချည်းပဲ။ အပြင်မှာ လူချင်း တစ်ခါမှမတွေ့ဖူးဘဲ ဖုန်းပြောရင်း ချစ်သူထားတာတဲ့။ ကောင်းရော . . .။

အခုမှပင် ကိုကိုနှင့် သူမအကြောင်းတွေကို သူဖတ်ရည်လည်သွားတော့သည်။ ထိုသို့ဖြင့် စကားကို ချွဲချွဲအီအီလေးပြောတတ်သော ကောင်မလေး

တစ်ယောက်နှင့် သူသည် ဖုန်းထဲမှာ သူငယ်ချင်းတွေဖြစ်လာခဲ့ကြပါသည်။

◈ ◈ ◈

## အခန်း ( ၃ )

တစ်လဆိုသောအချိန်သည် သူတို့နှစ်ယောက်ကြားတွင် အလွယ်တကူပဲ ကုန်ဆုံးသွားခဲ့၏။ သူက 'တယော'ဟု တိတ်တဆိတ် နာမည်ပေးထားသော သူမသည် ကိုကိုမရှိတော့ပေမယ့် အရင်လိုပဲ ညအိပ်ရာဝင်ခါနီးတိုင်း ဗလာ Message တွေကိုပို့နေမြဲ။ သူတို့နှစ်ယောက်မှာ အခါအားလျော်စွာ ဖုန်းတွေပြောဖြစ်ကြသည်။

ဟန်ထွန်းသည် ကိုကို့ကိုယ်စား သူမအတွက် အသံဖြင့် အဖော်လုပ်ပေးရသလိုဖြစ်နေခဲ့သည်။ တကယ်တော့ သူက ကိုမင်းထွန်းနှင့် ဘာမှမဆိုင်သော သီးသန့်လူတစ်ယောက်အဖြစ်သာ တယောလေးကို ပတ်သက်ချင်၏။ သို့သော် အရာရာအားလုံးမှာ ကိုကိုနှင့်သူမ၏ ဟိုအရင်ထုံးစံများအတိုင်းသာဖြစ်သည်။

ဗလာ Message များ၏ ရည်ရွယ်ချက်သည် လူ့ဘဝမတော်တဆမှုတွေနှင့် အကောင်အထည်ဖော်ပြမထားသော ခွန်အားတွေကို အမြဲသတိရစေရန်ဖြစ်ကြောင်း သူမက ပြောပြပါသည်။ သူမရဲ့နာမည်ရင်းမှာ စံပယ်ဖြူဖြစ်သော်လည်း

ကိုကိုကသူမကို 'ကောင်းကင်'လို့ပဲခေါ်ကြောင်း သူမက ပြောပြပါသည်။ ကိုမင်းထွန်းက သူမထံ မတော်တဆ ဖုန်းနံပါတ်များယွင်းနှိပ်မိရာမှ စတင် သိကျွမ်းခဲ့ကြခြင်းဖြစ်သည်။ အဲဒီနောက် စကားပြောကောင်းသော ကိုကိုရဲ့ စကားလုံးလှိုင်းတွေကြားမှာ သူမ သဘော်မှောက်ခဲ့ရ၏။ သူမက ကိုမင်းထွန်းနဲ့ ပတ်သက်သောအတိတ်ကို ပြောပြဖို့ဆိုလျှင် အလွန်တက်ကြွသူဖြစ်သည်။ အတိတ်ဆိုသော်လည်း အဖြစ်အပျက်တွေ မရှိဘဲ အသံနှင့် စကားလုံးများသာရှိသော အမှတ်တရတွေဖြစ်ပါ၏။

သူတို့နှစ်ယောက်သည် တဖြည်းဖြည်း ရင်းနှီးလာကြပြီး သက်တူရွယ်တူများလည်းဖြစ်တာမို့ နောက်ပိုင်း၌ စကားပြောလျှင် နင်တွေငါတွေနဲ့ပဲ ပြောဖြစ်သွားကြသည်။

"ကိုမင်းက ငါ့ကို ကောင်းကင်လို့ တစ်ခါခေါ်လိုက်တိုင်း ငါ့တစ်ကိုယ်လုံး ပေါ့ပါးပြီး လေထဲမြောက်တက်သွားသလိုပဲ၊ အကြာကြီးမျောနေတာ . . . ကောင်းကင်လို့ခေါ်လိုက်တဲ့ သူ့အသံဟာ ငါ့အတွက်တော့ တကယ့်ကို ပြီးပြည့်စုံနေတာမျိုးဟ . . .၊ ဘယ်လိုမျိုးလဲဆိုတော့ ငါက ကောင်းကင်ကြီးပေါ့၊ ပင်လယ်တွေ၊ တောင်တန်းတွေ အားလုံးဟာ ငါ့အောက်မှာချည်းပဲ၊ ငါက တစ်လောကလုံးကို ပိုင်စိုးတဲ့သဘောပေါ့ ဟန်ထွန်းရာ. . ."

သူသည် အားရပါးရနှင့် စကားတွေဖောင်ဖွဲ့နေသော သူမရဲ့အသံဆွဲဆွဲအီအီလေးကို နားထောင်၍ မဝနိုင်ဘဲရှိ၏။ ဟန်ထွန်းက သူ့ကိုယ်သူ စိတ်ပျက်စွာ ခေါင်းယမ်းပစ်လိုက်ပါသည်။

ဒါဟာ ဝဋ်ကြွေးတစ်ခုလား။

ဒါမှမဟုတ် အစွဲအလမ်းတစ်ခုလား။

အဲဒီနှစ်မျိုးစလုံးမဟုတ်ဘဲ တခြားအကြောင်းအရာတစ်ခုလည်း ဖြစ်နေနိုင်ပြန်သည်။ ဟန်ထွန်းရဲ့စိတ်တွေ မွန်းကျပ်လျက်ရှိနေ၏။

သေချာတာတစ်ခုကတော့ လက်ရှိအခြေအနေမှ သူရုန်းထွက်သွားလိုပါသည်။ ဒါပေမဲ့ အဲဒီလိုလုပ်လို့ မဖြစ်နိုင်မှန်း သူသဘောပေါက်ထားမိ၏။ ကိုမင်းထွန်းကိုယ်စား ဆက်ဆံနေရတာဆိုသည့် အသိကြီးက သူ့မှတ်ဉာဏ်နှင့်

နှလုံးသားအား နာကျင်နေစေပါသည်။

ဟန်ထွန်းမှာ စိတ်ကိုမထားတတ်သေးဘဲ တော်တော်အခံရခက်နေ၏။ သူမက သူ့ကိုယ်သူ 'ကောင်းကင်'ဟုနာမ်စားသုံးတိုင်း 'တယော'ဆိုသော နာမည်လေးကို ဒီတစ်သက် ဘယ်တော့မှ မပြောပြဘူးလို့ သူအကြိမ်ကြိမ်တွေး ဖြစ်၏။

အစိုင်းတုန်းက အဆင်မပြေသော ဟန်ထွန်းသည် ဖေဖေ့အလုပ်ထဲ၌ တဖြည်းဖြည်း နေသားကျလာခဲ့သည်။ သူက ဖေဖေရဲ့သားအဖြစ်၊ ကိုမင်းထွန်းရဲ့ ညီအဖြစ်ထက် ဟန်ထွန်းအဖြစ် သီးသန့်ဆက်ဆံတာမျိုးကို ပိုကြိုက်၏။ သို့သော် သူသည် အခုချိန်ထိ ထိုအရိပ်တွေနဲ့ မကင်းလွတ်နိုင်ခဲ့။

အလုပ်ထဲမှာ ကိုမင်းထွန်းရဲ့ အရိပ်ထိုးခံနေရခြင်းက သိပ်ပြဿနာမရှိသော်လည်း တယောနှင့် ပတ်သက်လာသောအခါတွင်တော့ သူနေလို့မရတော့။ ထိုအခါ ဟန်ထွန်းသည် ကိုကိုနှင့်သူ ကွဲသွားအောင် ဘာလုပ်ရမလဲ ဆိုတာကိုပဲ စဉ်းစားနေလေသည်။

ကိုမင်းထွန်းနှင့်သူမ မလုပ်ခဲ့ဖူးတာမျိုးဆိုတော့ . . .

အဟား. . . ဟုတ်ပြီ။

ရုတ်တရက် သူဉာဏ်အလင်း ပွင့်သွား၏။ သူလုပ်ရမှာက တကယ့်ကို နိုးနိုးလေးနဲ့ လွယ်လွယ်လေးသာဖြစ်ပါသည်။ တယောကို သူအပြင်မှာ လူချင်းတွေ့ခွင့်တောင်းရမည်။ ထိုစိတ်ကူးနှင့် ချက်ချင်းပဲ ဟန်ထွန်းတစ်ယောက် ပျော်ရွှင်မြူးကြွသွားတော့သည်။ သူက ကိုယ့်အတွေးကိုကိုယ် ပြန်အတည်ပြုလိုက်မိ၏။

ကိုကိုမင်းထွန်း၏ အရိပ်မှကင်းလွတ်ချင်လျှင် ဒီကိစ္စကို မဖြစ်ဖြစ်အောင် အကောင်အထည်ဖော်ရမည်ဟူသော ဆုံးဖြတ်ချက်အား သူက နိုင်မာစွာချလိုက်ပါသည်။

ဟူး . . . မလွယ်ပါလား၊ ဒါတောင် ကိုကိုက ဆုံးသွားလို့၊

သူက သက်ရှိထင်ရှား မရှိတော့ပေမယ့် ကိုကိုရဲ့ လက်ကျန်အရှိန်အဝါတွေကို သူ့အမှာ ရေညင်းကြီးစားယှဉ်ပြိုင်နေရ၏။ ဟန်ထွန်းက သက်ပြင်းတစ်ချက်ကို

ခပ်ပြင်းပြင်းလေး မှုတ်ထုတ်ပစ်လိုက်ပါသည်။

◈

စက်တင်ဘာည၏ နီယွန်မီးများနှင့်အပြိုင် မိုးတဖွဲဖွဲက ရွာကျနေပါသည်။ ဟန်ထွန်းသည် ပြတင်းပေါက်ကို ခပ်ဟဟလေးဖွင့်လိုက်၏။ လေသရမ်းနဲ့အတူ မိုးစက်မှုန်တွေက အခန်းထဲသို့ ရုတ်ခနဲပြေးဝင်လာကြသည်။ သူက မိုးညရှုခင်းအား သဘောကျစွာခံစားနေမိသည်။

ဟန်ထွန်းမှာ မိုးအေးအေးအရသာကို နှစ်ခြိုက်သဖြင့် ပခုံးတစ်ချက်တွန့်လိုက်ပြီး ပြတင်းပေါက်ဆီကို ပို၍တိုးကပ်သွားလိုက်ပါ၏။ နောက် . . . သူက လက်နှစ်ဖက်စလုံးကို မိုးရေထဲဆန့်တန်းကာ မိုးစက်များကို ခံယူနေပြန်သည်။ သူ့ရဲ့ ဖလန်နယ်အင်္ကျီလက်ရှည်၏ အဖျားပိုင်း၌ မိုးရေတွေစိုကုန်သည်။ သူ့ပုံစံက ဖုန်းစောင့်နေသူမှန်း လုံးဝမထင်ရပါ။

ကောင်းကင်ကို သူမော့ကြည့်လိုက်တော့ မိုးဖွဲဖွဲများကြားမှာ ပြည့်ဖို့ နည်းနည်းလိုနေသေးသော လမင်းကြီးအားတွေ့ရ၏။ သူက လမင်းကြီးကို ကြည့်ပြီး ကြည်နူးနေမိသည်။ ထိုအခိုက် . . . ထုံးစံအတိုင်း ဖုန်းမြည်သံတစ်ချက်ကို ကြားလိုက်ရပြီး ရပ်သွား၏။

ဒါ တယောသူဆီပို့လိုက်သော ဗလာ Message မှလွဲ၍ တခြားဘာမှ မဖြစ်နိုင် . . .။ ဟန်ထွန်းက အခန်းထဲပြန်ဝင်လာပြီး သူ့လက်မှ ရေတွေကို တဘက်နဲ့သုတ်နေ၏။

ခဏနေရင် သူမနှင့်ဖုန်းပြောရတော့မည် မဟုတ်ပါလား။ တယောသည် အခုလို ဗလာ Message ပို့ပြီး နောက်ထပ်ဆယ်မိနစ်ခန့်ကြာလျှင် ဖုန်းခေါ်လေ့ ရှိပါသည်။ ဟန်ထွန်းက စားပွဲပေါ်မှ MOTOROLA Hand Set လေးကို လှမ်းယူလိုက်၏။

စောစောတုန်းက သူ့ဆီဝင်လာသော Message မှာ ဘာမှရေးမထားမှန်း

သိပြီးသားဖြစ်သော်လည်း ဟန်ထွန်းက မနေနိုင်ဘဲ Message ကို ဖွင့်ကြည့်၏။ ဗလာ . . .။ သူလို့ဖုက်စွာ ပြုံးလိုက်မိသည်။ ဒါသည် သူ့အတွက်တော့ အရသာ တစ်မျိုးဖြစ်နေလေသည်။

"တီတီ. . . တီတီ. . ."

ဟော. . .။ ဟန်ထွန်းက **Display ကိုတစ်ချက်ကြည့်ကာ** ဖုန်းကို ကိုင်လိုက်၏။

"ဟဲလို. . ."

"ဘာတွေလုပ်နေတာလဲ ဟန်ထွန်း. . . မအိပ်သေးဘူးလား"

"ဟင့်အင်း မအိပ်သေးပါဘူး။ ဖုန်းတစ်ခုကို စောင့်နေတာ. . ."

"ဩော်. . . ဟုတ်လား။ ဆောရီးနော်. . . ငါဖုန်းပြန်ချပေးရမလား"

"မလိုပါဘူး"

"ဩော်. . . နင့်ဖုန်းမှာ Second call ပါတယ်ပေါ့"

"ဟင့်အင်း. . ."

"ဒါဖြင့်. . ."

"ငါစောင့်နေတဲ့ဖုန်းက နင့်ဖုန်းလေ တယောရဲ့. . ."

"ဘာ. . . ဘယ်လို. . ."

"ငါ နင့်ဖုန်းကို စောင့်နေတာလို့ ပြောလိုက်တာလေ. . ."

"မဟုတ်ပါဘူး။ အဲဒါကို ငါကြားပါတယ်၊ ငါမေးတာ နင်စောစောတုန်းက ငါ့ကို ဘယ်လိုခေါ်လိုက်တယ် တယောဆိုလားပဲ"

ဒီတော့မှ သူ လွှတ်ခနဲ ခေါ်လိုက်မိတာကို ဟန်ထွန်း ပြန်အမှတ်ရသွား၏။ ဘာတတ်နိုင်မှာလဲ။ အခုမှတော့ ဝန်ခံလိုက်ရုံပဲရှိတော့တာပေါ့။

"ဟုတ်တယ်၊ ငါနင့်ကို တယောလို့ ခေါ်လိုက်တာလေ"

သူ့စကားကြောင့် တစ်ဖက်မှ အံ့ဩသွားကာ ဝမ်းသာသွားပုံရ၏။

"တယော. . . ဟုတ်လား"

"အေးလေ. . . တယော. . ."

"နင်က ငါ့ကို ဘာအမိပ္ပာယ်နဲ့ အဲဒီလိုခေါ်တာလဲ ဟင် . . . ဟန်ထွန်း"

"ဒီလိုဟာ . . . နင့်အသံလေးကို ငါဖုန်းထဲမှာ ပထမဆုံးကြားလိုက်ကတည်းက တယောထိုးသံလေးပဲလို့ ခံစားလိုက်ရတာ . . . ရှဲ့ရှဲ့အီအီလေးဆိုတော့လေ၊ နင့်အသံက တယောထိုးသံဆိုတော့ နင်က တယောပေါ့ဟ၊ မဟုတ်ဘူးလား"

"ဩော် . . . အဲဒီလိုလား။ နင်က ငါ့ကို တစ်ခါမှမမြင်ဖူးဘဲနဲ့ အမှတ်တွေ စွတ်ပေးနေတာပေါ့လေ"

သူမက ဟန်ထွန်းကို ပေါ့ပါးစွာ နောက်ပြောင်နေပြန်၏။ ပြီးတော့ ဆည်းလည်းခတ်သလို ရယ်သံလှလှလေးများက သူတို့နှစ်ယောက်ကြားမှာ လှိုင်းခတ်၍သွားသည်။

ဒီလိုဆိုတော့လည်း ကြည်နူးစရာကောင်းလှပါသည်။ သူမရင်ခွင်တစ်ခုလုံးမှာ တစိမ့်စိမ့်ဆွတ်ပျံ့ လွှင့်မျောသွားလျက်ရှိ၏။

သူမဘဝတွင် ဒါမျိုး ကြည်နူးသွားရသည့်ခံစားမှုကို ဒီတစ်ခါပဲ ရရှိခဲ့ဖူးပါသည်။ ရင်ထဲမှာလည်း တလှပ်လှပ်နှင့် . . .။ ပြီးတော့ . . . တယောတဲ့။ သူခေါ်ဝေါ်သည့်အသုံးအနှုန်းလေးက တကယ့်ကို ချစ်စရာကောင်းလှ၏။

ဟန်ထွန်းဆီမှ စကားသံတချို့ ပေါ်ထွက်လာပါသည်။

"တယော . . ."

ထိုနာမည်ကို ခေါ်ခွင့်ရပြီးသံုးမို့ သူက မြတ်နိုးစွာခေါ်လိုက်မိ၏။

"ပြောလေ ဟန်ထွန်း . . ."

"ငါ နင့်ကို တောင်းဆိုစရာတစ်ခုရှိတယ်။ အဲဒါကို နင်လိုက်လျောပေးမှာလား"

"ပြောကြည့်လေ . . . ငါတတ်နိုင်တာဆိုရင်တော့ လိုက်လျောမှာပေါ့ဟ . . . မဟုတ်ဘူးလား"

သူက ခဏစဉ်းစားသလို လုပ်နေ၏။ နောက် ဟန်ထွန်းက ဆုံးဖြတ်ချက်ကို ချက်ချင်းပဲချလိုက်ပါသည်။ သူမကို အသေးစားတောင်းဆိုမှုလေး တစ်ခု

ပြုလုပ်ရန် စကားဦးသမ်းကြည့်လိုက်၏။

"တယောက. . . ဘယ်လိုနေ့မျိုးတွေမှာ အပြင်ထွက်တတ်သလဲ"

သူ့မေးခွန်းကိုကြားတော့ သူမက ဟန်ထွန်း တောင်းဆိုမည့်အရာအား ပါးနပ်စွာ သဘောပေါက်နိုင်လေသည်။

"ဘာလဲ. . . ဟန်ထွန်း။ နင် ငါ့ကိုအပြင်မှာ တွေ့ချင်တယ်ပေါ့။ ဟုတ်လား. . ."

ဟန်ထွန်းက ရှက်ရယ်ရယ်ရင်း ဝန်ခံရ၏။

"အေး. . . တွေ့ချင်တယ်"

"ဘာဖြစ်လို့ တွေ့ချင်ရတာလဲ၊ အကြောင်းကိစ္စရှိလို့လား။ ဒါမှမဟုတ် ငါ့ကို တွေ့ဖူးချင်လို့လား"

"နှစ်ခုစလုံး ဟုတ်တယ်ဟ. . ."

"ငါ့ကို တွေ့ဖူးချင်တာတော့ ထားပါတော့၊ အကြောင်းကိစ္စဆိုတာက ဘာကိစ္စလဲ၊ ငါ့ကိုပြောပြဦးလေ. . ."

သူမ၏မေးခွန်းကြောင့် ဟန်ထွန်းတစ်ယောက် ခဏတွေဝေနေ၏။ ပြီးမှ သူက. . .

"တယော ငါ နင့်ကို အမှန်တိုင်းပဲပြောပြမယ်. . ."

"အေး. . . ပြော. . ."

"ငါ နင့်ကို အပြင်မှာ တွေ့ချင်တဲ့ကိစ္စက နင်နဲ့ကိုကိုဟာ အပြင်မှာ ထုံးစံ မတွေ့ဖူးခဲ့ကြဘူး မဟုတ်လား။ အဲဒါကြောင့် ငါကတွေ့ချင်တာ. . ."

"ဘယ်လိုကြီးလဲဟ. . . နင့်ဟာက. . . ငါနားလည်အောင် ရှင်းပြစမ်းပါဦး ဟန်ထွန်းရယ်. . ."

"[illegible] ငါ ကိုကို့အရိပ်အောက်မှာ မနေချင်ဘူး။ နင့်ကိုလည်း ငါ [illegible] အဲဒီတော့ ကိုကို မလုပ်ခဲ့တဲ့ အလုပ် [illegible] နင်သဘောပေါက်တယ်မဟုတ်လား [illegible]. . ."

သူ့အဖြေစကားကြောင့် သူမက သက်ပြင်းချလိုက်ပါ၏။ သူ့ကို အတွက်ကြီး သူဟု သူမ မစွပ်စွဲရက်ပါ။ ဟန်ထွန်းရဲ့ ခံစားချက်ကို သူမနားလည်နိုင်လေသည်။

"အင်း. . . ဒါဆိုကောင်းပြီလေ၊ ငါတို့နှစ်ယောက် ရှေ့အပတ်လောက်ကျရင် အပြင်မှာတွေ့ကြတာပေါ့၊ ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာမှာလဲဆိုတာကို နောက်နေ့ကျမှ သေချာပြန်ချိန်းမယ်. . . ဟုတ်ပြီလား"

"အိုကေ. . ."

"ဒါဆို ဖုန်းချလိုက်တော့မယ်နော်. . . ငါ့မှာ လုပ်စရာတစ်ခု ရှိနေလို့ ဟန်ထွန်းရဲ့. . ."

"ဩော်. . . အိုကေပါဗျာ၊ အိုကေပါ၊ ဒါဆို ဂွဒ်နိုက်နော် တယော. . ."

"ဂွတ်နိုက်. . ."

ဖုန်းချလိုက်ပြီးတော့ ဟန်ထွန်းက သူ့ကိုယ်သူ အရသာရှိရှိ ပခုံးကို တွန့်ပစ်လိုက်၏။ တယောနှင့်အပြင်မှာ တွေ့ဆုံခွင့်ရဖို့က ပထမအဆင့်တော့ အောင်မြင်သွားပြီဟု ဆိုနိုင်သည်။

ဒါသည် သူ့ရိုးသားမှု၏ရလဒ်လို့ ဟန်ထွန်းက ခံယူထားမိ၏။ သူသာ အခြေအနေကို ပွင့်ပွင့်လင်းလင်းမပြောပြဘဲ လျှောက်ချိန်းနေလျှင် တယောလေးနှင့်ဆုံတွေ့ရဖို့က အခုလောက် အဆင်ပြေချောမွေ့မှာမဟုတ်ပေ။

သူက ဖေဖေ့ဆီမှ ဖုန်းဝင်မလာခင် ဟန်းဖုန်းကို ပိတ်ပစ်လိုက်ပါသည်။

◈ ◈ ◈

## အခန်း ( ၄ )

မိုးရာသီမနက်ခင်း၏ အေးစိမ့်စိမ့်အရသာလေးကြောင့် ဟန်ထွန်းက ဖိမ်နှင့်ကွေးနေမိသည်။ ထိုအခြေအနေမျိုး၌ သူသည် တစ်စုံတစ်ရာကို ဖျတ်ခနဲ သတိရလိုက်၏။ အိပ်ရာမှ ကမန်းကတန်းထပြီး နာရီကိုပြေးကြည့်မိသည်။ မနက်ကိုးနာရီထိုးရန် ဆယ်မိနစ်သာလိုတော့၏။ တယောနှင့်သူသည် 'အမေ့အိမ်' ဆိုင်မှာ ကိုးနာရီတိတိတွင် ချိန်းထားသည်မဟုတ်ပါလား။

ဒီတော့မှ ဟန်ထွန်းတစ်ယောက် ခေါင်းနပမ်းကြီးသွားကာ ရေချိုးခန်းထဲ အမြန်ပြေးဝင်လေသည်။ မျက်နှာကိုအမြန်သစ်၊ သွားတိုက်ချိန် မရတော့သဖြင့် Listerine နှင့်ပလုတ်ကျင်းပြီး ညအိပ်ဝတ်စုံကို ဖြစ်သလိုချွတ်ချလိုက်၏။

နောက် . . . သူဝတ်နေကျ တီရှပ်နှင့်ဘောင်းဘီကို အလျင်အမြန်ပဲ ခန္ဓာကိုယ်ပေါ်စွပ်ချလိုက်ကာ မြင်းဘီးကိုယူ၍ အိမ်မှထွက်လာခဲ့ပါသည်။ အဲဒီနောက် သူက မြင်းဘီးကို 'အမေ့အိမ်' လက်ဖက်ရည်ဆိုင် မရောက်မချင်း အသားကုန် နင်းလာခဲ့၏။

ပထမဆုံး စချိန်းသည့်နေ့မှာပင် နောက်ကျနေသဖြင့် သူ့ကို တယောလေး စိတ်ပျက်သွားရင် ခက်ချေပြီ။ နာရီကို မသိမသာကြည့်လိုက်တော့ ကိုးနာရီဆယ့်ငါးမိနစ်ကျော်ကျော်တောင်ရှိနေပြီမို့ ဟန်ထွန်းက တယောကို ဆိုင်ထဲမှာ ပြူးပြဲ၍ရှာနေ၏။ ဒီအချိန်ဆို သေချာပေါက် သူမ ဆိုင်ထဲကိုရောက်နေရေမည်။ ဟန်ထွန်းသည် စားပွဲဝိုင်းရှိသမျှအကုန်လုံးကို တစ်ဝိုင်းချင်း သေချာလိုက်ရှာကြည့်သည်။

လိုက်ရှာသည်ဆို၍ သူက သူမကို တွေ့ဖူးတာလည်းမဟုတ်. . .။ တယောပြောပြထားသော အကျီအနက်ရောင်နှင့် ကောင်မလေးတစ်ယောက်ဆိုတာ ပဲသိသည်။

ဟန်ထွန်းက သူမ ဟန်းဖုန်းကို ဆက်ကြည့်လိုက်တော့ 'တယော' လေးက ဟန်းဖုန်းကို ပိတ်၍ထားသည်။ ယောကျ်ားလေးတန်မဲ့ စုပုပ်စုပုပ်လုပ်နေသော ဟန်ထွန်းကို တခြားဝိုင်းမှ ကောင်မလေးများက ရယ်သွမ်းသွားကြ၏။ သူက စိတ်ပျက်လက်ပျက်နှင့် စားပွဲတစ်ဝိုင်းမှာ ထိုင်ချလိုက်သည်။ လီမွန်တီး တစ်ခွက်နှင့် နာရီဝက်လောက် သူအချိန်ဖြုန်းပြီးသည်အထိ တယောက ရောက်မလာသေး။ ဟန်ထွန်းမှာ အကျီအနက်ဝတ်ထားသော ကောင်မလေးတွေကို လိုက်ကြည့်ရတာ ခေါင်းမူးလှပြီ။ သူ စိတ်လျှော့ထားလိုက်၏။ ထိုအခိုက် သူ့ရဲ့ဟန်းဖုန်းဆီမှာ မြည်သံကြားရပါသည်။ ဖုန်းနံပါတ်ကို သူကြည့်လိုက်၏။

'တယော'ဆိုမှါလား။ သူ့မျက်နှာပြုံးသွားကာ ဖုန်းကိုင်လိုက်ပါသည်။

"ဟဲလို. . ."

"အေး. . . ဟဲ့ . . . ဟန်ထွန်း နင်ဘယ်မှာလဲ"

"ငါလား နင်နဲ့ချိန်းထားတဲ့ 'အမေ့အိမ်'လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတာန်းပဲ. . ."

"ဟုတ်ပြီ၊ ငါလည်း အဲဒီဆိုင်ရှေ့မှာပဲ. . . တွေ့လား"

သူက ဆိုင်ရှေ့ကို အမြန်လှမ်းကြည့်လိုက်၏။ ဆိုင်ရှေ့မှာ လူတွေရှုပ်ထွေးပြီး အကျီအနက်နှင့်ဖုန်းပြောနေသော ကောင်မလေးတစ်ယောက်မှ မတွေ့ရသဖြင့် သူ စိတ်ညစ်သွားပါသည်။

"တယော. . . ဘယ်မှာလဲ နှင့်ကို ငါမတွေ့ဘူး"

"ဟာ. . . နှင်ကလည်း မတွေ့ဘူးလား၊ ဒုက္ခပါပဲ. . ."

"ငါလည်း သေချာကြည့်နေတာပဲ၊ တွေ့မှ မတွေ့တာ. . ."

"အဲဒါဆိုရင်. . . နှင် ဆိုင်အပြင်ကိုထွက်လာခဲ့. . . ဟုတ်ပြီလား"

ဟန်ထွန်းသည် ဖုန်းကိုချမထားဘဲ သူမ စကားအတိုင်း ဆိုင်အပြင်သို့ ထွက်လာရသည်။ သူက မေးလိုက်၏။

"တွေ့ပြီလား. . ."

"ဩော်. . . တွေ့ပြီ၊ တွေ့ပြီ. . ."

မြူးတူးသွားသော သူမအသံချွဲချွဲလေးတွေနှင့်အတူ လိမ္မော်ရောင်တီရှပ် နဲ့ကောင်မလေးတစ်ယောက်က သူ့ထံ အပြေးလျှောက်လာပါသည်။ ထိုတစ်ကြိမ် တည်းနှင့်ပင် ဟန်ထွန်း၏နှလုံးသားမှာ သူမပုံရိပ်တွေ စွဲထင်၍ကျန်ရစ်ခဲ့၏။ သူမအသံ လေးကို ကြားဖူးလိုက်စဉ်ကလည်း အဲဒီလိုခံစားမှုမျိုး တစ်ခါဖြစ်ဖူးသည်။ ဟန်ထွန်း က အနားရောက်လာသော သူမအား ပြုံးပြုံးလေးမေးလိုက်၏။

"ပြောတုန်းက အကျီအနက်ရောင် ဝတ်လာခဲ့မယ်ဆို. . ."

"အဟီး. . . ဟုတ်တယ်၊ ဒါပေမဲ့ ဒီကိုထွက်လာခါနီးမှ အကျီအနက် ရောင်တွေက တစ်ထည်မှ လျှော်ပြီးသားမရှိလို့. . . ဆောရီး၊ ဆောရီး. . ."

"ဟုတ်ပါပြီ၊ အဲဒါကိုထားလိုက်ပါတော့. . . မနက်ကိုးနာရီတိတိမှာ ဒီဆိုင်ကို ရောက်မယ်ဆိုတာကျတော့ရော. . ."

"ဩော်. . . အဲဒါလား. . . ဟိုလေ. . . ဟို. . . ဟဲ. . . ဟဲ"

"ပြောစမ်းပါဦး. . ."

"အဲဒါက အိပ်ရာမနိုးလို့ပေါ့၊ ဒါလေးတောင် မသိဘူးလား"

"အမ်. . ."

ဟန်ထွန်းမှာ ခံနေရလေသည်။ ဘယ်လိုကောင်မလေးပါလိမ့်။ သူက လည်း ရောက်ကတည်းကသာ ပြီးတော့ သူ့ကိုတောင် ပြန်ဟောက်နေ၏။ ဒါပေမဲ့ သူမှန်းသလို ထိတွေ့ဆက်ဆံရတာကို သူမျှော်လင့်ပါသည်။

တယောက သူ့ကိုဖုန်းထဲမှာ စကားပြောခဲ့သော ရင်းနှီးမှုအတိုင်း အပြင်မှာ ပါ တရင်းတနှီးရှိလှ၏။ သူမရဲ့ ဂျစ်ကပ်ကပ် ရွှဲစောင်းစောင်း အမူအရာတွေအောက် မှာ ခဏလေးနှင့် သူ ရောဂါသည်းသွားရသည်။ သူမက သူ့ကို ဆိုင်ထဲသို့ ဦးဆောင်ပြီးခေါ်သွား၏။

"လာ. . . ဟန်ထွန်း ငါဗိုက်ဆာတယ်၊ နင်ငါ့ကို မုန့်ကျွေးရမယ်"

'အမေ့အိမ်' လက်ဖက်ရည်ဆိုင်ဆိုတာ သိပ်အကြီးကြီး မဟုတ်သော် လည်း မုန့်တွေ၊ အသုပ်တွေနှင့် အခြားစားသောက်ဖွယ်ရာတွေကို ရနိုင်သောဆိုင် မျိုးဖြစ်သည်။ ဒီဆိုင်က သူထိုင်နေကျမို့ ဆိုင်ရှင်ရော၊ စားပွဲထိုးလေးတွေနှင့်ပါ ရင်းနှီးနေ၏။ သူမလို လှတပတ မိန်းကလေးခေါ်သည်ပါလာသဖြင့် စားပွဲထိုးလေး တွေက သူ့ကို ထူးဆန်းနေကြသည်။ တယောက ထိုအချက်ကို သတိထားမိပြီး မေးလိုက်ပါသည်။

"ဟန်ထွန်း. . . ဒီဆိုင်က နင်ထိုင်နေကျလား"

"ဟုတ်တယ်လေ. . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ငါ့ကို ထူးဆန်းတွေလာ သတ္တဝါတစ်ကောင်လို မြူးတူး ပြတဲ့နဲ့ ဝိုင်းကြည့်နေကြတာ. . . နင်မမြင်ဘူးလား"

"အေးနော်. . . သနားစရာပဲ၊ သူတို့ဘဝမှာ ဒီလောက်လှတဲ့ ကောင်မ လေးမျိုးကို အခုမှ အရှင်လတ်လတ် မြင်ဖူးကြတယ်ထင်ပါရဲ့. . ."

သူ့ရဲ့မြှောက်ပင့်ချီးမွမ်းစကားကို သူမက ချက်ချင်း တုံ့ပြန်လိုက်ပါ၏။

"လဲသေလိုက်. . . "တဲ့။

ဟန်ထွန်းမှာ တယော၏ အသံချွဲချွဲစွာစွာလေးကို သဘောကျစွာရယ်နေ မိသည်။ နောက် . . . သူကအနားတွင် ဝိုင်းအုံကြည့်နေသည့် စားပွဲထိုးလေးတွေထဲမှ ဖုန်းနိုင်ဆိုသော ကောင်လေးကိုရွေးပြီး လက်ယပ်ခေါ်လိုက်၏။ အဲဒီဖုန်းနိုင်ဆိုတဲ့ ကောင်လေးက ဖင်ပေါ့ါသည်၊ သူခိုင်းရင်လည်း ဂရုတစိုက်နှင့် မြန်မြန်ဆန်ဆန် လုပ်ပေးတတ်သည်။ တခြားသော စားပွဲထိုးလေးတွေထက် ဖုန်းနိုင်က အသက် ဆယ်ရှစ်ခန့် ပိုကြီးပေမယ့် မသိလျှင် အတူတူလို့ပဲထင်ရသည်။ သူသည် ဘောင်းဘီ

တိုလေးတွေကိုသာ အမြဲဝတ်တတ်သူ၊ ညနေဆိုင်သိမ်းလျှင် သူ့ထက် ဆယ်နှစ်လောက်ငယ်သည့် ကလေးတွေကြားမှာ ဘောလုံးကန်နေတတ်သူ၊ သက်ကြီးပုလုငယ်လေး တစ်ယောက်မျှသာဖြစ်၏။ ဖုန်းနိုင်က သူ့အနားမှာ ရိုကျိုးစွာ လာမေးသည်။

"ဘာမှာမလဲ အစ်ကို. . ."

"အေး. . . ဒီမှာ ဗိုက်ဆာလို့တဲ့၊ မင်းတို့ဆိုင်မှာ ဘာတွေရတယ်ဆိုတာ သူ့ကိုရွတ်ပြလိုက်. . ."

တယောနှင့်ဖုန်းနိုင်တို့ အကြည့်ချင်းဆုံသွားတော့ ဖုန်းနိုင်က ရှက်ကာ ခေါင်းငုံ့သွားပြီး ဆိုင်တွင်ရနိုင်သော အစားအသောက်တွေကို ဆက်တိုက်ရေရွတ်ခလေတော့သည်။

"လက်ဖက်ရည်၊ ကော်ဖီ၊ အအေး၊ စမူဆာ၊ အီကြာကွေး၊ ပူတင်း၊ ပလာတာ၊ ကြက်ပေါင်၊ ပြီးတော့. . . နန်းကြီး၊ မုန့်ဟင်းခါး၊ ရှမ်းခေါက်ဆွဲ၊ မြီးရှည်၊ ဆန်စီး . . . အဲဒါတွေရမယ်"

တယောမှာ ဒီလောက်အရွယ် ချာတိတ်လေးက သူမနှင့်မျက်လုံးချင်း ဆုံမိလို့ ရှက်ရွံ့သွားသည့်အဖြစ်အား ရယ်ချင်နေ၏။ ဖုန်းနိုင်ကလည်း သူရွတ်ပြသော စားသောက်ဖွယ်ရာတွေကို ဘာတစ်ခုမှ မမှာဘဲ သူ့ကို ပြုံးပြုံးကြီးကြည့်နေသည့် တယောကြောင့် ပို၍ရှက်အမ်းအမ်းဖြစ်သွားရသည်။ သူမက ဟန်ထွန်းဆီလှမ်းကြည့်၏။ ဟန်ထွန်းက သဘောကျပေါက်စွာ ပြုံးစိစိလုပ်နေရာမှ အခြေအနေကို ဝင်ထိန်းပေးလိုက်သည်။

" ကဲ . . . တယော၊ နင်ဘာစားမှာလဲ၊ မှာလေ. . ."

" ဝေလငါးကြော်. . . "

သူမ၏ ခပ်တည်တည်ပုံစံကြောင့် ဖုန်းနိုင်က. . .

" အဲဒီငါးကြော်တော့ မရဘူးအစ်မ။ ဒီနေ့ ကျွန်တော်တို့ စားပွဲထိုးတွေ အတွက်ဆို ငါးဒိုတုကြော်တော့ရှိတယ်။ ကျွန်တော့် ဝေစုကို အစ်မစားမလား. . ."

တယော နောက်လိုက်တာကို မသိဘဲ ဖြေတနာပေလွှနှင့် တကယ်

အတည့်ကြီးပြောနေသော ဖုန်းနိုင်ကြောင့် သူမလည်း သနားသွားဟန်တူပါသည်။ ဟန်ထွန်းက ခေါင်းတယမ်းယမ်းလုပ်နေ၏။

" အေး. . . စားမယ်ဟာ. . . "

သူမဆီမှ မထင်မှတ်သောစကားကိုကြားတော့ ဟန်ထွန်းက ဟန့်တားရန် ပြင်ဆင်လိုက်ရုံရှိသေး၏။ ဖုန်းနိုင်က လှစ်ခနဲ ဆိုင်နောက်ဘက် ဝင်သွားပါတော့သည်။ ဟန်ထွန်းက သူမကို ကြိတ်၍ဆူရသည်။

" ဟဲ့. . . တယော၊ နင်က သူ့ဟင်းကိုစားတော့ သူက ဘာနဲ့ထမင်းသွားစားမလဲ။ သူတို့ ဒါပဲစားဖို့ရှိတာကို. . . "

" နင်ကလဲဟာ. . . သူ့ဟာကို ငါအလကားမစားပါဘူးဟ. . . ။ သူတခြားဟာ ဝယ်စားလို့ရအောင် ငါတို့က မုန့်ဖိုးပေးလိုက်မှာပေါ့။ မကောင်းဘူးလား။ သူက ပိုတောင်သဘောကျဦးမယ် "

သေချာစဉ်းစားကြည့်လိုက်တော့ သူမ ပြောတာ အဟုတ်သားပင်. . . ။ သူလည်း ဘာဆက်ပြောရမှန်းမသိဖြစ်နေစဉ် ဖုန်းနိုင်က သူ့ဟင်းခွက်ကိုယူ၍ ပြန်ရောက်လာ၏။ ဟန်ထွန်းက ဟင်းခွက်ကို လှမ်းကြည့်လိုက်တော့ ရေတာ်သီးနိုင်းချင်းနှင့် ငါးနီတူကြော် ဆယ့်ငါးကောင်လောက်မှာ စားချင်စဖွယ်မရှိ. . . ။

ဒါကို တယောက ဝမ်းသာအားရ ဖြစ်နေရှာသည်။ နတ်သုဒ္ဓါ စားရတော့မည့်ကဲ့သို့ နှုတ်ခမ်းကို လျှာနှင့်သပ်လိုက်သေး၏။ ပြီးတော့ သူမက ဖုန်းနိုင်ကို ထမင်းဖြူတစ်ပွဲမှာပြီး ငါးနီတူကြော်နှင့် ရေတာ်သီးအစပ်များအား သူ့ကိုပင်လှည့်မကြည့်ဘဲ တရှူးရှူးတရှဲရှဲနဲ့ စားနေပြန်သည်။ သူ ဘာတတ်နိုင်မည်နည်း။

ဟန်ထွန်းမှာ သူမရဲ့ကလေးဆန်ဆန် ဖြူမှုလှုပ်ရှားမှုများကို ဘေးမှ ချစ်မြတ်နိုးစွာ ထိုင်ကြည့်နေရုံသာ တတ်နိုင်တော့သည်။ ဖုန်းနိုင်သည် သူကျွေးသည့်ဟင်းတွေကို တယောက အားပါးတရ စားနေသဖြင့် သဘောတွေကျနေ၏။ ဆယ်မိနစ်လောက်ကြာတော့ တယောက ထမင်းစားလို့ ပြီးသွားခဲ့သည်။ သို့သော် နောက်ဆက်တွဲပြဿနာအဖြစ် သူမက လျှာထုတ်ကာ လက်ဖဝါးဖြင့် ယပ်ခတ်ရသည်အထိ စပ်နေလေ၏။ သူမက စကားကိုလာတစ်လုံးမှာတော့ ဖုန်းနိုင်မှာ

အမြန်ဆုံးနှုန်းဖြင့် ထွက်သွားသည်။ ပြန်ရောက်လာတော့ . . .

" အစ်မ တေးကိုလာက ကုန်နေတယ်ခင်ဗျ. . . အောရင့်ဖြစ်ဖြစ်၊ လိုင်ချီးဖြစ်ဖြစ် သောက်ပါလား။ အေးတယ် အစ်မ"

"အဲဒါမျိုးတွေ မသောက်ချင်ပါဘူး။ ဒါဆို ရေအေးအေးလေးပဲ ယူလာခဲ့တော့. . . မြန်မြန်သွား။ ဒီမှာစပ်လို့. . ."

ဖုန်းနိုင်က ချက်ချင်းပြေးထွက်သွားပြီး သိပ်မကြာခင် ရေသန့်တစ်ပုလင်း ယူလာပေးသည်။ သူ မနေနိုင်တော့ဘဲ ရေသန့်ဘူးကို သူမ အဆင်သင့်သောက်ရအောင်ဖောက်၍ ဖန်ခွက်ထဲ ငှဲ့ပေးလိုက်၏။ သူမက ဂွပ်ခနဲမော့ချလိုက်ကာ. . .

" ရေက သိပ်မအေးဘူး"

ဟုအပြစ်တင်ပါသည်။

" နင့်မှာလည်း ဒုက္ခတွေချည်းပဲ။ အေးချင်ရင် အောရင့်တို့၊ လိုင်ချီးတို့ သောက်ပါလား။ သေချာတဲ့ဟာကို မလုပ်ဘဲ လျှာရှည်တာကိုး. . ."

" နင်က အဲဒီ အောရင့်တို့၊ လိုင်ချီးတို့ကို သောက်သလား "

" အေး. . . သောက်တယ်၊ ဘာဖြစ်လို့လဲ "

" ငါဆို အဲဒီလိုအအေးတွေ မသောက်ဘူး "

" အောင်မာ. . . ကြီးကြီးကျယ်ကျယ်နဲ့ ဒါဖြင့် စောစောက ဘာဖြစ်လို့ တေးကိုလာ မှာသေးလဲ "

တယောသည် သူ့ကိုသနားသွားသလို အထက်စီးနင်း ကြည့်လိုက်ပါသည်။ နောက်. . . သူ့ကို လေသံအေးအေးဆေးဆေးဖြင့် ရှင်းပြ၏။

" ဒီလိုလေဟာ. . . အအေးကို ဒါမျိုးပုလင်းနဲ့ ဒီလိုတေ့(စ်)မျိုး ထုတ်လုပ်တဲ့သဘောက ကိုလာအရသာအတွက်ပဲ။ အောရင့်တို့၊ လိုင်ချီးတို့လိုဟာတွေကို ငါက ဒီလိုပုလင်းနဲ့ဆို ဘယ်တော့မှသောက်လေ့မရှိဘူး။ သောက်ရင်လည်း သံပရာရည်အစစ်၊ လိုင်ချီးဖျော်ရည်အစစ်မှ သောက်တယ် "

အခုလို သူမကရှင်းပြလိုက်တော့လည်း ဟုတ်တုတ်တုတ်ပဲ။ သူက အားနာစွာပဲ ဟုသော သူမ၏ တွေးခေါ်စဉ်းစားပုံတွေကို မှတ်သားနေမိသည်။ အနည်း

ယ်အစပ်ပြေသွားတော့ တယောက စားပွဲပေါ်တင်ထားသည့် သူ့ပိုက်ဆံအိတ်ကို ခပ်တည်တည်နဲ့ယူလိုက်၏။ ပုံသဏ္ဍာန်ဆန်းဆန်းလေးမို့ စပ်စုရအောင် ကြည့်တာ ဖြစ်မှာဟု တွေးနေတုန်း သူမက ပိုက်ဆံအိတ်ထဲမှ ငါးရာတန်တစ်ရွက်ကို ထုတ်ယူပြီး ဖုန်းနိုင်အား လှမ်းခေါ်လိုက်ပါသည်။ သူကား ကြောင်၍ကြည့်နေဆဲ . . .။

" ရော့. . . နင့်အတွက် မုန့်ဖိုး "

ဖုန်းနိုင်ဆိုသည့် ချာတိတ်က ဒါမျိုးအခွင့်အရေးကို စောင့်မျှော်နေတတ်သူပီပီ ငါးရာတန်ကို တခြားလူတွေ မမြင်အောင် အမြန်ယူကာ သူ့ဘောင်းဘီနှင့် လိပ်ပြီးဝှက်လိုက်၏။

ဘယ်လိုလဲဟ. . .။ ငါ့ပိုက်ဆံကိုယူပြီး မပြောမဆိုနဲ့။ ဟန်ထွန်းက နှုတ်မှမထွက်ဘဲ စိတ်ထဲတွင်သာ ပြောမိခြင်းဖြစ်သည်။ သူ့ပါးစပ်က မပြောသော်လည်း သူ့မျက်လုံးတွေဆီမှ သူမက အဓိပ္ပာယ်ဖော်တတ်သွားပါသည်။

" ဘာကြည့်တာလဲ၊ နင်ပဲ ငါ့ကို မုန့်ကျွေးမယ်ဆို. . . အခုငါက သူ့ဟင်းတွေ စားလိုက်တာဆိုတော့ နင်ကျွေးတဲ့သဘောဖြစ်အောင် နင့်ပိုက်ဆံနဲ့ သူ့ကို မုန့်ဖိုးပေးလိုက်တာလေ. . . "

ဒါလည်းဟုတ်ပေသားပဲ။ ဟန်ထွန်းမှာ ဒီတစ်ခါလည်း ဘာမှပြောစရာ ရှာမတွေ့တဲ့ သူမ၏အပြုအမူကို လက်ခံလိုက်ရပြန်သည်။ သူ့စိတ်ထဲတွင် သူမနှင့်ပတ်သက်၍ ကြည့်နူးလာသလိုလို ခံစားရလေ၏။

ထိုနေ့က သူတို့နှစ်ယောက် 'အမေ့အိမ်' လက်ဖက်ရည်ဆိုင်မှာ ညနေဆိုင်သိမ်းချိန်အထိ ထိုင်ဖြစ်ခဲ့ကြသည်။ ဖေဖေက သူ့ကို ဖုန်းဆက်ခေါ်မှ သူတို့ အိမ်ပြန်ဖို့ သတိရလေသည်။

စကားတွေပြောရင်းနှင့် သူတို့နှစ်ယောက်သည် ငြိတွယ်မှုတစ်ခုကို အစပျိုးခဲ့မိ၏။ အဲဒီနောက် တစ်ယောက်ကိုတစ်ယောက် ဘာကြောင့် လိုအပ်နေရသလဲဆိုသည့် အဖြေမရှိသော မေးခွန်းတစ်ခုက သူတို့ကြားမှာ ဖြစ်ပေါ်လာခဲ့ပါသည်။

◈ ◈ ◈

## အခန်း ( ၅ )

အခုတလော ဟန်ထွန်းတစ်ယောက် ထူးဆန်းစွာ သူ့ကိုယ်သူ စိတ်ကျေနပ်လျှက်ရှိပါသည်။ သူက ကိုကိုမင်းထွန်း၏အရိပ်မှ လွတ်ကင်းသော သူ့ကိုယ်ပိုင်ဘဝလေးကို ရတော့မည်ဟု တွေးတောကာ ဝမ်းသာနေမိ၏။

အလုပ်ထဲမှာလည်း မေမေကအစ ကုမ္ပဏီမှ လုပ်ဖော်ကိုင်ဖက်များအားလုံးက သူ့အရည်အသွေးတွေကြောင့် ဟန်ထွန်းအဖြစ် အသိအမှတ်ပြု၍ ဆက်ဆံလာကြသည်။ အထူးသဖြင့် တယောနဲ့ပတ်သက်ပြီး သူနှင့်ကိုကိုသည် တသီးတခြားစီ ရပ်တည်နေခြင်းကို ဟန်ထွန်း ကျေနပ်သည်။ ကိုကိုနှင့်သူမသည် အပြင်မှာလုံးဝမတွေ့ဆုံခဲ့ဖူးသော်လည်း အခု သူတို့နှစ်ယောက်က တစ်ပတ်မှာတစ်ခါလောက် ပုံမှန်တွေ့ဖြစ်နေ၏။

သူမသည် ကိုကို့ရဲ့ကောင်းကင် မဟုတ်တော့၊ သူ့ရဲ့ ရဲရင့်သော တယောလေး ဖြစ်လာသည်။ တစ်ယောက်အကြောင်းတွေတစ်ယောက် အပြန်အလှန်ပြောပြီး ရွေးချယ်သည့် နားထောင်မှုတစ်ခုကိုလည်း သူတို့ထူထောင်ထား

နိုင်ခဲ့သည်။

သူမအကြောင်းတွေ သိရသောအခါ ဟန်ထွန်းမှာ သနားကရုဏာသက်ရသည်။ တကယ်တော့ သူမသည် သူ့လိုပင် မိတဆိုးလေးတစ်ဦးဖြစ်၏။ တယောအဖေမှာ နောက်အိမ်ထောင်နှင့်မို့ သူမက ဖခင်မေတ္တာကိုလည်း အပြည့်အဝ မရရှာပေ။ နှလုံးအားနည်းသည့်ရောဂါရှိပြီး ကျန်းမာရေးချူချာသဖြင့် သူမသည် တက္ကသိုလ် ပထမနှစ်မှာပဲ ကျောင်းထွက်ခဲ့ရ၏။ သူမရဲ့အဖေ ဦးအောင်ပြည့်မှာ ပွဲရုံနှင့်ဆန်စက်လုပ်ငန်းများဖြင့် စီးပွားရေးတွင် အောင်မြင်နေသူတစ်ယောက်မို့ တယောအတွက် ငွေကြေးနဲ့ပတ်သက်လို့ ပူပင်စရာမရှိ. . .။ ဒါပေမဲ့ သူမမှာ ဂရုစိုက်မှုနှင့် မေတ္တာတရားတော့လိုနေ၏။

ဦးအောင်ပြည့်သည် နောက်အိမ်ထောင်နှင့် ကလေးထပ်မရသဖြင့် တစ်ဦးတည်းသောသမီးလေးကို အလွန်ချစ်သည်။ ထို့အတူ သူ့မိန်းမ ဒေါ်ယမင်းကိုလည်း ချစ်သည်။ အဲဒီလို အပြိုင်ဖြစ်လာတော့ သမီးအပေါ် သူပျက်ကွက်ခဲ့ရ၏။ တစ်ဖက်ကလည်း စီးပွားရေးလုပ်ငန်းတွေက ရှိနေသဖြင့် ဦးအောင်ပြည့်အတွက် အားလပ်ချိန်ဆိုတာ ရှားလိုပဲရှားပါးလှသည်။ ဒေါ်ယမင်းမှာ မိထွေးဆိုပေမယ့် တယောလေးကို ချစ်ပါသည်။ သူမပေါင်ပေါက်ဆိုလျှင် ဒေါ်ယမင်းသည် သမီးအရင်းနှင့်မခြား သည်းသည်းလှုပ်ပင်. . .။နောက်. . . သူမအရွယ်ရလာတော့ မိထွေးဆိုသောအသိကြီးက ခေါင်းထဲရောက်လာ၏။ ဒီလိုနှင့် သူမတို့နှစ်ယောက်လည်း တဖြည်းဖြည်းစိမ်းသွားခဲ့ကြသည်။

တယောသည် ကျောင်းမတက်ရတော့ချိန်မှစပြီး အိမ်မှာ တစ်ယောက်တည်း အထီးကျန်ဆန်လာ၏။ စာအုပ်တွေ၊ သီချင်းခွေတွေနှင့် ရုပ်ရှင်ဇာတ်ကားတွေမှာ သူမအတွက် အကောင်းဆုံးအဖော်များ ဖြစ်ကြလေသည်။

ပြီးခဲ့သည့်နှစ်က ဖေဖေ့ဆီမှရသော မွေးနေ့လက်ဆောင်မှာ သူမရဲ့ နောက်ဆုံးအဖော်ဖြစ်လာခဲ့သည်။ ထိုအရာမှာ တခြားမဟုတ်၊ G.S.M မိုဘိုင်းဖုန်းလေးတစ်လုံးပဲ ဖြစ်ပါသည်။

ထိုဖုန်းလေးကြောင့်ပင် သူမနှင့်မင်းထွန်းတို့ ရည်းစားတွေဖြစ်ခဲ့ရ၏။

ဆက်ပြီး ဟန်ထွန်းနဲ့ပါ အခုလိုထပ်၍ ရေစက်ဆုံခဲ့၏။

ပြီးတော့သူမသည် အရင်တုန်းကလို အိမ်တွင်းပုန်းမလေးတစ်ယောက် မဟုတ်တော့. . .။ ဦးအောင်ပြည့် အိမ်မှာမရှိချိန်များတွင် ဟန်ထွန်းနှင့်ချိန်း၍ အပြင်နိုးထွက်တတ်သော လူလည်မလေးဖြစ်နေလေပြီ။

မိဘမေတ္တာကို အပြည့်အဝ မခံစားရရှာသော ထိုသူမက ဆန်းကြယ်သည့် ချစ်ခြင်းတစ်ခုအား စူးစမ်းကြည့်နေပါသည်။ ဘယ်သူမပြု မိမိမှုပင် မဟုတ်ပါလား။

◈

မိုးဖွဲဖွဲရွာသွန်းနေသော တနင်္ဂနွေညနေခင်းသည် ပုံမှန်ဆို တော်တော်ပျင်းရိငြီးငွေ့စရာကောင်းလှ၏။ ဒါပေမဲ့ အခု ဟန်ထွန်းက အဲဒီလိုမဟုတ်. . .။ 'အမေ့အိမ်' လက်ဖက်ရည်ဆိုင်၏ ထောင့်စွန်းဝိုင်းမှာ သူက ရင်ခုန်စွာဖြင့် တစ်စုံတစ်ယောက်အား စောင့်မျှော်နေလေသည်။

သူ ဘာကိုမျှော်နေသည် ဆိုတာကိုသိသော စားပွဲထိုးလေး ဖုန်းနိုင်လည်း ဟန်ထွန်းအား ဝိုင်းကူစောင့်မျှော်ပေးလျက်ရှိ၏။ ဖုန်းဆက်တော့ သူမက ဆက်သွယ်မှုဧရိယာပြင်ပမှာ ရောက်နေသည်။

တယောက ဘယ်မှာလဲ။ သူ့ဆီလာနေတာလား။ တစ်ခါတစ်ရံ ကားစီးနေချိန်များတွင် ဖုန်းတွေက လိုင်းမမိတဲ့ရှိတတ်၏။ ဟန်ထွန်းသည် တယောရဲ့ ဖုန်းကိုခေါ်မရသဖြင့် မကျေမနပ်နဲ့ ထပ်ကာထပ်ကာခေါ်နေမိသည်။ သို့သော်. . . အပြောကတော့ ဆက်သွယ်ရန် ဧရိယာပြင်ပရောက်နေသည်ဟူ၍ တစ်ခုတည်းဖြစ်ပါသည်။

သူက စိတ်တိုတိုနှင့်ဖုန်းကို တောက်လျှောက်ဆက်ခေါ်နေမိ၏။ ရုတ်အရက် သူ့နောက်ကျောဘက်မှ ရနံ့စိမ်းစိမ်းလေးတစ်မျိုးရလိုက်သည်။ ဟန်ထွန်း အံ့ဩသွားပြီး လှည့်ကြည့်လိုက်တော့လည်း သူထင်ထားသလို တယောပဲဖြစ်

နေလေ၏။ သူမက သူ့ကိုပြုံးပြကာ ခေါင်းမှာဝင်ထိုင်ပါသည်။ သူမကိုယ်ပေါ် မှိုးနည်းနည်းစိုထားတာတွေ့ရ၏။

"ဘယ်လိုဖြစ်ပြီး နင့်ဖုန်းက ဆက်သွယ်မှုဧရိယာပြင်ပ ဖြစ်နေရတာလဲ"

"ဗုဒ္ဓေါ. . .ငါ့ဖုန်းက ဒီမှာလေ"

သူက ဖုန်း Display ကို တစ်ချက်ကြည့်ပြီးပြောလိုက်၏။

"နင့်ဖုန်းကလည်း တိုင်မိရဲ့သားနဲ့ ငါ့ဖုန်းကို ဘာဖြစ်လို့ ဆက်သွယ်မှု ဧရိယာပြင်ပလို့ ပြန်ဖြေနေရတာလဲ"

"မှန်းစမ်း. . ."

တယောက သူ့ဖုန်းကိုတောင်းကာ သူမရဲ့ဖုန်းဆီလှမ်းခေါ်ကြည့်နေ၏။ အခုမှ သူမလည်း တအံ့တသြနဲ့ ယုံသွားပါသည်။

"ဟယ်. . . အေးနော်၊ ဘယ်လိုကြီးလဲ၊ ဒီနားနဲ့ဒီနား ကပ်ခေါ်နေတဲ့ ဟာကို . . .ကြည့်စမ်း. . . ဟားဟားဟား. . . ရယ်ရတယ်"

"အေး. . . ဖုန်းတွေကလည်း ငါတို့တဝတွေပါပဲဟာ၊ အဲဒီလိုရယ်မောပြီး ခွင့်လွှတ်တတ်ဖို့ပဲလိုတယ်"

"နင့်စကားက ဘာအဓိပ္ပာယ်လဲဟ. . ."

"သြော်. . . တစ်ခါတစ်လေကျရင် ငါတို့နှစ်ယောက်မှာ နီးနီးလေးနဲ့ မတွေ့မြင်နိုင်ကြတာမျိုးတွေ ရှိတတ်တယ်လေ တယော့ရဲ့"

"အင်း. . . အဲဒီတော့. . ."

"အဲဒီအခါကျရင် ငါတို့က အခုဖုန်းတွေ ကြောင်နေတာကိုကြည့်ပြီး ရယ်မောခွင့်လွှတ်နေသလိုမျိုးပဲ စိတ်ထားနိုင်ရမယ်၊ ငါပြောတာကို သဘောပေါက်ရဲ့ လား။ တယော. . ."

ထိုအခါ သူမက သူ့ကို အလေးအနက် ခေါင်းညိတ်ပြပါသည်။ အေးစက်သောအငွေ့အသက်များက သူတို့အနီးတစ်ဝိုက်၌ ဝေ့ဝဲနေပုံမှာ တစ်မျိုးလွမ်းစရာ ကောင်းနေ၏။ နှစ်ယောက်သား တိတ်ဆိတ်စွာအကြည့်များကို ပို့လွှတ်ထားကြ သည်။ အရာရာသည် ဆွေးမြေ့အရည်ပျော်ကျသွားတော့မယ့်အတိုင်း ငြိမ်သက်

နေပါ၏။

ငါ့ရင်ထဲကစကားတွေကို ပြောစရာမလိုဘဲ နင်သိသွားရင် သိပ်ကောင်းမှာပဲ တယောရယ်. . .။

ထိုအခိုက် သူတို့နားသို့ လက်ဖွေ့ထိသည်ကြီးတစ်ယောက်က အော်ကျယ်အော်ကျယ်နှင့် ရောက်လာသည်။ နောက်. . .ထိသည်က တစ်ပိုင်းချင်းလိုက်ပြီး ထိလက်မှတ်တွေကို အာဝဇ္ဇန်းရွှင်ရွှင်ပြောရင်း ရောင်းနေ၏။ တယောကပြောသည်။

"အဲဒီလူကြီးက စကားပြောတတ်လိုက်တာနော်၊ တော်ရုံတန်ရုံလောက်ကတော့ ကြွေသွားမယ်၊ သူငယ်ငယ်ကဆိုရင် အဲဒီအရွယ်မျိုးနဲ့ ကောင်မလေးတွေ တော်တော်ကြွေကြမှာပဲ. . ."

"လျှောက်ပြောမနေစမ်းပါနဲ့ ငါဆိုရင် သူ့ထက်အပြောကောင်းသေးတယ်၊ ဘာကောင်မလေးမှ အနားမှာမရှိဘူး"

"နင်က သူ့ထက်အပြောကောင်းတယ်. . . ဟုတ်လား၊ မဖြစ်နိုင်တာ ဟန်ထွန်းရာ. . ."

"အေး. . . နင်မယုံဘူးဆိုရင် ငါ အဲဒီလူကြီးကို လုံးဝမျောသွားအောင် ပြောပြမယ်၊ လောင်းမလား"

"သိပ်လောင်းတာပေါ့၊ ပြော. . . ဘာကြေးလဲ"

ဟန်ထွန်းက ခဏမျှစဉ်းစားနေ၏။ ပြီးတော့မှ. . .

"ငါနိုင်ရင် နင်ကငါ့ကို လူကြားထဲမှာ ငါပြန်ကြိုက်လာတဲ့အထိ ရည်းစားစကားပြောရမယ်၊ တကယ်လို့ နင်နိုင်သွားခဲ့ရင် ငါဘာလုပ်ပေးရမလဲဆိုတာ နင့်ဘာသာနင်ပြော. . ."

"အေး. . . ဟုတ်ပြီ ဟန်ထွန်း၊ နင်ရှုံးလို့ရှိရင် ငါ့ခွင့်ပြုချက်မရဘဲ ဘယ်ကောင်မလေးကိုမှ နင် ရည်းစားစကားမပြောရဘူး၊ ဘယ်လိုလဲ. . ."

"အိုကေ. . . စိမ်လိုက်လေ. . ."

ထိုသို့ သူတို့နှစ်ယောက် သဘောတူညီမှုရသွားပြီး မိနစ်ပိုင်းအတွင်းမှာပဲ

ထီသည်ကြီး သူတို့ဝိုင်းသို့ရောက်လာ၏။

"ကဲ. . . ဟောဒီက ညီနဲ့ညီမတို့. . . အခုချိန်ကစပြီး ကံကောင်းပြီလို့ သာမှတ်လိုက်တော့. . ."

ဟန်ထွန်းက မှုန်ကုပ်ကုပ်ပုံစံနဲ့ ထီသည်ကို ပြန်မေးလိုက်သည်။

"ဘာဖြစ်လို့. . . ကံကောင်းပြီလို့ မှတ်ရမှာလဲ"

"ဒီမှာလေ. . . ငါ့ညီတို့ အစ်ကိုနဲ့တွေ့နေပြီလေ၊ ကြည့်စမ်းပါဦး၊ နှစ်ယောက်စလုံး အသက်ငယ်ငယ်လေးတွေပဲ၊ ဘုန်းကံကြီးမြင့်ဦးမယ့် ရုပ်လက္ခဏာနဲ့ သူဌေးလောင်းလေးတွေပါလားကွ. . . ဟေ. . ."

"ဟုတ်လို့လားဗျ"

"ဟုတ်တာမှ သိပ်ဟုတ်. . .၊တကယ့်သူဌေးဥပဓိရုပ်လေးတွေ"

"အစ်ကို. . ."

"ပြောလေ. . . ညီလေးရဲ့၊ ဘာပြောမလို့လဲ"

"ဟို အစ်ကိုပြောတဲ့ သူဌေးဆိုတာ ပိုက်ဆံဘယ်လောက် ချမ်းသာတာမျိုး ကိုခေါ်တာလဲ"

ထီသည်က ဟန်ထွန်းရဲ့စကားကို အကြိုက်တွေ့သွားပုံဖြင့် သူ့ထီလက်မှတ်တစ်အုပ်ကို ထုတ်ပြလိုက်၏။

"ဒီမှာလေ. . . ဒါမျိုးတစ်အုပ်ပေါက်လိုက်ရင် သူဌေးဖြစ်ပြီပေါ့ကွ"

"အဲဒါပေါက်ရင် ဘယ်လောက်ရမှာလဲ"

"သိန်း(၅၀၀)လေကွာ. . . သိန်း(၅၀၀)ကြီးများတောင်ကွ၊ ငါ့ညီတို့ သူဌေးဖြစ်ပြီ. . . ဟဲဟဲ"

ထိုအခါ ဟန်ထွန်းက သေချာပိုင်နိုင်မှုတစ်ခု ရသွားသလို ပြုံးလိုက်ပါသည်။ ပြီးတော့ သူက ထီသည်ကြီးကိုပြော၏။

"ကြွားတယ်လို့မထင်ပါနဲ့ အစ်ကို. . . ကျွန်တော်က ယုဇနထရေးဒင်းကုမ္ပဏီရဲ့ မန်နေးဂျင်းဒါရိုက်တာ ဦးအောင်ထွန်းရဲ့သား ဟန်ထွန်းပါ၊ ကျွန်တော်တို့နေတဲ့ခြံဟာ သိန်းသုံးထောင်အထက်မှာ တန်ကြေးရှိပါတယ်၊ တခြားပိုင်ဆိုင်မှုတွေ

ကိုတော့ ထည့်မပြောတော့ပါဘူး။ ဆိုလိုတာက ကျွန်တော်ဟာ အစ်ကိုပြောသလို သိန်း(၅၀၀)ပေါက်မှ သူဌေးဖြစ်မှာမဟုတ်ပါဘူး။ နဂိုထဲက သူဌေးပဲဥစ္စာ. . .''

ပြောပြီး ဟန်ထွန်းက တမင်ခပ်ကြွားကြွားလေး ခေါင်းကိုမော့ထားလိုက်၏။ ထိသည့်ကြီးက ဒါလောက်နဲ့ စိတ်လျှော့မည့်ပုံမပေါ်ပေ။

''ဟဲဟဲဟဲ. . . ငါ့ညီကလည်းကွာ ဒီဘဝမှာ သူဌေးဖြစ်နေရတဲ့ ညီလေးရဲ့ ကုသိုလ်ကံအကျိုးပေးက နည်းတာမှမဟုတ်တာ။ ဟော. . . အဲဒီလို ဘုန်းကံမျိုးနဲ့ လူတွေသာ ထီပေါက်နိုင်ကြတာ ညီလေးရဲ့၊ ညီလေးတို့ ဘဏ်စာရင်းထဲ သိန်း (၅၀၀) ထပ်တိုးသွားတော့ ပိုပြီးမကောင်းဘူးလား။ အစ်ကို့ကိုပြောစမ်း. . .''

ဟန်ထွန်းက ထိသည့်ကြီး၏စကားအဆုံး၌

''ထပ်သေး၊ လွဲလိုက်တာ လုံးဝေးခြားစီပဲ၊ ကဲ. . . အစ်ကို မတ်တပ်ကြီး လုပ်မနေနဲ့၊ ဒီမှာ ခဏထိုင်. . . ကျွန်တော်ပြောပြမယ်''

ထိသည့်ကြီးက ဟန်ထွန်းညွှန်ပြသည့်ထိုင်ခုံမှာ အူကြောင်ကြောင်ဖြင့် ထိုင်ချလိုက်၏။ ဟန်ထွန်းက စကားဆက်ရန်ပြင်သည်။

''အစ်ကိုက ကျွန်တော့်ကို စောစောတုန်းက ဘုန်းကံမြင့်တယ်၊ အရမ်း ကံကောင်းတဲ့လူလို့ ပြောခဲ့တယ်နော်''

''မဟုတ်လို့လား''

''ဘယ်ကမဟုတ်ရမှာလဲ၊ အစ်ကို့ကို ကျွန်တော်ငယ်ငယ်တုန်းကကြုံခဲ့ သမျှ ကံဆိုးမှုတွေထဲက တစ်ခုလောက် ဥပမာပြောပြမယ်၊ နားထောင်နော်. . .''

ထိသည့်ကြီးက ယောင်ပြီး ခေါင်းကိုညိတ်ပြပါသည်။

''ဒီလိုအစ်ကိုရ. . . ကျွန်တော် လေးတန်းကျောင်းသားဘဝက ကျောင်း ဥင်္ဂစမှာ ပုံနှိပ်စာအုပ်တွေ ဝယ်ကြရတယ်မဟုတ်လား၊ အဲဒီတုန်းက ကျွန်တော် ဘို့အတန်းထဲမှာ ကျောင်းသား အယောက်လေးဆယ်ရှိတယ်၊ ဖြစ်ချင်တော့ အင်္ဂလိပ်စာ ပုံနှိပ်စာအုပ်က သုံးဆယ့်ကိုးအုပ်ပဲပါလာတယ်၊ ဒါနဲ့ အတန်းပိုင် ဆရာမက မဲနှိုက်ခိုင်းတယ်၊ အစ်ကိုစဉ်းစားကြည့်နော်၊ လူအယောက်လေးဆယ်မှာ သုံးဆယ့်ကိုးယောက်က မဲပေါက်မှာနော်. . . တော်တော် ကံဇာတာ ဆိုးရွားတွန်း

မှသာ မဲမပေါက်မှာ. . .၊ အဲဒီတုန်းကလေ. . .ကျွန်တော် မဲမပေါက်လို့ အင်္ဂလိပ်စာပုံနှိပ်စာအုပ်ကို အပြင်ကနေ ဝယ်လိုက်ရတယ် အစ်ကိုရာ. . .ဘယ်လောက်တောင် ကံဆိုးတဲ့ကောင်လဲဆိုတော့၊ အဲဒီလိုကောင်က လူသိန်းပေါင်းများစွာထဲက သိန်း(၅၀၀)ထီပေါက်တဲ့လူ ဘယ်လိုလုပ်ဖြစ်နိုင်ပါ့မလဲ အစ်ကိုရယ်. . .''

သူရဲ့စကားပြောစွမ်းရည်ကြောင့် ထီသည်ခများ တစ်မိနစ်ခန့် ငှငိုကြီးဖြစ်သွားသေး၏။ ပြီးမှသတိဝင်လာကာ. . .

''အေးလေ. . .ငါ့ညီအစား အစ်ကို စိတ်မကောင်းလိုက်တာကွာ။ အဲဒီလောက် ကံဆိုးတဲ့ညီလေးဟာ ဘယ်လိုမှ ထီမပေါက်နိုင်ဘူးဆိုတာ အစ်ကိုယုံပါပြီကဲ. . .အစ်ကို့ကို ခွင့်ပြုဦး၊ တခြားဝိုင်းတွေမှာ ထီသွားရောင်းလိုက်ဦးမယ်. . .''

ထီသည်ကြီးသည် သူတို့ဝိုင်းမှ ဝမ်းနည်းပက်လက်နှင့် ထထွက်သွားလေတော့၏။ တယောမှာ ဟန်ထွန်းကိုကြည့်၍ တခွိခွိနဲ့ ရယ်နေမိသည်။ သူကသူမကို ဝန့်ခံနိုင်းလိုက်၏။

''နင် ရှုံးသွားပြီနော် တယော. . .''

''အေး. . .ဟုတ်တယ်၊ ငါရှုံးတယ်၊ နေစမ်းပါဦး နင်ကိုမေးရဦးမယ်၊ နင် ခုနက ဟိုဦးလေးကြီးကိုပြောတာ တကယ်ပဲလားဟင်. . .ဟန်ထွန်း''

''တကယ်ပေါ့ဟ. . .''

''အံ့သြစရာကြီးနော်. . .''

''ဒီလိုပဲပေါ့ တယောရယ်၊ ကံဆိုးမှုတွေ ပြီးဆုံးသွားတဲ့တစ်နေ့မှာ ကံကောင်းခြင်းတွေ ရောက်လာမှာပေါ့''

''အင်းလေ. . .နင်ပြောသလိုပဲ ဖြစ်ပါစေဟာ. . .''

သူမ၏ ချွဲချွဲနွဲ့နွဲ့အသံလေးမှာ ဝမ်းနည်းမှုတွေ ရောယှက် တုန်ခါနေပါသည်။ ဆိုင်အပြင်ဘက်၌ မိုးစက်လေးတွေက လေနုအေးနှင့်ရောကာ ပြေးလွှားဆော့ကစားနေကြ၏။

နောက်တစ်ခါ အကြည့်ချင်းထပ်မဆုံခင် သူတို့ကြားမှာ အချစ်ဆိုသော

လှိုင်းတံပိုးငယ်လေးတွေ ငွေ့ရည်ဖွဲ့နေလေသည်။

◈ ◈ ◈

## အခန်း ( ၆ )

လူတွေက သူတို့နှစ်ယောက်ကို အထူးအဆန်းတစ်ခုလို လှည့်ကြည့်သွားကြ၏။ အကြောင်းမှာ ကောင်မလေးတစ်ယောက်က ကောင်လေးတစ်ယောက်ကို အောက်ကျခံ၍ ရည်းစားစကားကို လိုက်ပြောနေသည့်အတွက်ဖြစ်သည်။

"နင့်ကို ငါအရမ်းချစ်နေမိလို့ပါ ဟန်ထွန်းရယ်. . . ငါ့ကို ပြန်ချစ်ပါနော်"

"ဟင့်အင်း. . . မချစ်နိုင်ပါဘူး"

ဟန်ထွန်း၏တုံ့ပြန်စကားကြောင့် သူမ နည်းနည်းရှက်သွားပါသည်။ စဉ်းစားကြည့်လေ၊ မရှက်ဘဲရော နေမည်လား။ ဗိုလ်ချုပ်ဈေးကဲ့သို့ လူစည်ကားလှသည့် နေရာမျိုး၌ သူမ ကမ်းလှမ်းလိုက်သောအချစ်ကို ဟန်ထွန်းက မတူသလို မတန်သလို ငြင်းပယ်ခံရခြင်းမှာ တွေးကြည့်လျှင် တော်တော်ရှက်စရာကောင်းလေသည်။

ဒါတောင် တယောက 'ငါ ရှုံးလို့လုပ်ရတာပဲ' ဟုသဘောထားပြီး ပေါ့ပေါ့ပါးပါး မျက်နှာပြောင်တိုက်နေသော်လည်း လူတွေဝိုင်း[illegible]ကြည့်ခံရတာကြာ

တော့ ရှက်စပြုလာ၏။ တချို့လူများက သူတို့နှစ်ယောက်ကို တကယ်ထင်မှတ်၍ ပြုံးစိစိလုပ်သွားကြသည်။ ဒီလိုအထင်ခံရအောင် ဟန်ထွန်း၏သရုပ်ဆောင်ချက်တွေက ပိပြင်လွန်းလှတာလည်းပါ၏။ လူများသောဗိုလ်ချုပ်ဈေးထဲမှာ ဖြစ်နေတာလည်းပါ၏။ အဓိကအကျဆုံးကတော့ အလောင်းအစားမှာ သူမက ဟန်ထွန်းအား လျှော့တွက်မိခဲ့ခြင်းပင်ဖြစ်သည်။

တယောသည် စိတ်အိုက်စွာ လေပူတွေကို မှုတ်ထုတ်ပစ်လိုက်၏။ ကိုယ့်အပြစ်နဲ့ကိုယ်ပဲ ဟုတွေးကာ သူမက အားတင်းမိသည်။

"နင်ကလည်းဟယ်. . . အဲဒီလောက်ကြီးတော့ မရက်စက်ပါနဲ့၊ ငါ တကယ်ခံစားနေရလို့ပါဟာ. . ."

"အို. . . မဖြစ်ပါဘူး။ အဖေသိရင် ငါအဆူခံထိလိမ့်မယ်၊ အဖေက မှာထားတယ်၊ ဒီခေတ်မိန်းကလေးတွေက မယုံရဘူးတဲ့၊ သတိထားကာမှ ဘန်ရာကျတာတဲ့၊ ပြီးတော့ ယောကျ်ားလေးဆိုတာ ကိုယ့်တန်ဖိုးနဲ့ကိုယ် သိက္ခာရှိရှိ နေရမယ်တဲ့၊ ငါ့မှာ နင်နဲ့အခုလိုခင်နေတာတောင် အဖေ့ကို အသိမပေးရဲဘူး"

"လုပ်ပါဟန်ထွန်းရာ. . . အခု ရည်စားထားတဲ့ကိစ္စကိုလည်း အဲဒီလိုပဲ နင့်အဖေကိုပြောမပြနဲ့ပေါ့ဟ. . . ဘယ်လိုလဲ"

"မဖြစ်လို့ပါ တယောရယ်. . . ငါ နင့်ကို အားနာပါတယ်၊ နင်လည်း အရွယ်ရှိသေးတာပဲ၊ နောက်တစ်ယောက်ကို အမြန်မိ ပြောင်းကြိုက်လိုက်ပါလား ဟင်. . ."

"အချစ်ဆိုတာ အဲဒီလိုပဲ ပြောင်းလိုက်လို့ရသလား"

"ဘာလဲ၊ နင်က အဲဒါကို မရဘူးထင်လို့လား။ ငါ့သူငယ်ချင်း ဖြိုးဝေဆိုတဲ့ ကောင်ဆိုရင်လေ အရမ်းရုပ်ဆိုးတာ. . . ပြီးခဲ့တဲ့အပတ်ကပဲ သူကြိုက်နေတဲ့ ကောင်မလေးဆုံးတယ်၊ နောက်တစ်ပတ်ကျတော့ မတင်ဝင်းဆိုတဲ့ အစ်မကြီးနဲ့ ကြိုက်တယ်၊ ဒါပေမဲ့ ကံဆိုးချင်တော့ အဲဒီမတင်ဝင်းက မိန်းမအစစ်မဟုတ်ဘဲ ကိုတင်ဝင်းဆိုတဲ့ မိန်းမလျာကြီးဖြစ်နေတယ်။ အဲဒါနဲ့ ဖြိုးဝေလည်း စိတ်နာနာနဲ့ ကောင်ဝင်းကို ဖြတ်ပစ်လိုက်တယ်၊ ဘာမှမကြာလိုက်ဘူး၊ နှစ်ရက်လောက်ပဲကြာ

တယ် အခုဒေါ်သိန်းရွှေဆိုတဲ့ အသက်လေးဆယ်ကျော် ဘွားတော်အပျိုကြီးနဲ့ ငြိနေပြီ ဒီလောက်ရုပ်ဆိုးတဲ့ကောင်မျိုးတောင် မိန်းမ မရှားဘူး။ သူဆို တစ်ယောက်ပြီး တစ်ယောက် အချစ်တွေပြောင်းနေတာပဲဥစ္စာ. . .''

''ဒါကတော့ အဲဒီဖြိုးဝေဆီမှာ တခြားကောင်းကွက်တစ်ခု ရှိလို့ဖြစ်မှာပေါ့၊ သူ့တစ်ယောက်တည်းကြည့်ပြီး အချစ်ကိုပြောင်းလို့ရတယ်ဆိုရင် နင်မှားသွားမှာပေါ့ ဟန်ထွန်းရဲ့. . .''

''အမယ်လေး. . . ဖြိုးဝေတစ်ယောက်တည်းလောက်နဲ့တော့ ငါကပြော လေား။ ငါ့ခုငယ်ချင်းထဲမှာပဲ ရာဇာဆိုတာရှိသေးတယ်၊ သူက ပိုတောင် ဆိုးသေး တယ်''

''ဟင်. . . ခုနက ဖြိုးဝေထက်တောင် ဆိုးသေးတယ်၊ ဟုတ်လား. . .''

''အမယ်လေး ဟုတ်တာမှ သိပ်ဟုတ်. . . အဲဒီရာဇာဆိုရင်လေ. . . ကောင်မလေးတစ်ယောက်ကို တစ်ရက်၊ နှစ်ရက်ပဲတွဲတာ၊ တချို့ဆို နာရီပိုင်း ပဲခံတယ်''

''ဟုတ်လို့လားဟာ. . .''

'' ဩော်. . . ဟုတ်ပါတယ်ဆိုမှ. . . ကောင်မလေးတွေကလည်း ရာဇာမှ ရာဇာပဲ၊ သူကလည်း သူ့မြင်ကွင်းထဲကို ကိုက် (၁၀၀) အတွင်း ဝင်မလာနဲ့၊ ဝင် လာတဲ့ ကောင်မလေးနဲ့ ရာဇာကငြိပြီးသားပဲ၊ သူ့အချစ်ဆိုတာ Iron Cross က ချစ်စမ်းမောင် လိဒ်တီးတဲ့အခါ လက်လေးတွေပြောင်းသွားသလိုပဲ အရမ်းမြန် တာ. . .''

''တကယ်. . .''

''တကယ်ပေါ့၊ သူ့ကောင်မလေးတွေကလည်း တစ်ယောက်မှ ခေသူ မပါဘူး။ အားလုံး မုန့်ဆိုးမတွေ၊ တစ်ခုလပ်တွေချည်းပဲ၊ သူတို့ဆို အချစ်ကို ဒီလောက် ပြောင်းနေကြတာ. . . နင့်ကျမှ အချစ်က ပြောင်းလို့မရဘူးတဲ့ တယောရာ . . .''

တယောသည် သူ့ကို ဘာမှဆက်မပြောသေးဘဲ စူပုပ်ပုပ်ရှုံ့စောင်း စောင်းလေးကြည့်နေလိုက်၏။ မဟုတ်တမ်းတရားတွေကို ညစ်ကျယ်ကျယ်ဖြင့်

လျှောက်ပြောနေသည့် ဟန်ထွန်းကြောင့် သူမ ငိုချင်လာသည်။ အခုဆို တစ်ရေးလုံးလည်း သူမ ဟန်ထွန်းကို ရည်းစားစကား လိုက်ပြောနေတဲ့ကိစ္စကို သိနေလောက်ပြီ။ တယောမှာ ရှက်ရကောင်းမှန်းပင်မသိတော့ . . .။ တချို့က သူမကို 'အစ်မ. . . အဖြေရပြီလား'ဟု ရိသဲ့သဲ့နှုတ်ဆက်သွားကြသော်လည်း တယောက စိတ်မဆိုးအားဘဲ အမြန်ဆုံး ဟန်ထွန်းဆီမှ အဖြေပြန်ရဖို့ အကြံထုတ်နေ၏။ ရုတ်တရက် သူမ အလင်းပွင့်သွားပါသည်။

"အေးပါ . . . ဟန်ထွန်းရယ် . . .၊နင်ပြောသလို အချစ်ဆိုတာ ပြောင်းရွှေ့လို့ရတဲ့အရာလို့ပဲ ထားလိုက်ပါတော့ . . ."

" နင် လက်ခံသွားပြီမှတ်လား "

" အေး . . . နင်ပြောတာ ငါလက်ခံပါပြီ၊ ဒါပေမဲ့ ငါ့အချစ်တွေကျတော့ နင့်ဆီက ပြောင်းမရဘူးဖြစ်နေတယ်ဟ၊ အဲဒါဟာ. . ."

ပြောရင်းဆိုရင်းမှ သူမသည် ဟန်ထွန်းရှေ့မှာ ဒူးထောက်ချပစ်လိုက်၏။ တယောရဲ့မျက်နှာလှလှလေး၌ မျက်ရည်တွေဝိုင်းလာသည်။ ပြီးတော့ သူမက သူ့ပုဆိုးစကိုဆွဲကိုင်ကာ စောစောက မပြီးသေးသော စကားလက်ကျန်ကို ငိုသံကြီးနဲ့ ဆက်၍ပြောလေသည်။

" အဲဒါ. . . နင့်အချစ်ကို ငါမရလို့ လုံးဝမဖြစ်ဘူး ဟန်ထွန်း။ ငါ တောင်းပန်ပါတယ်၊ နင့်အချစ်ကို မရရင် ငါ သေသွားလိမ့်မယ်ဟ သိလား။ ဟီး ဟီး. . . ဟီး. . ."

တယောသည် ငိုနေရင်းမှ သူ့ပုဆိုးစကိုလည်း ဆောင့်၍ဆောင့်၍ ဆွဲနေ၏။ ခက်တော့ ခက်လေပြီ။ ဟန်ထွန်းမှာ စောစောကလို ဆက်ပြီး အိုက်တင်မခံနိုင်တော့ဘဲ ပုဆိုးမကျွတ်အောင် လက်တစ်ဖက်နှင့် အမြန်ထိန်းထားလိုက်ရသည်။ သူမက လူလယ်ခေါင်ကြီး၌ သူ့ပုဆိုးစကိုဆွဲကာ ဒူးထောက်ပြီး ငိုရှိုက်နေတော့၏။

"ဟီး. . . ဟီး. . . အီး. . . ဟန်ထွန်းရယ်. . . နင် ငါ့ကို မရက်စက်ပါနဲ့ဟာ . . . အီး ဟီး. . . ဟီး. . ."

"အေးပါ။ အေး. . . အေး. . . ငါ နင့်ကို မရက်စက်ပါဘူး တယောရယ်

. . . နော်၊ မငိုနဲ့တော့ . . . တိတ်တိတ် . . . ပြီးတော့ ငါ့ပုဆိုးစကို လွှတ်ဦး။ ဒီမှာ ပုဆိုးကျွတ်ကျတော့မယ် ''

''အဲဒါဆိုမှင် နင် ငါ့ကို အခုချက်ချင်း ချစ်တယ်လို့ပြောလေ . . .''

''အမ် . . .''

အခုမှပင် ဟန်ထွန်းက တယောခ၏ မဟာအကြံအစည်ကို သိရှိရိပ်မိသွားပါသည်။ ဒါပေမဲ့ သူဘာမှ မတတ်နိုင်တော့ . . .၊ လူတွေက သူတို့နှစ်ယောက်ရဲ့ အနေအထားအကြောင့် ဝိုင်းအုံ၍ကြည့်နေကြ၏။ ဟန်ထွန်းလက်က နည်းနည်းအားလျော့သည်နှင့် ပုဆိုးကျွတ်လုနီးပါးဖြစ်သွားတာမို့ လူတွေဆီမှ ရယ်သံများ ဝေါခနဲထွက်လာသည်။ တယောမှာ သူ့ပုဆိုးစကို မလွှတ်တမ်းဆွဲရင်း အော်ငိုနေဆဲ။

''ဟန်ထွန်း နင်ငါ့ကို ချစ်တယ်လို့ မပြောသေးဘူးနော်၊ တွေ့လား။ နင် ငါ့ကို ရက်စက်တယ်၊ ဟီး . . . ဟီး . . . ဟီး . . . ဟီး ''

'' အေး . . . ပြောပါ့မယ်ဟာ၊ ထ . . . ထ . . . အိမ်ပြန်ရောက်ရင် ငါဖုန်းဆက်ပြီး ပြောလိုက်မယ် . . . ဟုတ်ပြီလား ''

'' ဟာ . . . မရဘူးကွာ၊ အခုချက်ချင်းပြောမှ ''

သူမက အတင်းခေါင်းမာစွာ သူ့ပုဆိုးစကို ဆုပ်ကိုင်ထားရင်း အကျပ်ကိုင်သည်။ ဒုက္ခပါပဲ၊ ဗရုတ်သုတ်ခ ပြောင်မလေးရယ် . . .။ ဝိုင်းကြည့်နေသော လူတွေကလည်း ဟန်ထွန်းကို နောက်ပြောင်ပြီး ဖိအားတွေပေးနေကြ၏။

''ပြောလိုက်ပါညီလေးရာ . . . ကောင်မလေး သနားပါတယ်''

''အေးလေကွာ . . . ငါ့ညီက ယောကျ်ားလေးပဲ၊ ဘာနာစရာရှိလို့လဲ''

''ငါတို့နဲ့မျှား နေရာချင်း လဲပစ်လိုက်ချင်တယ်''

အခြေအနေအရပ်ရပ်သည် သူ့ကို အလျှော့ပေးလိုက်ရန် ညွှန်ကြားချက်တွေ ပေးနေလေပြီ။ ဟန်ထွန်းက သက်ပြင်းရှည်ရှည်တစ်ချက် ချလိုက်၏။ နောက် . . . သူမ၏ခေါင်းကို ဖွဖွပွတ်သပ်လိုက်ရင်းပြောသည်။

''နင့်ကို ငါချစ်ပါတယ် တယောရယ် . . .''

သူတို့ တစ်ယောက်ကိုတစ်ယောက် နူးနူးညံ့ညံ့လေး ကြည့်နေမိကြသည်။ ထိုအခိုက်မှာပဲ ဝိုင်းအုံ၍ကြည့်နေသော လူတွေဆီမှ ဩဘာပေးသံများက 'ဟေး' ခနဲ ဟိန်းထွက်လာ၏။

ဟန်ထွန်းက သူမလက်မောင်းကိုဆွဲထူရင်း မတ်တပ်ရပ်စေသည်။ ထို့နောက် သူတို့သည် လူအုပ်ကြီးကိုထားရစ်ကာ လက်ချင်းတွဲ၍ ကျောင်းနိုင်း ထွက်သွားကြပါသည်။ လူတွေဆီမှ ထင်မြင်ချက်နှင့် ဝေဖန်သံတွေသည် သူတို့နောက်ကွယ်၌ ကျန်နေခဲ့၏။ သူမက သူ့ပခုံးကိုမှီထားရင်း တယောသံချွဲချွဲလေးနှင့် ပြောလိုက်သည်။

"ဟန်ထွန်း . . . ငါ တာဝန်ကျေသွားပြီနော် . . ."

" အင်း. . . "

ဒါပဲပြောပြီး ငြိမ်သွားကြပြန်၏။ သူ့ဆီက ထွက်သက်နွေးနွေးလေးတွေသည် သူမလည်ပင်းတစ်ဝိုက်သို့ ကျရောက်သောအရသာမှာ တယောတစ်ယောက် မိန်းမောနေခဲ့သည်။ သူကတော့ ရင်တွေ အခုန်မြန်နေမိ၏။

ဘာမှ ထပ်မပြောတော့ဘဲ သူတို့ ထိုပုံစံအတိုင်း လမ်းဆက်လျှောက်သွားခဲ့ကြသည်။ လူတွေ များပန်းခတ်မျှ ရှုပ်ထွေးနေသည့် ဗိုလ်ချုပ်ဈေးထဲတွင် ဖြစ်သော်လည်း သူတို့နှစ်ယောက်သာ ရှိနေသလို ခံစားရသည်။

ထိုနေ့က ဗိုလ်ချုပ်ဈေးထဲ၌ သူတို့နှစ်ယောက်အကြောင်းမှာ ရေပန်းအစား ဆုံး သတင်းတစ်ပုဒ်ဖြစ်သွားပါသည်။

◈ ◈ ◈

## အခန်း ( ၇ )

ညနေခင်းမိုးတိမ်တွေက ပြာလွင်နေပြီး ကြည့်ရတာ အရသာရှိလှသည်။ ဟန်ထွန်းနှင့်ဖြိုးဝေတို့သည် 'အမေ့အိမ်' လက်ဖက်ရည်ဆိုင်မှာထိုင်၍ အခုချိန်ထိ ရောက်မလာသေးသော ရာဇာအား စောင့်နေကြ၏။ ဖြိုးဝေနှင့်ရာဇာတို့သည် ဟန်ထွန်းရဲ့ အရင်းနှီးဆုံး သူငယ်ချင်းများဖြစ်ကြပြီး ရှစ်တန်းကျောင်းသားဘဝက တည်းက ပေါင်းလာကြသူတွေလည်းဖြစ်သည်။

ငယ်သူငယ်ချင်းတွေမို့ ဟန်ထွန်းက ဘဝပြောင်းပြီး သူဌေးသားဖြစ်လာသည့်တိုင် သူတို့က လက်တွဲနေကြဆဲပင်. . .။ မနှစ်က ကျောင်းပြီးသွားပြီး နောက်ပိုင်းမှာ သူတို့အရင်လို မတွေ့ဖြစ်ကြပေမယ့် သုံးရက်ကို တစ်ခါလောက်တော့ လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်ကြပါ၏။

ဖြိုးဝေက သူ့ကို အားရဝမ်းသာနှင့် ဆိုင်အဝင်ဝဘက်သို့ မေးငေါ့ပြလိုက်သည်။ လှမ်းကြည့်လိုက်တော့ ရာဇာက အရပ်ကြီးကလန်ကလားနှင့် ဆိုင်ထဲကို ဝင်လာ၏။ ရာဇာရောက်လာတော့ ဖြိုးဝေက နောက်ကျရကောင်းလားဟု အပြစ်

တင်ပါသည်။ ရာဇာက ပြုံးပြုံးပြုံးပြုံး နှင့် တစ်ရရကို ကျေနပ်လာပုံရ၏။ ကြည့်ရတာ သူ့ကောင်မလေးတွေထဲက တစ်ယောက်နဲ့ ကြည့်နူးလာဟန်တူသည်။ ဟန်ထွန်းက. . .

"ဟေ့ကောင်. . . ဘာဖြစ်လို့ နောက်ကျနေရတာလဲ"

"ဟိုလေ. . . ဟို. . ."

ဖြိုးဝေက ကြားဖြတ်၍ ဝင်အစ်လိုက်၏။

"ဘာဟိုလဲ၊ မင်း ဘယ်ဝင်နေတာလဲဆိုတာ ငါသိတယ်နော် ရာဇာ"

"အဟီး. . . ဟုတ်တယ်ကွ၊ ငါ ဒီကိုမလာခင် ခေါင်းလျှော်ဆိုင် ခဏ ဝင်နေလို့. . ."

"ထင်သားပဲ၊ မင်း အခုတလော အဲဒီဆိုင်က သစ္စာဆိုတဲ့ ကောင်မလေးကို အသည်းအသန်ဖြစ်နေတာ ငါတို့အကုန်သိတယ် "

"ဟုတ်တယ်ကွ သစ္စာက ငါ့ကို အရမ်းဖော်ရွေတယ်၊ ငါ့ကို သူကြည့်တဲ့ အကြည့်မျိုး မင်းတို့မှ မကြုံဖူးတာ၊ ငါ သူတို့ဆိုင်ကိုသွားရင် ငါ ဘာလိုနေသလဲဆိုတာ ပြောစရာမလိုဘူး။ သစ္စာက အစစအရာရာ အလိုက်သိတယ် . . ."

ဖြိုးဝေက ရာဇာ့စကားကြောင့် မျက်နှာကို တစ်ချက်မဲ့လိုက်ပြီး ပြန်တွယ်လေသည်။

" ဟွန်း. . . မင်းကောင်မက ဆိုင်ကိုလာတဲ့သူ Customer တိုင်းကို အဲဒီလိုချည်းပဲ။ မင်းတစ်ယောက်တည်း ထင်မနေနဲ့"

ဖြိုးဝေရဲ့စကားကြောင့် ရာဇာလည်း ဘာပြန်ပြောရမှန်း မသိဘဲ နင် သွား၏။ ဟန်ထွန်းက ရာဇာဖြစ်သွားပုံကို ကြည့်ကာ ရယ်ပါသည်။ ရာဇာ့မျက်နှာကြီး ရှုံ့မဲ့နေပြီး ဖြိုးဝေပြောတာလည်း မှန်နေသဖြင့် ပြန်ချေပဖို့စကား ရှာမတွေ့ဘဲရှိ၏။ ဟန်ထွန်းက အခြေအနေတွေ သိပ်မတင်းမာခင် အမြန်ဝင်ထိန်းလိုက်၏။

" ကဲ. . . နစ်ယောက်စလုံးတော်ပြီ၊ ငါ မင်းတို့ရန်ဖြစ်တာကို ကြည့်ဖို့ လာတာမဟုတ်ဘူး။ အရေးကြီးတဲ့ကိစ္စတစ်ခုကို တိုင်ပင်စရာရှိလို့လာတာ. . ."

ဟန်ထွန်းဆီမှ အရေးကြီးတဲ့ကိစ္စဆိုသဖြင့် နစ်ယောက်လုံး စိတ်ဝင်

စားသွားကြပါသည်။ သူသည် လှို့ဝှက်စွာပြုံးလိုက်၏။ ဘာအဓိပ္ပာယ်ရှိသလဲဆိုတာ ကိုတော့ သူကိုယ်တိုင်မှပဲ သိပေလိမ့်မည်။ ရာဇာက စိတ်မရှည်စွာ. . .

"ဟော့ကောင်. . . ဟန်ထွန်း။ ငါတို့ကို မင်း တိုင်ပင်စရာရှိတယ်ဆိုတဲ့ ကိစ္စပြောလေကွာ. . ."

"ဪ. . . ပြောမှာပေါ့၊ မင်းကလည်း နည်းနည်းမှကို သည်းမခံနိုင်ဘူး။ အင်းပေါ့လေ. . . မင်းက ငယ်သေးတော့ ငါတို့လို ခန္တီပါရမီမျိုး ဘယ်ရှိနိုင်ဦး မလဲ . . ."

ဖြိုးဝေက ရာဇာကို အကွက်တွေ့တုန်း အပြတ်နှိပ်ကွပ်နေ၏။ ရာဇာက ဘာမှပြန်မပြောဘဲ မျက်ထောင့်နီကြီးနှင့် ဖြိုးဝေအားလှမ်းကြည့်သည်။ ထိုအခိုက် ဟန်ထွန်းဆီမှ အသံထွက်လာပါသည်။

"ဒီလို. . . ငါ မင်းတို့ကို ကောင်မလေးတစ်ယောက်အကြောင်း ပြောပြချင်လို့"

"ဟင်. . . မင်းဟာက ဘယ်လိုကြီးလဲ"

"ဘာလဲ၊ အဲဒီကောင်မလေးက မင်းရဲ့ရည်းစားလား။ မင်းရည်းစား အကြောင်းပြောမှာလား "

သူတို့ တစ်ယောက်တစ်ခွန်း ဝိုင်းမေးနေကြသည့် ဖြိုးဝေနှင့်ရာဇာတို့ကို ဟန်ထွန်းက တည်ငြိမ်စွာ ခေါင်းယမ်းပြလိုက်၏။

"အဲဒါဆို. . . ဘယ်လိုလဲ"

"မင်းတို့ကို ငါပြောပြမယ်၊ ငါပြောတာကိုပဲ နားထောင်ကြကွာ"

"အေး. . . ပြော. . ."

"သူ့နာမည်အရင်းက စံပယ်ဖြူတဲ့။ ဒါပေမဲ့ ငါက သူ့ကို တယောလို့ ပဲခေါ်တယ်။ ငါ့အစ်ကိုကတော့ သူ့ကို ကောင်းကင်လို့ခေါ်တယ်"

" ဟင်း. . . ဒါဆို မင်းအမေကရော ဘယ်လိုခေါ်သလဲ "

ရုတ်တရက် ရာဇာက အရွှန်းဖောက်၍မေးလိုက်ရာ ဖြိုးဝေက. . .

"သေနာမလို့. . . ခေါ်မှာပေါ့"

သူတို့ ရယ်စရာလုပ်နေတာကို ဟန်ထွန်းက လုံးဝမရယ်မပြုံးဘဲ ခပ်တည်တည်ကြီးလုပ်နေသည်။ ဟန်ထွန်းပုံစံက တကယ့်အတည်ပေါက်မို့ နှစ်ယောက်စလုံး ချက်ချင်းငြိမ်ကျသွား၏။ ရာဇာက သူ စနောက်ထားသည့်အတွက် မလုံမခြုံ ရှာပြောပါသည်။

''ဟေ့ကောင် ဟန်ထွန်း. . . ဘာဖြစ်သွားတာလဲ၊ စိတ်မဆိုးနဲ့နော်၊ ငါက စတာပါ။ ကဲ. . . ကဲ. . . မင်းပြောနေတာ ဆက်ပြော. . .''

''ငါ သူ့ကို. . . သိပ်ချစ်နေပြီ''

''ဗုဒ္ဓေါ. . .''

ဟန်ထွန်းဆီမှ ကြားရသည့်စကားကြောင့် သူတို့ဘုရားတလိုက်မိ၏။ သူငယ်ချင်းတွေ ပေါင်းလာသော သက်တမ်းတစ်လျှောက်လုံးမှာ ဒါမျိုးစကားကို ဟန်ထွန်း နှုတ်ကပြောတာ ပထမဆုံးအကြိမ် ကြားဖူးခြင်းလည်းဖြစ်သည်။ သူတို့ နှစ်ယောက်မှာ ပါးစပ်အဟောင်းသားနှင့် ဟန်ထွန်းကို ငေးကြည့်နေမိကြ၏။ သူက အရူးလိုပဲ တစ်ယောက်တည်း ဆက်၍ပြောနေသည်။

''ငါ တယောကို အရမ်းချစ်သွားတာ ဒီနေ့နဲ့ဆို သုံးရက်တိတိရှိပြီ၊ ငါ ဒီနေ့ သူ့ကို တွေ့ချင်တယ်၊ ဒါပေမဲ့ တွေ့လို့ မရဘူး။ ငါအခု အရမ်းလွမ်းနေတယ်၊ အဲဒါ ဘယ်လိုလုပ်ရမလဲ''

ဟန်ထွန်းရဲ့အမေးကို ဖြိုးဝေက ယောင်ပြီးပြန်ဖြေ၏။

''ငါလည်း မသိဘူးလေ''

''မင်းတို့က သူငယ်ချင်းတွေလုပ်ပြီး. . . ဘာမှလည်း အားမကိုးရဘူး။ အလကားကောင်တွေ. . .''

ရာဇာက ဟန်ထွန်းရဲ့ ဖြစ်ပျက်နေပုံကြောင့် ချော့ရပါသည်။

''သူငယ်ချင်း. . . ဟန်ထွန်း၊ သတိထားနော်။ စိတ်ကို လွှတ်မပေးလိုက်နဲ့၊ သတိနဲ့ထိန်းထား. . .''

သူပြောမှပင် ဟန်ထွန်းလည်း စိတ်မနှံ့သူ လုံးလုံးဖြစ်ရတော့သည်။ ဟန်ထွန်းက ရာဇာ့လက်မောင်းကို တစ်ချက်လှမ်းလိုးပြီး ကိုက်ဆွဲလိုက်၏။ ဖြိုးဝေက

ဟန်ထွန်းကို တယောအကြောင်း သေချာပြောပြရန် တောင်းဆိုပါသည်။

"ဟန်ထွန်း. . . မင်းရဲ့တယောလေးအကြောင်း ငါတို့ကို အစက နေ့ သေချာပြောပြ. . . ဒါမှ ငါတို့က မင်း. . . ဘာဆက်လုပ်သင့်တယ်ဆိုတာကို အကြံပေးလို့ရမှာပေါ့ "

ထိုအခါ ဟန်ထွန်းက ခေါင်းကိုလေးနက်စွာညိတ်ပြ၏။ နောက် . . . သူက တယောနဲ့စတွေ့ပုံကစပြီး အခုလက်ရှိအခြေအနေတွေပါမကျန် အကုန်ပြောပြပါတော့သည်။

" ဒီလိုကွ. . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . "

ဟိုနှစ်ကောင်မှာ ဟန်ထွန်းရဲ့စကားထဲမှာ နစ်မျော၍ လိုက်ပါခံစားနေခဲ့၏။ ဟန်ထွန်းက ရင်တွေအခုန်မြန်နေလေသည်။ စကားပြောရင်းမှ သူမ၏ တယောထိုးသလို ချွဲချွဲအီအီအသံလေးကို သူ သတိရလာသည်။

ခဏကြာတော့မှ ဖြိုးဝေနှင့်ရာဇာတို့လည်း ဇာတ်ရည်လည်သွားကြ၏။ သူတို့ကို မပြောပြဘဲ လျှို့ထားသောဟန်ထွန်းအား ဒဏ်ခတ်သည့်အနေဖြင့် ဒီနေ့ သူတို့ စားသမျှအားလုံးကို ရှင်းခိုင်းလေသည်။

သူက တယောလေးကိုလွမ်းနေသဖြင့် အရင်လို သူငယ်ချင်းတွေကို ပြန်မငြင်းခုံနိုင်ဘဲ လက်ခံလိုက်ရ၏။

အချစ်သည် လူတစ်ယောက်ကို စိတ်သဘောထားတွေ နူးညံ့ပျော့ပြောင်းလာစေပါသည်။

ဖြိုးဝေနှင့်ရာဇာတို့က တယောကို ဖွင့်ပြောရန် အကြံပေးကြ၏။ ဟန်ထွန်းမှာ ဒါကိုပဲ မဝံ့မရဲဖြစ်နေရှာသည်။ သူ့ကို တယောက အခွင့်ရေးသမားလို့ ထင်သွားမှာကို ဟန်ထွန်းကြောက်ပါသည်။ ပြီးတော့ တယောက ကိုကိုရဲ့ရည်းစားဖြစ်ခဲ့ဖူးတာမို့ ဟန်ထွန်းမှာ တမလွန်က ကိုကို့ကိုလည်း အားနာနေမိ၏။

"ဒါဆိုရင် မင်း. . . သူ့ကို မချစ်ဘဲနေနိုင်သလား "

ဖြိုးဝေ၏မေးခွန်းကို သူက ခေါင်းရမ်း၍ အဖြေပေးပါသည်။ ရာဇာက . . .

"မင်း အဲဒီလို မြုံစိစိလုပ်နေရင် သူများနောက် ပါသွားလိမ့်မယ် "

သူငယ်ချင်းများက အသားကုန် ဝိုင်းမြှောက်ပေးနေသည့်တိုင် ဟန်ထွန်းက တုံဏှိဘာဝေလုပ်နေ၏။ အချစ်ဆိုတာ ပြောပြစရာမလိုဘဲ သူ့အလိုလို နားလည်သွားတာမျိုးဟု ခံယူထားသည်။ သူ့ဘက်က ဖွင့်မပြောခဲ့လျှင် သူတို့၏ နောက်ဆက်တွဲမှာ ကောင်းကျိုးထက် ဆိုးကျိုးက ပိုများနိုင်မှန်း ဟန်ထွန်းသိပါသည်။

အခုဆို ဟန်ထွန်းနှင့်သူမတို့သည် အရင်လို ထိန်းချုပ်မှုတွေနှင့် မဟုတ်တော့ပေ။ သို့သော် သူတို့မှာ မျက်နှာဖုံးတစ်ခုစီတော့ ရှိနေခဲ့လေသည်။

## အခန်း ( ၈ )

နိဝင်ဘာဆောင်းရက်များသည် သူတို့နှစ်ယောက်၏ ဆက်ဆံရေးအား ပို၍ အရှိန်မြင့်တက်လာစေပါသည်။ တစ်ယောက်နှင့် တစ်ယောက်ကြားမှ သံယောဇဉ်ကြိုးတွေကလည်း ပိုမိုရှုပ်ထွေး များပြားလာခဲ့၏။ ဘဝဆိုတာ ဒီလိုအခြေအနေများစွာနှင့် ဖွဲ့စည်းထားသော ပိုက်ကွန်ကြီးတစ်ခုမျှသာဖြစ်သည်။

လူသားဆန်သော၊ ကမ္ဘာဆန်သော မေတ္တာတရားဖြင့် ကောင်မလေးတစ်ယောက်ကိုချစ်ရန် ဟန်ထွန်းကြိုးစားကြည့်မိ၏။ သူမ၏ ချွဲချွဲအီအီအသံလေးများမှာ သူ့နှလုံးသားကို မူးဝေနေစေခဲ့သည်။ ဟန်ထွန်းက ဒါကို ကျေနပ်စွာခံယူသည်။ သူသည် အချစ်ကပေးသမျှအားလုံးကို ရဲရင့်လက်ခံနိုင်သူလည်းဖြစ်၏။

အခုနောက်ပိုင်းမှာ သူတို့နှစ်ယောက် ဆုံတွေ့ဖြစ်သည့်နေ့ရက်တွေက ပို၍ ခပ်စိပ်စိပ်ဖြစ်လာသည်။ အေးချမ်းသော ဆောင်းရာသီကို ခုခံရန် သူတို့သည် တစ်ယောက်၏ကိုယ်ငွေ့မှာ တစ်ယောက်က နွေးနွေးထွေးထွေး နေထိုင်ခဲ့ကြပါသည်။

မမျှော်လင့်ထားသော အချိုးအကွေ့တစ်ခုသည် ထိုနေ့က ဟန်ထွန်းရဲ့

အခန်းတံခါးကို သုံးချက်တိတိ လာခေါက်၍ ရောက်ရှိလာ၏။

"ခေါက်. . . ခေါက်. . . ခေါက်. . ."

ရုတ်တရက် တံခါးခေါက်သံကြောင့် ဟန်ထွန်းလည်း ကြောင်သွား၏။ ဘယ်သူပါလိမ့်။ ဖေဖေများလား. . .၊ မဖြစ်နိုင်. . .မနေ့ကပဲ ဖေဖေသည် အလုပ်ကိစ္စတစ်ခုနှင့် ဗန်ကောက်ကို ထွက်ခွာသွားခဲ့ပါသည်။ ဖေဖေမဟုတ်လျှင် သူ့အခန်းတံခါးကို အိမ်ဖော်တွေ၊ အလုပ်သမားတွေက လာခေါက်ရဲလိမ့်မည်မဟုတ်ချေ။ ဖြိုးဝေတို့ ရာဇာတို့ဆိုလျှင်လည်း တံခါးကို ခေါက်နေမှာမဟုတ်၊ အခန်းထဲ တန်းဝင်လာကြမှာဖြစ်သည်။

ဟန်ထွန်းသည် ဖြစ်နိုင်ချေတွေကို စဉ်းစားရင်း အခန်းတံခါးကို သွားဖွင့်ပေးလိုက်၏။ သူတွေ့လိုက်ရသည်မှာ အိမ်ဖော် ဒေါ်သန်းသန်း၏တူလေး အငယ်ကောင် ဖြစ်နေသဖြင့် ဟန်ထွန်း မျက်မှောင်ကုတ်သွားပါသည်။

"အငယ်ကောင်. . . ဘာကိစ္စလဲ"

"ဟိုလေ. . . အစ်ကိုလေးကို ဧည့်သည်တစ်ယောက်က တွေ့ချင်လို့တဲ့"

"နာမည်တော့ ကျွန်တော်လည်းမသိဘူးဗျ၊ လူကြီးတစ်ယောက်ပဲ၊ အသက်ငါးဆယ်ကျော်ကျော်လောက် ရှိမယ်"

"ဟာ. . ."

သူ တကယ်ပဲ အံ့သြသွားမိပါသည်။

"အေး. . .ငါ ဆင်းလာခဲ့မယ်လို့ပြောလိုက်. . ."

"ဟုတ်ကဲ့. . ."

အငယ်ကောင် လှည့်ထွက်သွားတော့ သူ့ခေါင်းထဲမှာ မေးခွန်းတွေ အများကြီး ကျန်ရစ်ခဲ့၏။ သို့သော် တစ်ခုမှ သူ မဖြေနိုင်. . .။ ဟန်ထွန်းလည်း ဖဝေဖဝါနှင့် အောက်ထပ်သို့ဆင်းလာမိသည်။

ဧည့်ခန်းထဲတွင် သူ့ကိုထိုင်စောင့်နေသော လူကြီး၏ပုံပန်းသဏ္ဌာန်မှာ စီးပွားရေးသမားတစ်ယောက်မှန်း သိသာလှ၏။ သူ့ကိုမြင်တော့ ထိုလူကြီးက. . .

"ငါ့တူက ဟန်ထွန်းဆိုတာထင်ပါရဲ့"

"ဟုတ်ကဲ့. . . ကျွန်တော် ဟန်ထွန်းပါခင်ဗျာ"

"ဦးနာမည်က ဦးအောင်ပြည့်ပါ"

ဟန်ထွန်းစိတ်ထဲတွင် ဒီနာမည်မျိုး ကြားဖူးသလိုပဲဟု တွေးနေဆဲ ထိုလူကြီးက သူ့ကိုယ်သူ ဖြည့်စွက်၍ မိတ်ဆက်လိုက်ပါသည်။

"ဟို. . . စံပယ်ဖြူရဲ့အဖေဆိုရင် မောင်ဟန်ထွန်း သိလိမ့်မယ် ထင်ပါတယ်"

စံပယ်ဖြူတဲ့၊ စံပယ်ဖြူ. . . ဆိုတာ ဘယ်သူပါလိမ့်။ ဖြစ်နိုင်ချေတွေကို အမြန်လျှောက်စဉ်းစားကြည့်နေတုန်း သူ့ဦးနှောက်မှာ လင်းခနဲဖြစ်သွား၏။ စံပယ်ဖြူ ဆိုတာ သူ့ရဲ့တပေယာလေးပဲ။ ရုတ်တရက်ကြီးဆိုတော့ သူလည်း နာမည်ရင်းကို မေ့နေမိ၏။

"ဪ. . . ဟုတ်ကဲ့ပါ၊ ဒါဆိုရင် ဦးက တပေယာအဖေပေါ့နော်၊ ဟို. . ကျွန်တော် ဘာများကူညီရမလဲ "

ဟန်ထွန်းမှာ ယောက္ခမလောင်းလျာကြီးမှန်း သိသွားတော့ ပြာသွား၏။ နောက်. . . တတ်နိုင်သမျှ ပြေပြေလည်လည်ဖြစ်အောင် ဟားစရာရှိတာဟားရသည်။ ဒီငနဲကြီးဟာ စုံစမ်း၍ သူ့အိမ်အထိ ရောက်လာတာကိုတောက်ရင် လုံး၀ အချဉ် မဟုတ်. . .။ ပြီးတော့ အရာရာကို ခြေလှမ်းကျဲပုံလည်း ရလေ၏။ ဦးအောင်ပြည့် ဆိုသည့် လူကြီးဆီမှ စကားသံထွက်လာပါသည်။

"ဦးရဲ့ လာရင်းကိစ္စကတော့ သမီးနဲ့ပတ်သက်ပြီး မောင်ဟန်ထွန်းကို ဆွေးနွေးတိုင်ပင်စရာရှိလို့ပါ"

ဆွေးနွေးတိုင်ပင်စရာ ရှိလို့တဲ့။ တော်တော် စကားလုံးရွေးချယ်တတ်တဲ့ လူကြီးပါလား။ တွေးရင်းနှင့် သူကပြုံးလိုက်ပြီး. . .

"ဟုတ်ကဲ့. . . ပြောပါ"

"ဦးရဲ့သမီးလေးဟာ အခုတလော မောင်ဟန်ထွန်းနဲ့ အပေါင်းအသင်းတွေ ဖြစ်နေတယ်လို့ ဦး သိထားတယ်"

''ဟုတ် . . .''

'' ဒါကြောင့်ဖြစ်မယ်၊ သမီးက အခု အရင်လိုမဟုတ်တော့ဘဲ ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါးနဲ့ဆိုတော့ ဦးလည်း အတော်ဝမ်းသာမိတယ်။ ဒါနဲ့ အကြောင်းအရင်းကို စုံစမ်းကြည့်တော့ ထူးခြားချက်က မောင်ဟန်ထွန်းနဲ့ တော်ဒါတွေဖြစ်နေတာပဲ။ သမီးကို လူမမာတစ်ယောက်ဘဝကနေ အခုလို လူကောင်းတစ်ယောက် ပြန်ဖြစ်လာအောင် ကူညီတဲ့အတွက် မင်းကို ဦး အရမ်းကျေးဇူးတင်ပါတယ်''

ဘာတွေပြောမလဲဟု စိုးရိမ်စိတ်ပူနေသောဟန်ထွန်းလည်း အခုမှ သက်ပြင်းကို ခပ်ရဲရဲချလိုက်၏။

''ရပါတယ် ဦးရယ် . . . ကျွန်တော့်အနေနဲ့လည်း တကူးတကကြီး သီးသန့်လုပ်ဆောင်ပေးခဲ့တာမျိုးမှ မဟုတ်တာ . . ပြီးတော့ ကျွန်တော်ကြောင့် လူတစ်ယောက်ရဲ့စိတ်တွေ ပျော်ရွှင်ကျန်းမာလာတယ်ဆိုတော့ ကျွန်တော်လည်း ကုသိုလ်ရတာပေါ့၊ ကျွန်တော့်ကို ကျေးဇူးတင်စရာမလိုပါဘူး''

''မဟုတ်သေးဘူး မောင်ဟန်ထွန်းရဲ့၊ ကျေးဇူးကတော့ တင်မှကိုဖြစ်မှာ. . . ''

''ဗျာ. . . ဘာဖြစ်လို့လဲ''

''ဘာဖြစ်လို့လဲဆိုတော့ ဒီလိုလေ အရင်က သမီးကို မင်းက တကူးတက ကူညီခဲ့တာမဟုတ်ဘူးဆိုပေမယ့် အခုချိန်ကစပြီး တကူးတက ကူညီပေးဖို့ ဦးက မေတ္တာရပ်ခံပါတယ်၊ အဲဒီအတွက် ကျေးဇူးတင်မှုဖြစ်မှာမဟုတ်လား။ ကူညီပါနော် . . . မောင်ဟန်ထွန်း. . . ''

ဟန်ထွန်းမှာ သိပ်မကူညီချင်ရှာပေ။ ဝမ်းသာအားရ ချက်ချင်းပဲ. . .

''ဟာ. . . ရပါတယ် ဦးရဲ့၊ ဘာအပန်းကြီးတာမှတ်လို့ ကျွန်တော်ကူညီပါမယ်''

''ဒါဆိုရင်တော့ အတိုင်းမသိပါပဲ၊ မောင်ဟန်ထွန်းရယ်. . . ဦးအမျိုးအမင်ခင် အတော်ဝမ်းသာနေမှာ ဗျော့. . . ဒါက ဦးရဲ့လိပ်စာကတ်၊ မင်း

အနေနဲ့ ဘယ်လို အကြောင်းနဲ့ပဲဖြစ်ဖြစ် ဦးဆီကို အချိန်မရွေး. . . ဆက်သွယ်နိုင်တယ် ''

ဟန်ထွန်းက. . .

''ဟုတ်ကဲ့''

ဟုဆိုရင်း ဦးအောင်ပြည့်လှမ်းပေးသော လိပ်စာကတ်လေးအား ယူထားလိုက်ပါသည်။ သူ့ကို ဦးအောင်ပြည့်က နှုတ်ဆက်၏။

''ဒါဆိုရင် ဦးကို ပြန်ခွင့်ပြုပါဦး''

''ကောင်းပါပြီ ခင်ဗျာ. . .''

ထို့နောက်. . . အဘိုးကြီးက သူတို့အိမ်မှ ပြန်ထွက်ခွာသွားခဲ့ပါသည်။ ဟန်ထွန်းမှာ လုံးဝမထင်မှတ်ထားသည့် ယခုဖြစ်ရပ်၌ အိပ်မက်မက်သလို ခံစားနေရ၏။

ဟုတ်သည်လေ. . .။ ဘယ်လိုသမီးရှင် အဖေတစ်ယောက်က ယောက်ျားလေးအိမ်ကိုလာ၍ ဒါမျိုး ပြောဝံ့မည်နည်း။ ရှိလျှင်တောင် ရာနိုင်နှုန်း အလွန်နည်းပါးပေလိမ့်မည်။ ဒါပေမဲ့ သူ့ကို တယောရဲ့အဖေ ဦးအောင်ပြည့်က တကယ်ပဲ ထိုအတိုင်းလာပြောသွားခဲ့ပါသည်။

◈ ◈ ◈

## အခန်း ( ၉ )

ရန်ကုန်ဆောင်းတွင်း မနက်အစောကြီး၌ ဟန်ထွန်းက ခင်ဝမ်း၏ 'ပြည်မှာဆောင်း' သီချင်းကို ဂစ်တာတီး၍ဆိုနေခဲ့၏။ ဖေဖေက ဗန်ကောက်မှ တစ်ဆင့် မလေးရှားသို့ ဆက်သွားမှာမို့ နောက်တစ်ပတ်လောက်အထိ သူက အိမ်မှာ လွတ်လပ်ရေးရနေလေသည်။ အခုဆို တယောသည် ဟန်ထွန်းနဲ့ သွားမည့် ခရီးစဉ်များကို နိုးကြောင်နိုးဂုက် သွားစရာမလိုတော့. . .။ အားလုံး တရားဝင်သွားခဲ့ပြီ။

ဒီနေ့က တနင်္ဂနွေပိတ်ရက်ဖြစ်ပြီး ဟန်ထွန်းက အိမ်မှာ ပြုံးဝေနှင့်ရာဇာ တို့ကို တယောနဲ့တွေ့ဆုံပေးရန် စီစဉ်ထား၏။ ပြုံးဝေနှင့်ရာဇာတို့က သူ့အိမ်ကို မနက်ရှစ်နာရီကတည်းက ရောက်လာကြ၍ ဟန်ထွန်းလည်း ဆက်အိပ်လို့မရ တော့. . .။ တကယ်ချိန်းထားသည့်အချိန်က ကိုးနာရီမှဖြစ်သောကြောင့် တယော ကတော့ ရောက်မလာသေးပေ။

လမ်းထိပ်လက်ဖက်ရည်ဆိုင်ထွက်ရမှာ ပျင်းရိနေသဖြင့် အိမ်မှာပဲ ကော်ဖီ

နှင့်မုန့်ကို မနက်စာအဖြစ် စားလိုက်ကြသည်။ နောက် . . . သူတို့က ညေ့ခန်းထဲ၌ ဂစ်တာတီးပြီး သီချင်းဆိုရင်း တယောကို စောင့်နေခဲ့ပါသည်။

ဟန်ထွန်းသည် ကိုကို့ဆီမှ အမွေရလိုက်သော Yamaha Hallow Guitar လေးနှင့် 'ပြည်မှာဆောင်း'ကို ဆိုညည်းနေ၏။ ဖြိုးဝေနှင့်ရာဇာတို့က သီချင်းကို ခပ်တိုးတိုးလိုက်ဆိုကြပါသည်။ တစ်ခဏမျှ သီချင်းထဲမှာ သူတို့ နစ်မျော သွားမိ၏။

☐ တစ်လောကလုံးမှာXXX ခရမ်းနုရောင်ကလေးတွေ XXX မှိုင်းမှိုင်းဝေနေ
နှင်းဝတ်မှုန်တွေရဲ့ XXX အတားအဆီးမဲ့ XXX နယ်ကျွံမှုတွေ
ရင်ခွင်မှာတွယ်ငြိလာတဲ့ XXX အတိတ်ဆိုတဲ့ကမ္ဘာ. . .
အပေးအယူလေးကို XXX တောင်းဆိုဖို့ရာ XXX အလှမ်းဝေးနေပြီလား
နှောင်းနေချိန်မှာ XXX မထူးတော့တဲ့ XXX မျှော်လင့်ခြင်းတွေ
ရင်ခွင်မှာခံစားနေတဲ့ XXX ဘဝဆိုတဲ့ကမ္ဘာ. . .

CHO: [အနေဝေးရေဝေးမှာ XXX ဆုံးရှုံးသွားရတော့မယ့် XXX ပြည်မှာဆောင်း
ပြန်သင့်မပြန်သင့် XXX ဆုံးဖြတ်ခွင့်မရှိတော့တဲ့ XXX ပြည်မှာဆောင်း
အတွေးသံသရာရဲ့ XXX အလင်းနဲ့အမှောင်မှာ. . .
နေ့ရက်ဟောင်းတွေဟာ. . .
အခုမှရတဲ့ အခွင့်အရေးတစ်ခုအတွက်
အလုအယက် တိုးဝှေ့လာတယ်. . ]

☐ အဆုံးစွန်ထိသာ XXX တွေ့နိုင်ခဲ့ရင် XXX မဆုံးဖြတ်ခဲ့ပါဘူး
နှောင်းနေချိန်မှာ XXX မထူးတော့တဲ့ XXX မျှော်လင့်ခြင်းတွေ
အမှားဝက်ပါမှာ XXX စိတ်နောက်ကိုယ်ပါမိတော့. . .
ရင်ခွင်မှာ XXX နာကြည်းနေတဲ့ XXX နောင်တတွေနဲ့လူ. . .

ဂီတသံ၏ လှပသွဲ့ပြောင်းသော ဖျားယောင်းမှုကို သူတို့က လှုငယ်များစီစီ ငြိတွယ်လျက်ရှိကြသည်။ သီချင်းဆုံးသွားတော့ မထင်မှတ်ထားသော လက်ခုပ်သံများက အိမ်ပေါက်ဝဆီမှ ပေါ်ထွက်လာခဲ့၏။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . သီချင်းဆိုတာ သိပ်ကောင်းတာပဲ"

သူတို့အားလုံး ထိုမြင်ကွင်းကို ပြိုင်တူလှည့်ကြည့်လိုက်ပါသည်။ ဟော . . . တယောလေးပါလား။ သူမက အညိုရောင်ကုတ်အင်္ကျီအပါးလေးကို ဝတ်ထားပြီး တယောအညိုရောင်လေးမှာ ချစ်စရာကောင်းလှ၏။ ဟန်ထွန်းက ဂစ်တာကိုပိုက်ထားရင်း လှမ်းနှုတ်ဆက်သည်။

"ဟာ. . . တယော၊ ဘယ်လိုဖြစ်တာလဲ၊ စောလှချည်လား"

"အမယ်လေး. . . နင့်ဆီကိုရောက်တာ ငါ အစောဆုံးပဲဖြစ်မှာလို့ ထင်ထားခဲ့တာ. . . အခုတော့ ဘိတ်ချိုးဖြစ်နေပါလား ဟန်ထွန်းရဲ့. . . "

သူမ၏စကားကြောင့် ရယ်သံတွေ ဆူညံသွားခဲ့၏။ အခုမှ ရှစ်နာရီခွဲပဲ ရှိသေးတာမို့ တယောက အချိန်နာရီဝက်လောက်စော၍ ရောက်လာခဲ့ခြင်း ဖြစ်သည်။ ဟန်ထွန်းက ရယ်မောသံများ ခဏရပ်သွားချိန်၌ တယောနှင့် ဟိုနစ်ယောက်အား မိတ်ဆက်ပေးလိုက်ပါသည်။ လူတွေကိုမြင်တော့ ရာဇာနှင့်ဖြိုးဝေတို့မှာ ဟန်ထွန်း ပြောထားသလို မဟုတ်ကြောင်းကို တယောသိလိုက်၏။ ချက်ချင်းဆိုသလိုပဲ သူတို့ အဖွဲ့ကျသွား၏။

ခဏကြာတော့ သူတို့တစ်တွေနှင့် သူမသည် တကယ့်ငယ်ပေါင်းများပမာ ရင်းနှီးကျွမ်းဝင်သွားကြလေသည်။ တယောရဲ့ ချစ်စရာအမူအရာလေးတွေနှင့် ချွဲချွဲ အီအီအသံလေးများကို ဟန်ထွန်းက အသေးစိတ်ရင်ခုန်နေမိ၏။ တယောက သူ့ကို ပြောသည်။

"ဟန်ထွန်း နင် ဂစ်တာတီးကျွမ်းသားပဲ. . . ငါ့ကို ခုနတုန်းကဆိုတဲ့ သီချင်း ပြန်ဆိုပြပါလား"

"နင် ကြိုက်လို့လားဟင်"

"အေး. . . ကြိုက်တယ်"

ဒီလိုနှင့်သူတို့သည် 'ပြည်မှာဆောင်း'ကို ဒုတိယအကြိမ်မြောက် ထပ်ဆိုဖြစ်ကြလေသည်။ သူမက သီချင်းကို မရဘဲနှင့် အမှားတွေ လိုက်ဆိုနေပြန်၏။ တယောသည် ယောက်ျားလေးတွေကြားထဲမှာ မျက်နှာပြောင်သော ဗရုတ်သုတ်ခ မလေးလည်းဖြစ်ပါသည်။

ဂစ်တာတီး။ ယော်တောက်ဝိုင်း။ တီဗွီကိမ်း။ ကာရာအိုကေ. . . အားလုံးကို သူမ ဝင်ရှုပ်သည်။ အစ်ကိုတွေကို နွဲ့ဆိုးဆိုးသည့် ညီမငယ်တစ်ယောက်ပုံစံနှင့်မို့ သူမကို ဖြိုးဝေတို့ရာဇာတို့ကလည်း တမင်အရွှံ့ပေးကာ ဆော့ကြ၏။ အနိုင်ရလျှင် တယောလေးက ပျော်ရွှင်မြူးတူးစွာ အောင်ပွဲခံတတ်သည်။

သူမအဖေ ဦးအောင်ပြည့်ကိုယ်တိုင် သူ့လက်သို့ အပ်ထားရသည့် အဝိက အကြောင်းမှာလည်း တယောလေး အခုလို ပျော်ရွှင်နေစေရန်ဖြစ်ပါသည်။ ထို တနင်္ဂနွေနေ့ တစ်နေ့လုံးနီးပါး တယောက သူ့အိမ်မှာ အချိန်တွေကို ကုန်ဆုံးပစ်ခဲ့၏။ သူမဆီမှာ များပြားလှသော ကိုယ်ပိုင်ကစားနည်းတွေပါ ရှိသည်။ သူတင်မဟုတ်ဘဲ ရာဇာရော ဖြိုးဝေပါ သူမရဲ့ကစားနည်းတွေမှာ ပါဝင်ပေးကြရ၏။

ထိုသို့ဖြင့် တစ်နေကုန် ဆော့ကစားခဲ့ကြပြီးနောက် ညနေအိမ်ပြန်ချိန်ကို ရောက်လာသည်။ တယောတို့အိမ်မှ လွှတ်လိုက်သော ကားလာမကြိုမီ သူမက ဟန်ထွန်းကို ထူးထူးဆန်းဆန်းတစ်ခု တောင်းဆိုလေ၏။

"ဟန်ထွန်း. . . ငါ အလုပ်လုပ်ချင်တယ်ဟာ. . ."

"ဘာ. . . ဘာ. . . ဘာလုပ်ချင်တယ်"

"ငါ အလုပ်လုပ်ချင်တယ်လို့ ပြောနေတာ. . ."

"အေး. . . ကောင်းသားပဲ၊ နင်က ဘာအလုပ်လုပ်ချင်တာလဲ၊ လပြည့်ဝန်းလိုနေရာမျိုးမှာ Fashion ဆိုင်လေးတစ်ဆိုင်လောက် ဖွင့်ပါလား၊ အဲဒါဆိုရင် ငါ့မှာ အဲဒီဆိုင်အတွက် ပစ္စည်းတွေသွင်းတဲ့ အသိရှိတယ်"

ဟန်ထွန်းပေးသည့်အကြံကို သူမက နှာခေါင်းရှုံ့ကာ အပြင်းအထန် ရှုတ်ချလိုက်သည်။

"ဟန်ထွန်းရာ နင်ကလည်း. . . ငါ့မှာ အဲဒီလောက်အရင်းအနှီး ဘယ်

ရှိမှာလဲ''

''နင့်မှာမရှိရင် ဦးဆီကတောင်းပေါ့၊ အလုပ်လုပ်ဖို့ဆိုရင် ဦးက ပေးမှာပါ၊ ငါလည်း ဝိုင်းပြောပေးမယ်လေ. . .''

''ငါပြောတဲ့အလုပ်ဆိုတာ တစ်နေရာရာမှာ လူကိုယ်တိုင်အလုပ်ဝင်လုပ်ချင်တာဟ. . .၊ ကုမ္ပဏီစာရေးပဲ ဖြစ်ဖြစ်၊ အရောင်းဝန်ထမ်းပဲဖြစ်ဖြစ်. . . တစ်ခုခုပေါ့''

သူမရဲ့စကားကြောင့် ဟန်ထွန်းက ရယ်မောမိသွား၏။

''တယောရယ်. . . စိတ်ကူးယဉ်မနေစမ်းပါနဲ့၊ အဲဒါမျိုးအလုပ်တွေ နင်ဘယ်လိုလုပ် လုပ်နိုင်မှာလဲ၊ ပြီးတော့ နင့်အဖေကရော ခွင့်ပြုမှာတဲ့လား''

''အဖေ့ကို နင်ပြောပေးပေါ့''

''ကဲ. . . ဟုတ်ပြီ၊ ငါပြောပေးလိုက်လို့ နင့်အဖေက နင့်ကို အလုပ်လုပ်ခွင့်ပြုလိုက်ပြီပဲထား. . .၊ ဘယ်ကုမ္ပဏီက နင့်ကို အလုပ်ခန့်မှာလဲ၊ နင်ကရော ဘာလုပ်တတ်လို့လဲ. . .''

''ဒါလေးများ. . . နင်တို့ကုမ္ပဏီမှာ ငါ့ကို အလုပ်ခန့်လိုက်ပေါ့၊ ငါကတော့ ဘာမှမလုပ်တတ်ဘူး၊ ဒါပေမဲ့ နင်တို့ သင်ပေးပေါ့၊ တဖြည်းဖြည်းနဲ့ တတ်လာမှာပေါ့. . .''

''ဟိုက်. . .''

ဟန်ထွန်းမှာ လက်ဖဝါးနှင့် ကိုယ့်နဖူးကို ရိုက်ချလိုက်မိသည်။ တယော၏ အကြံပိုင်ပုံနှင့် စကားလုံးအခင်းအကျင်းတွေရဲ့ ရည်ရွယ်ချက်ကို အခုမှပဲ ဘွင်းဘွင်းရှင်းရှင်းကြီး သူနားလည်ခဲ့ရ၏။

''ဘာလဲ ဟန်ထွန်း. . . ဟိုတစ်ခေါက်တုန်းက နင်ပြောတော့ ဝန်ထမ်းအသစ်တွေကို နင်က အင်တာဗျူးပြီး အလုပ်ခန့်ရတာဆို. . . နင်က ငါ့ကို အလုပ်ခန့်ခွင့်ဘူးလား ''

သူမ၏ မျက်နှာထားနှင့်လေသံကြောင့် သူက. . .

''မဟုတ်ပါဘူး တယောရဲ့. . . ဟို၊ ဟိုလေ. . .''

"ဘာဟိုတွေ၊ ဒီတွေလုပ်မနေနဲ့. . . နင် ငါ့ကို အလုပ်ခန့်မှာလား၊ မခန့်ဘူးလား။ ဒါပဲပြော. . ."

"အင်. . ."

သူမကိုကြည့်ရတာ တကယ် ဒေါသတွေ ထွက်နေ၏။ သူ့ခမျာလည်း ဘာဆက်လုပ်ရမှန်းမသိ. . .၊ ရင်ထဲမှာ အရှိန်အဟုန်တစ်ခုကြောင့် အနေရအထိုင်ရ ခက်လျက်ရှိသည်။ တယောဆီမှ အသံထပ်ထွက်လာ၏။

"နင်က ဘာသဘောလဲ ဟန်ထွန်း၊ ဒါ ငါ့အရည်အချင်းကို နင်က မယုံတဲ့သဘောပဲ"

"မဟုတ်ပါဘူး တယောရာ. . ."

"အဲဒါဆိုရင် အလုပ်ခန့်လိုက်လေ. . ."

"အေး. . . ခန့်တယ်ဟာ၊ ခန့်တယ်၊ ဟုတ်ပြီလား"

ဟန်ထွန်းလည်း ဘယ်လိုမှ စိတ်ညစ်မခံနိုင်သည့်အဆုံးတွင် သူမကို အသားလွတ်ကြီး အလုပ်ခန့်လိုက်ရလေသည်။

"ပြီးရော. . . အဲဒါဆိုရင် ငါပြန်မယ်၊ ဟိုမှာ အိမ်ကကား လာကြိုနေပြီ"

သူ့ခမျာ စကားပြန်မပြောနိုင်ဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်၏။ သူမ နားမှာ လာရပ်ပေးသော ကားပေါ်မတက်မီ သူ့ကိုလှည့်၍ပြောသည်။

"ဒီနေ့ တနင်္ဂနွေဆိုတော့ မနက်ဖြန် တနင်္လာနေ့၊ ငါမနက်ဖြန်ကျရင် နင်တို့ကုမ္ပဏီကို ရုံးလာတက်မယ်၊ အိုကေနော်. . ."

ဟန်ထွန်းသည် ထပ်ဆင့်၍ ခေါင်းကိုပဲ ညိတ်ပြလိုက်ရ၏။ သူမ တစ်ယောက် ကားပေါ်တက်ထိုင်ခါစမှာပဲ ဒရိုင်ဘာက ဝူးခနဲ မောင်းထွက်ခဲ့လေသည်။

သူက သက်ပြင်းရှည်ကြီးတစ်ချက်ကို မော်တော်ကားအင်ဂျင်သံများနှင့် အပြိုင်ချလိုက်မိပါသည်။

◈ ◈ ◈

## အခန်း ( ၁၀ )

ဟန်ထွန်းသည် မနက်ရှစ်နာရီခွဲကတည်းက ကုမ္ပဏီရုံးခန်းသို့ရောက်ခဲ့၏။ အကြောင်းမှာ တယောလေး ဒီနေ့ သူတို့ကုမ္ပဏီတွင် စ၍အလုပ်ဆင်းမည် မဟုတ်ပါလား။ တော်ကြာ သူမရောက်ခင် တယောအရင်ရောက်လာပါက ကုမ္ပဏီဝန်ထမ်းတွေနှင့် မလိုလားအပ်သောပြဿနာတွေ ဖြစ်လာနိုင်သောကြောင့် ကုမ္ပဏီကို ဟန်ထွန်း အစောကြီး လာစောင့်နေရခြင်းဖြစ်လေသည်။

တခြားကုမ္ပဏီဝန်ထမ်းများက ဟန်ထွန်း ကုမ္ပဏီသို့ စောစောစီးစီး ရောက်နေသဖြင့် အံ့အားသင့်လျက်ရှိကြ၏။ ဟန်ထွန်းက သူတို့၏အံ့အားသင့်နေသည့် မျက်လုံးတွေကို မသိချင်ယောင်ဆောင်ရင်း တယောလေးကို သူ့ရုံးခန်းထဲမှာ ထိုင်စောင့်နေပီ၏။ အချိန်တွေက တရွေ့ရွေ့နှင့် ကုန်ဆုံးသွား၏။ နာရီကို သူလှမ်းကြည့်တော့ နေ့လယ်( ၁၂ )နာရီပင် ထိုးတော့မည်။ သူမက အခုထိ ရောက်မလာသေး. . .။ ဟန်ထွန်းမှာ သိပ်စိတ်မရှည်ချင်တော့ဘဲ ဒေါပွလာ၏။

ပထမဆုံး အလုပ်ဝင်မည့် ကုမ္ပဏီဝန်ထမ်းတစ်ယောက်ဟာ ဘာကြောင့်

ဖြစ် အလုပ်ချိန်ကိုတော့ လေးစားဖို့ကောင်းပါသည်။ ဒီပုံအတိုင်းသာဆိုပါက တခြား ဝန်ထမ်းများရှေ့တွင် တယောကို သူ ဘယ်လိုပြောဆို ဆုံးမရမည်နည်း။

နောက်. . . ဖေဖေ။ ဒါတွေကို ဖေဖေပြန်သိလျှင် သူ့ကို အထင်သေး သွားနိုင်၏။ ဖေဖေက သူ အထင်မကြီးလောက်သောသူများကို ခပ်ပြတ်ပြတ်ပဲ ဆက်ဆံတတ်သည်။ သူတို့ကုမ္ပဏီမှာ တယော အလုပ်လုပ်မည့်အကြောင်းကို ညက သူ ဦးအောင်ပြည့်ဆီ ဖုန်းဆက်၍အသိပေးတော့ အဘိုးကြီးက ဝမ်းမြောက် ဝမ်းသာဖြစ်နေ၏။ ဦးအောင်ပြည့်က ဖုန်းထဲတွင် သူ့သမီးလေး အခုလို လူတော တိုးလာအောင် ကူညီသည့်အတွက် ဟန်ထွန်းကို ကျေးဇူးတင်ကြောင်း ရှေ့ဆက်၍ လည်း စောင့်ရှောက်ပေးဖို့အပ်ပါကြောင်း၊ သူနှင့်ဆို သမီးကို စိတ်ချပါကြောင်း စသဖြင့် ပြောသွားခဲ့၏။

ဟန်ထွန်းက သူ့တပည့်စိုးကျော်ကို မှာစရာရှိတာမှာရန် စားပွဲပေါ်မှာ အင်တာကွန်းခလုတ်ကို ဖွင့်လိုက်စဉ်မှာပဲ အခန်းထဲသို့ စိုးကျော် ကမျာကယာနှင့် ဝင်လာပြီး. . .

"ဆရာ့ကို တယောဆိုတဲ့ကောင်မလေးက တွေ့ချင်တယ်တဲ့. . . သူ့ကိုယ်သူလည်း ဒီကုမ္ပဏီရဲ့ဝန်ထမ်းလို့ ပြောနေတယ်ဆရာ. . . အဲဒါ. . ."

ဟန်ထွန်းက စိုးကျော်စကားမဆုံးခင် ဖြတ်၍ပြောလိုက်၏။

"ငါ့ဆီ အမြန်ဆုံးခေါ်ခဲ့. . ."

စိုးကျော် လှည့်ထွက်သွားတော့ ဟန်ထွန်းမှာ သက်ပြင်းချပြီး ခေါင်းကို ကုလားထိုင်နောက်မှီပေါ် လှန်ချထားလိုက်၏။ သိပ်မကြာခင် တယောလေး သူ့အခန်းဆီ ရောက်လာသည်။ ရောက်ရောက်ချင်းပဲ သူမက. . .

"အမယ်လေး ဟန်ထွန်းရယ်. . . နင်က တော်တော်ကြီးကျယ်ပါလား။ ငါ့မှာ နင်နဲ့တွေ့ရဖို့ အဆင့်ဆင့်လာနေရတယ်။ နင်က ငါ့ကို ဘာဖြစ်လို့ ထွက် မစောင့်နေတာလဲ"

ဗုဒ္ဓေါ. . . သူမကပင် သူ့ကို ပြန်၍ အပြစ်တင်နေသေးသည်။ သူက သူမကို မျက်လုံးပြူးပြလိုက်၏။ စိုးကျော်က အကင်းပါးစွာ အခန်းထဲမှ ချက်ချင်း

ပြန်ထွက်သွားပါသည်။ ဒီတော့မှ ဟန်ထွန်းက. . .

"နင်ရောက်လာတာ ဘယ်အချိန်ရှိနေပြီလဲ တယော. . ."

သူ့မေးခွန်းကြောင့် သူမက နာရီကို တစ်ချက်ငုံ့ကြည့်၏။ ပြီးတော့ ဘာမှမဖြစ်သလိုနှင့်. . .

"( ၁၂ ) နာရီ ငါးမိနစ်"

ဟု အတိအကျပြန်ဖြေသည်။ ဟန်ထွန်းက အချိန်သိချင်လို့ သူမကို မေးနေသလို. . . တယောလေးက ရှူးချင်ယောင်ဆောင်နေလေသည်။

ရုတ်တရက်တော့ သူ စိတ်တိုသွားသေး၏။ ဒါကမှတော်ဝန်ထမ်းအစစ်မှ မဟုတ်တာ၊ တယောလေးပဲဆိုသည့်အသိနှင့် ဟန်ထွန်းမှာ စိတ်ကိုလျှော့ချလိုက်ရ၏။ သူမနှင့် ရှေ့လျှောက်တော့ခက်ပြီ။ တယောကိုပြောရန် စဉ်းစားထားသမျှတွေ အားလုံးလည်း ဘာမှမပြောချင်တော့. . .။ မပြောချင်တော့တာထက် ပြောအားမရှိတော့တာဆိုလျှင် ပိုမှန်ပေလိမ့်မည်။

သူ စိတ်အိုက်နေပုံကိုမြင်တော့ တယောက မျက်လုံးလေး ကလယ်ကလယ်နှင့် အကဲခတ်ကြည့်နေ၏။ ဟန်ထွန်းက သူမ၏ဘဝအခြေအနေနှင့် ဖြတ်သန်းမှုကို တွေးမိလိုက်တော့ ခွင့်လွှတ်စွာပြုံးမိသွားပါသည်။ သူက ခွင့်လွှတ်သော်လည်း တခြားလူတွေက ခွင့်လွှတ်မှာမဟုတ် . . .၊ ဒါကြောင့် ဟန်ထွန်း အနေနှင့် သူမကို ပြောစရာရှိတာတွေ အားလုံးပြောပြထားမှ တန်ကာကျပေမည်။ ဟန်ထွန်းက အပျော့ပြောင်းဆုံးလေသံကိုသုံး၍ သူမအား. . .

"တယော. . .

"ဘာပြောမလို့လဲ . . . ပြော. . ."

သူမက ဘုဆတ်ဆတ်နဲ့ တုံ့ပြန်လိုက်သဖြင့် ဟန်ထွန်းက. . .

"ဟာ. . . နင်က ငါ့ကို စိတ်ဆိုးနေတာလား. . .၊ ငါဘာလုပ်မိလို့လဲ"

"ဘာလုပ်မိလို့လဲ၊ ဟုတ်လား. . . နင် ငါ့ကို စရောက်ကတည်းက ဆက်ဆံတာ အချိုးမပြေဘူးနော်၊ ပြောတဲ့လေသံရော၊ မျက်နှာထားရော. . . အခင်လိုမဟုတ်တော့ဘူး"

"မဟုတ်ပါဘူး တယောရယ်. . . အဲဒီလိုအထင်လွဲပြီး ငါ့ကို စိတ်မဆိုးပါနဲ့၊ တခြားကိစ္စတစ်ခုကြောင့် ငါစိတ်တိုနေတာပာ. . . အဲဒါ နင်ရောက်လာတဲ့အချိန်နဲ့ တိုက်ဆိုင်သွားပြီး ဒေါသက မပြေသေးတော့ နင့်ကိုပါ လေသံမာသွားမိတာပါ. . . ဆောရီးနော် "

တယောက သူ့အကြောင်းပြချက်ကြောင့် ချက်ချင်းပဲ ကျေအေးလိုက်၏။

" အဲဒါဆိုလည်းပြီးရော. . . ဒီတစ်ခါ ငါ ခွင့်လွှတ်လိုက်မယ် "

"အေးပါဟာ. . . နင့်ကျေးဇူးက ကြီးလှပါတယ်"

ရုတ်တရက် သူ့အခန်းအပြင်ဘက်မှ ဝါးခနဲ ရယ်သံများ ပေါ်ထွက်လာပါသည်။ ဟန်ထွန်းက သူ့ကိုယ်သူ မလုံခြုံစွာ အခန်းတံခါးနှင့်နံရံများကို ဟိုဟိုသည်သည် ဝေ့ကြည့်မိ၏။ အားလုံး ပုံမှန်အတိုင်းပဲဖြစ်သည်။ ဟန်ထွန်းအကြည့်တွေက သူ့စားပွဲပေါ်မှ အင်တာကွန်းခလုတ်ဆီသို့ ရောက်သွားသည်။

ဟာ. . . သွားပြီ။ ဟန်ထွန်းသည် သူစောစောတုန်းက ပြန်ပိတ်ဖို့မေ့နေသော အင်တာကွန်းခလုတ်ကို အမြန်လှမ်းပိတ်လိုက်၏။ ဒါပေမဲ့ တော်တော် နောက်ကျနေလေပြီ။ ခုနက ကြားရသော အပြင်ဘက်မှ ရယ်သံများ၏ အရင်းအမြစ်ကို သဘောပေါက်ကာ ဟန်ထွန်း ရှက်နေမိသည်။ အင်တာကွန်းမှ တစ်ဆင့် သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးကို ကုမ္ပဏီကလူတွေ အကုန်သိကုန်ကြပါသည်။

တယောကိုကြည့်လိုက်တော့ သူမကလည်း အခြေအနေကို ပါးနပ်စွာ သဘောပေါက်နေနှင့်၏။ သူမမျက်နှာပေါ်မှာ ပန်းနုရောင် ရှက်သွေးကြွနေလေသည်။

"တယော. . ."

"ဘာလဲ. . ."

သူမက ရယ်ချင်စိတ်ကို အတင်းတားပြစ်နေသော်လည်း မအောင်မြင်ဘဲရှိ၏။

"နင် ဒီကုမ္ပဏီမှာ အလုပ်မလုပ်ပါတော့ဘူးနော်လား. . . ဟာ. . . ဘာမှ

လည်းမတတ်ဘဲနဲ့ ရှက်စရာကြီး. . .''

''အာ. . . မရပါဘူး။ မတတ်ရင် သင်မှာပေါ့။ ဒါရှက်စရာလား။ လုပ်မှာပဲ''

''တယောရာ. . . နင်က လိမ္မာရဲ့သားနဲ့''

''ဟင့်အင်းကွာ. . . ငါအလုပ်လုပ်ချင်တာ လုပ်မှာပဲ၊ အလုပ်က အခုမှ ရမယ်တောင် မကြံသေးဘူး။ ပြုတ်သွားရင် ငါ့ကို သူများတွေ ဟားကုန်ကြမှာပေါ့''

''သူများတွေဆိုတာ ဘယ်သူတွေလဲ''

''ငါတို့အိမ်က လူတွေပေါ့။ အိမ်ဖော် ဒေါ်ဌေးရယ်၊ ခြံစောင့် ထောက်ကြီးရယ်၊ ဒရိုင်ဘာ ကိုကြည်ရယ်. . . သူတို့ သုံးယောက်စလုံးကို ငါက အလုပ်ရပြီဆိုပြီး မုန့်ဖိုးတောင် တစ်ယောက်တစ်သောင်းစီ ပေးခဲ့သေးတယ်''

ဟန်ထွန်းမှာ တယောကို ဘယ်လိုမှ ပြောလို့မရမည့်အတူတူ အရှက်ကို ဘေးချိတ်၍ မျက်နှာပြောင်တိုက်ပြီး ဒီကုမ္ပဏီ၌ အလုပ်ခန့်လိုက်ရသော ရှိတော့လေသည်။

''နင့်ကို အလုပ်ခန့်ရင် ငါပြောတဲ့စည်းကမ်းတွေကိုတော့ အပြည့်အဝ လိုက်နာရမယ်နော်''

''အေးပါဟ. . .''

''နံပါတ်တစ်အချက်က ဒီကုမ္ပဏီရဲ့ရုံးချိန်မှာ နင် ငါ့ကို ဟန်ထွန်းလို့ မခေါ်ရဘူး''

''ငါးဖောင်ရိုးလို့. . . ခေါ်ရမှာလား''

''နင်နော်. . . သေမယ်။ အလုပ် မလုပ်ချင်ဘူးနဲ့တူတယ်''

''အလကားစတာ၊ အလကားစတာ . . . နင့်ကို မနောက်တော့ဘူး နော်. . . ဟန်ထွန်း။ ဟဲ. . . ဟဲ. . . ဟဲ. . .''

''တကယ်ပြောတာနော်''

''တကယ်ပါ။ ကဲ. . . ပြော. . . ပြော. . . နင့်ကို ငါ ဘယ်လိုခေါ် ရမလဲဆိုတာ. . .''

''ဆရာလို့ ခေါ်ရမယ်''

သူ့စကားကြောင့် တယော၏မျက်နှာလေး ရှုံ့မဲ့သွား၏။

"ဘာလဲ. . . မခေါ်ချင်ဘူးလား"

"အာ . . . မဟုတ်ပါဘူး။ ခေါ်မယ်. . . ခေါ်မယ်. . . ဆရာလို့ ခေါ်မယ်"

"ဟုတ်ပြီ. . . အဲဒါဆိုရင် စည်းကမ်းနံပါတ်နှစ်ကို ပြောမယ်၊ သေချာနား ထောင်. . ."

သူ့စကားကိုမဆက်ဘဲ သူမအား တစ်ချက်အကဲခတ်ကြည့်မိ၏။ တယောလေးက အဝိုးကျိုးစွာနှင့် သူပြောလာမည့်စကားကို သေသေဝပ်ဝပ် စောင့်ဆိုင်းနေပါသည်။

"နံပါတ်နှစ်အချက်က နင်ဟာ ဒီကုမ္ပဏီရဲ့ ဝန်ထမ်းတစ်ယောက် ဖြစ်သွားပြီမို့ တခြားမိန်းကလေးဝန်ထမ်းတွေလိုပဲ ရုံးဝတ်စုံကိုဝတ်ရမယ်၊ ကုမ္ပဏီ စည်းကမ်းအတိုင်း ထမင်းစားချိန်မှာ ထမင်းစားရမယ်၊ မနက်ကိုးနာရီအတိမှာ ရုံးကို ရောက်အောင်လာရမယ်၊ အိမ်ပြန်မယ်ဆိုလည်း ရုံးဆင်းတော့မှ အများနည်း တူပြန်ရမယ် . . ."

"ဒါပဲလား . . ."

"ကျန်သေးတယ်. . . ကိုယ့်အထက်လူကြီး စကားပြောနေရင် အခု လိုမျိုး ဖြတ်မပြောရဘူး တယော. . ."

"ဩော် . . . နင်က ငါ့အထက်လူကြီးလား. . . မသိလို့ပါ. . . စိတ် မဆိုးပါနဲ့နော်. . . ဟန်ထွန်း. . . အဲ . . . ဟို. . . မဟုတ်ပါဘူး စိတ်မဆိုး ပါနဲ့နော်. . . ဆရာ. . ."

ဟန်ထွန်းက သူမ၏ အပြုအမူနှင့်စကားများကို ရယ်ချင်နေသည်။ ဒါပေမဲ့ သူက ရုပ်တည်နှင့်ခွင့်လွှတ်ကြောင်း ခေါင်းတစ်ချက်ညိတ်ပြကာ စည်းကမ်း နံပါတ် သုံးကို ဆက်ပြော၏။

"နံပါတ်သုံးအချက်က ကုမ္ပဏီဝန်ထမ်းအချင်းချင်းကို လေးလေးစားစား ဆက်ဆံရမယ်၊ ပြီးတော့ သူများအလုပ်လုပ်သလို လုပ်ရမယ်၊ အချောင်ခိုချင်

တဲ့စိတ်ရှိရင် အခုထဲက ဖျောက်ထားနော်. . . တယော. . .''

''ဟုတ်ကဲ့ပါဆရာ. . . စည်းကမ်းနံပါတ်လေးကို ဆက်ပြီးမိန့်ကြားပါ''

''တယောနော် ဘာလဲ. . . နင်က ငါ့ကိုရွဲ့နေတာလား''

''မဟုတ်ပါဘူးဆရာရယ်. . . လုံးဝမဟုတ်ပါဘူး''

သူ့ကိုရွဲ့ပြောမှန်း ဟန်ထွန်းက သိသိကြီးနှင့် ခွင့်လွှတ်လိုက်ရပြန်သည်။

''အေး. . . အဲဒါဆိုလည်း ပြီးရော. . . စည်းကမ်းနံပါတ်လေးက ရှုပြီး ပြောရင် အလုပ်ထုတ်ပစ်မယ် ဒါပဲ. . .''

သူမက မျက်လွှာလေးချကာ ခေါင်းကိုလည်း အနည်းငယ်ငုံ့ထား၏။ နောက်. . . ဟန်ထွန်းကို မဝံ့မရဲလှမ်းကြည့်ရင်း မေးပါသည်။

''ဆရာပြောစရာရှိတာ ပြောပြီးသွားလို့ရှိရင် ကျွန်မ မရှင်းတာလေးတွေ မေးလို့ရမလားမသိဘူး''

''မေးပါ. . .''

''နံပါတ်တစ်မေးချင်တာက ဒီကုမ္ပဏီမှာ ကျွန်မက ဘာရာထူးနဲ့ ဘယ်တာဝန်ကို ထမ်းဆောင်ရမလဲဆိုတာသိချင်ပါတယ်''

''အဲ. . .''

ရုတ်တရက်ဆိုတော့ ဟန်ထွန်း အငိုက်မိကာ စဉ်းစားရကျပ်သွား၏။

''အဲ. . . အဲဒါကို နောက်နေ့မှ ငါပြောမယ်။ အခုလောလောဆယ် တော့ နင့်ကို ကောင်မလေးတစ်ယောက်နဲ့ တွဲပေးထားမယ်။ သူလုပ်တဲ့ဟာတွေ ကို နည်းနည်းပါးပါး နင်က ဝိုင်းကူလုပ်ပေးလိုက်ပေါ့''

''ဟုတ်ပြီ. . . အဲဒါဆိုရင် ဆရာ့ကို နံပါတ်နှစ်အချက်မေးမယ်''

သူ့စိတ်ထဲတွင် ငါ့ကိုလိုက်ရွဲ့နေတာများလား။ ဟုတ်ရင်ဟုတ် မဟုတ်လို့ ကတော့ တွေ့မယ်ဟု တွေးလိုက်၏။

''ကဲ. . . ဘာမေးချင်လို့လဲ၊ မေး. . .''

''တခြားတော့မဟုတ်ပါဘူး၊ ကျွန်မ လစာဘယ်လောက်ရမလဲ ဆိုတာ သိချင်လို့ပါ''

"အဲ. . . အဲ. . . အဲဒါလည်း မနက်ဖြန်ကျမှ နင့်ရဲ့ ရာထူးကို သတ်မှတ်ပေးပြီး ပြောမယ်. . . ဟုတ်ပြီလား. . . တခြားရော ဘာပြောစရာရှိသေးလဲ"

"ဆရာ့ကို တောင်းပန်ချင်တယ်"

"ဟေ. . . ဘာဖြစ်လို့လဲ"

"ဒြေဘ်. . . ဒီနေ့မနက်က ကျွန်မ ရုံးလာတာနောက်ကျသွားလို့ တောင်းပန်တာပါ"

"ဘယ်လိုဖြစ်လို့ အဲဒီလောက်တောင် နောက်ကျနေရတာလဲ"

"အိမ်မှာ အဖေက ဆရာဝန်ခေါ်ပြီး ကျွန်မကို အားဆေးသွင်းပေးနေလို့ပါဆရာ. . ."

အို. . . သူမကို သနားသွားမိပါသည်။ တယောလေးဟာ ရောဂါသည်လေးတစ်ယောက်ဆိုတာ သူ မေ့လျော့နေမိခဲ့သည်မဟုတ်ပါလား။

"အခုရော. . . ဘယ်လိုနေသေးလဲ"

"အခုတော့ ကောင်းသွားပါပြီ"

"ဟုတ်လို့လား။ ဒီနေ့အလုပ်မဆင်းရင် မဆင်းနဲ့လေ၊ နေမှမကောင်းတာ. . . အိမ်မှာ ပြန်နားလိုက်ပါလား"

သူမက ဟန်ထွန်း၏စကားကို အနည်းငယ်စဉ်းစားနေပါသည်။ ပြီးမှ. . .

"အင်းပေါ့လေ. . . ဒါရုံးချိန်ပဲ ဆရာ့စကားကို နားထောင်ရတာပေ့ါ"

ဟန်ထွန်း ပြုံးသွားရသည်။ သူမ၏ ချွဲချွဲအီအီနှင့် ချိုမြိန်သောစကားလုံးများကို သူဘာကြောင့် ငြီးငွယ်နေရသလဲဆိုတာ အခုတော့ ကောင်းကောင်းနားလည်သွားပါပြီ။

ထိုနေ့က တယောလေးကို သူကိုယ်တိုင်ကားမောင်းပြီး အိမ်ပြန်ပို့ပေးခဲ့ပါသည်။ ကုမ္ပဏီမှ ဝန်ထမ်းတွေသည် သူတို့နှစ်ယောက်အကြောင်းများကို တီးတိုးတီးတိုးနှင့် ပြောဆိုကျန်ရစ်ခဲ့မှာသိသော်လည်း ဟန်ထွန်းက သူမကို ကိုယ်တိုင်ပြန်ပို့ပေးခဲ့ပါသည်။

အချစ်စိတ်၏ ထူးခြားချက်တစ်ခုမှာ တစ်ခါတစ်ရံ ပတ်ဝန်းကျင်မှ ထင်မြင်

ချက်များကို သိပ်ဂရုမစိုက်တတ်ခြင်းပင်ဖြစ်၏။

## အခန်း ( ၁၁ )

ထိုနေ့မနက်က ရန်ကုန်မြို့သည် ဆောင်းဥတုပီသစွာ တစိမ့်စိမ့်အေးမြ ခြောက်သွေ့နေသော လေထုများဖြင့် ပြည့်လျှံကျနေပါသည်။ ခရစ်စမတ်မတိုင်မီ ကာလမို့ ဆောင်းရဲ့ အလယ်တည့်တည့်နေရာနားတစ်ဝိုက်သို့ ရောက်နေခဲ့ပါ၏။ ဒါကြောင့်လည်း အအေးဓာတ်က ပြီးခဲ့သည့်အပတ်တုန်းကထက် သိသိသာသာပို၍ စိုးမိုးလွှမ်းခြုံထားပါသည်။

ပတ်ဝန်းကျင်တစ်ခုလုံးကို နှင်းမြူတွေသိမ်းပိုက်ထားပုံမှာ ရှေ့ဆယ်ပေ ကျော်လျှင် ဘာကိုမှမမြင်ရတော့လောက်အောင် ပိန်းပိတ်လျက်ရှိ၏။ ဟန်တွန်းသည် သူ့မျက်စိရှေ့ရှိ အဖြူရောင်ထုထည်ကြီးအား အရသာခံနေကာ ကမ္ဘာဦးသွားရန်ပင် မေ့လျော့နေမိသည်။ ရုတ်တရက် သူ့ဟန်းဖုန်းလေးဆီမှ မြည်သံကြားရ၏။ ဘယ်သူလဲဟု နံပါတ်ကိုကြည့်လိုက်တော့ 'တယော' ဖြစ်နေ၏။

မနက်စောစောစီးစီး တယောက ဖုန်းလှမ်းဆက်တာကို သူ အံ့သြသွားပါ သည်။ ဖုန်း Display ပေါ်မှာ နာရီက ကိုးနာရီထိုးတော့မည်ဖြစ်ကြောင်း တွေ့

ရသဖြင့် သူ ပိုပြီးအံ့သြသွား၏။ ဒီအချိန်အထိ မေမထွက်နိုင်၊ ထူထဲလွှမ်းနေသော နှင်းမြူတွေအကြောင်းကို ဟန်ထွန်း သိပ်ကြာကြာမစဉ်းစားနိုင်ပေ။ သူက တယော၏ ဖုန်းကို ပြန်ဖြေလိုက်ပါသည်။

"ဟဲလို. . . တယောလား"

"ဩော်. . . နင်ကလည်း ဒီဖုန်းနဲ့ဆက်မှတော့ ငါပေါ့ဟဲ့၊ ဒါများ မေးနေစရာလား. . ."

"အေးပါဟာ. . . မေးလိုက်မိတာကိုက ငါ့အမှားပါ။ အခုလိုမေးမိတာ တောင်းပန်ပါတယ်နော်. . . ဟုတ်ပြီလား။ ကဲ. . . ငါ့ကို ဖုန်းဆက်တာ ဘာပြော ချင်လို့လဲ အမိန့်တော်ရှိပါဦး"

"နင်က အလိုက်သိသားပဲ၊ ဟဲ. . . ဟဲ. . . ဟဲ. . ."

သူမရဲ့ လေသံအနေအထားကြောင့် သူ့ကို တစ်ခုခုဂျစ်တိုက်ပူဆာတော့ မယ်မှန်း ဟန်ထွန်း အတတ်သိလိုက်၏။

"ကဲပါ တယောရယ်. . . ပြောမယ့်ဟာ ပြောစမ်းပါ။ နင် ငါ့ကို ဘာညာ နိုင်းမလို့လဲ၊ ဒါမှမဟုတ်ရင် ဘာဂျီကျမလို့လဲ"

"ဟယ်. . . ငါ ဘာမှတောင် မပြောရသေးဘူး။ နင်က ဘယ်လိုလုပ် သိသွားရတာလဲ"

"ဟွန်း. . . ဒါပဲရှိတဲ့ဟာကို မသိစရာလား"

"နင်ကလည်း ဟန်ထွန်းရာ. . . အဲဒါဆိုလည်း မသိချင်ယောင် ဆောင်နေပေါ့"

"အေးပါ. . . မသိဘူးလို့ပဲထားပါ၊ ကဲ. . . ပြော. . . ပြော. . ."

"တကယ်နော်၊ တကယ်မသိတာလား"

"အေး. . . တကယ်မသိတာဟာ. . . ပြောစရာရှိတာကို ပြောတာ [illegible]"

[illegible]ချိုင်းဝင်သက်လာသည့်အခါ ဟန်ထွန်းမှာ ကိုယ့်ကိုကိုယ် စိတ် [illegible] ရသည်။ ရှုချင်ယောင်ဆောင်လိုက် မသိချင်ယောင်

ဆောင်လိုက်၊ သူမ မှန်လျှင်မှန်လိုက်၊ သူမ မှားလျှင်မှားလိုက်နှင့် . . . သူ့ဘက်က အမြဲအလျှော့ပေးရသော ဆက်ဆံရေးတစ်ရပ်က သူတို့နှစ်ယောက်ကြားတွင် နိမ့်ရာတစ်ခုလိုဖြစ်လာခဲ့ပါ၏။

"ဟန်ထွန်း. . . အခု နင့်ကို ငါ့ရဲ့ မနက်ခင်းလေးရှောင်းမယ်လေ၊ ဝယ်မလား. . ."

"လုပ်မနေစမ်းပါနဲ့၊ မဝယ်လို့လည်း ရတာမဟုတ်ဘဲနဲ့၊ ဘယ်လောက်နဲ့ ဝယ်ရမလဲဆိုတာပဲ ငါ့ကိုပြော. . ."

"ဟဲ. . . ဟဲ. . . နင်က သဘောပေါက်လွယ်သားပဲ၊ ဈေးက သိပ်မများပါဘူးဟ. . . နင့်ကို လျှော့ဈေးနဲ့ပဲရောင်းမယ်"

"အမယ်လေး. . . ကျေးဇူးကြီးမားလှပါပေတယ်. . . တယောရယ်. . . ပြောစမ်းပါဦး၊ နင်ရဲ့လျှော့ဈေးဆိုတာကို. . ."

"နင် ငါ့ကို Morning Star မှာ ဒီမနက် Breakfast လိုက်ကျွေး"

သူမ ပြောသောဈေးနှုန်းက သိပ်မများလွန်းမှန်း သူ စဉ်းစားမိ၏။ ဒီလောက်ဆို သူ့အနေနှင့် ငွေကြေးမလောက်မှာ ပူစရာမလိုတော့သော်လည်း ရုံးချိန်ကြီးမို့ သိပ်အကြာကြီး Morning Star မှာ ထိုင်ဖို့အချိန် မရနိုင်ချေ။ ဒါကိုတော့ ဆိုင်ရောက်မှ သူမကို မြန်မြန်စားသောက်ရန် လောရပေတော့မည်။ ဟန်ထွန်းက. . .

"အေး. . . ကောင်းပြီလေ၊ အဲဒါဆိုရင် နင်တို့အိမ်နားက ဆရာစံလမ်း Morning Star ကိုပဲ သွားကြတာပေါ့၊ နင် အဲဒီဆိုင်မှာစောင့်နေ. . . ငါ အခု ထွက်လာခဲ့မယ်၊ အိုကေနော်"

"အိုကေ. . ."

တယောလေးက ကျေနပ်သံအပြည့်နှင့် ဖုန်းကိုချသွား၏။ ဟန်ထွန်းမှာ ခေါင်းကိုရမ်း၍ သက်ပြင်းတွေကို အခါခါချနေမိလေသည်။

သူ အဝတ်လဲရင်းနှင့် တယောနဲ့စတင်ပတ်သက်ခဲ့ပုံများကို ပြန်တွေးမိ

ကာ နှုတ်ခမ်းတွေအလိုလို ပြုံးသွားရ၏။ အချစ်ဆိုတာ ဒီလိုပဲ ကြည်နူးသော အပြုံးလေးတွေကို သယ်ဆောင်လာတတ်ပါသည်။

◈

သိုးမွေးသွယ်တာ အဝါရောင်လေးဝတ်ပြီး Morning Star ဆိုင်၏ ထောင့်စွန်းစားပွဲဝိုင်း၌ ထိုင်စောင့်နေသောတယောကို သူ ထင်းခနဲ တွေ့လိုက်ရသည်။ သူမက ဟန်ထွန်းလာနေတာကို မတွေ့သေးဘဲ နန်းကြီးသုပ်တွေကို ခေါင်းငုံ၍ စားနေ၏။

"တယော. . ."

ခေါ်သံနှင့်အတူ သူသည် လျှို့ဝှက်မှန်တိုင်းတစ်ခုလို သူမဘေးနားရှိ ကုလားထိုင်ဆီသို့ ဈေ့ခနဲ လျင်မြန်စွာရောက်ရှိသွားပါသည်။ တယောက သူ့ကို အထိတ်တလန့်နှင့် အမြန်မော့ကြည့်လိုက်ပြီး ဟန်ထွန်းမှန်းသိသွားမှ အပြစ်တင်လေသည်။

"နင့်ကို လန့်သွားတာပဲ ဟန်ထွန်းရယ်. . . နင်က အသံမပေး ဘာမပေးနဲ့"

"နင်လန့်သွားတာပါ. . . ငါ့ကို မဟုတ်ပါဘူး တယောရဲ့. . . တိတ်ဆိတ်မှုကို လန့်သွားတာပါ"

"နင်လာလုပ်လို့ လန့်သွားတာပေါ့ဟဲ့ . . . တိတ်ဆိတ်နေရင် ငါက လန့်မလား"

"တိတ်ဆိတ်နေလို့ လန့်တာမျိုးတော့ မဟုတ်ဘူးပေါ့၊ တိတ်ဆိတ်မှုရဲ့အသံကို ရုတ်တရက် တွေ့လိုက်ရလို့ နင် လန့်သွားတာပါ"

"ဘာ. . . ဘာ. . . တိတ်ဆိတ်မှုရဲ့အသံ ဟုတ်လား"

"ဟုတ်တယ်. . . အရမ်းတိတ်ဆိတ်ငြိမ်သက်နေတဲ့ အခန်းတစ်ခန်းမှာ တစ်ယောက်ထဲ အကြာကြီးနေရရင် အလိုလိုချောက်ချားလာတာမျိုး နင် ကြုံဖူးတယ်

မဟုတ်လားဟင်. . .''

ဟန်ထွန်း၏အမေးကို သူမက အတန်ငယ်မျှစဉ်းစားလိုက်ပြီး 'ကြုံဖူးတယ်' ဟု ပြန်ဖြေပါသည်။

''အေးပေါ့ တယောရဲ့ . . . အဲဒါ တိတ်ဆိတ်မှုရဲ့အသံကြောင့်ပေါ့''

သူ့စကားကို တယောက တွေးတွေးဆဆနှင့် ခေါင်းတညိတ်ညိတ်လုပ်နေ၏။ ပြီးတော့ သူမက. . .

''နင်ပြောတာ ဟုတ်တယ်နော်. . . ဟန်ထွန်း. . . ငါဖြင့် အဲဒါမျိုးတွေ ခဏခဏကြုံဖူးပေမယ့် နင်ပြောသလိုတော့ လုံးဝမစဉ်းစားမိခဲ့ဘူး။ နင်တော်တယ် ဟန်ထွန်း. . .''

သူမက ချီးကျူးလိုက်သဖြင့် ဟန်ထွန်းနှစ်ခြိုက်စွာ ပြုံးမိသွား၏။ နောက်. . . သူမကို မနက်စာကျွေးပြီးလျှင် ကုမ္ပဏီသို့ခေါ်သွားရန်ကို သတိရလိုက်သည်။ အကြောင်းမှာ မနေ့ကမှ နိုင်ငံခြားကပြန်ရောက်လာသောဖေဖေနဲ့ တယောလေးကို မိတ်ဆက်ပေးဖို့ဖြစ်ပါသည်။

ဟန်ထွန်းက လက်ပတ်နာရီကို တစ်ချက်ကြည့်လိုက်၏။ အချိန်က မနက် ဆယ်နာရီငါးမိနစ်ရှိပြီဟု ညွှန်ပြနေ၏။ သူသည် တယော နှန်းကြီးသုပ်စားနေတာကို ကော်ဖီတစ်ခွက်မှာသောက်ရင်း စောင့်နေခဲ့သည်။ ကော်ဖီသောက်နေတုန်း တယောကိုလည်း လောရသေး၏။

''ဟယော. . . မြန်မြန်စားဟာ. . . ဒီမှာ ရုံးချိန်က အရမ်းနောက်ကျနေပြီဟ''

''ငါပါလည်း အလုပ်ချိန်နောက်ကျရင်တော့ လစာဖြတ်ခံရမှာပဲ ပြီးတော့ ဒီနေ့ နင့်ကို ငါ့အဖေနဲ့ မိတ်ဆက်ပေးမလို့. . .''

''ဟင်. . . နင့်အဖေက နိုင်ငံခြားသွားတယ်ဆို''

''ဟုတ်တယ်၊ ဒါပေမဲ့ မနေ့ကပဲ သူပြန်ရောက်လာတယ်၊ အဲဒါ ဒီနေ့ ငါတို့ကုမ္ပဏီကို ဖေဖေလာလိမ့်မယ်၊ ငါတို့က ဖေဖေမရောက်ခင် ကုမ္ပဏီကို အရင်ရောက်နေဖို့လိုတယ်၊ သဘောပေါက်လား တယော. . .''

"အာ . . . ခုက္စပါပဲဟာ၊ ငါက ဒီနေ့ နင်နဲ့လျှောက်လည်မလို့ . . ."

"အလုပ်ကလစ်ပြီး ငါ လျှောက်သွားနေလို့ ဘယ်ဖြစ်မလဲ၊ မေမေပြန်ရောက်နေပါပြီဆိုမှ . . ."

"အဲဒါဆိုလည်း နင်မပါဘဲ ငါတစ်ယောက်ထဲသွားမှာပေါ့"

"ဟာ. . . နင်က ရုံးမတက်ဘူးလား"

"မတက်ဘူး၊ ဒီနေ့ ခွင့်ယူမယ်"

"တယောနော်. . . နင် အဲဒီလို လုပ်ချင်ရာလျှောက်လုပ်လို့မရဘူး၊ ဒီနေ့ နင့်ကို မေမေနဲ့တွေ့ပေးမလို့ပါဆို. . ."

"ဒီနေ့ မတွေ့ချင်သေးဘူး ဟန်ထွန်းရာ. . . နော်. . ."

"မရဘူး၊ ငါ မေမေကို ညကပြောထားခဲ့ပြီးပြီ"

"ဟင့်အင်းကွာ. . . ငါ ဒီနေ့ ကုမ္ပဏီ မသွားချင်ဘူး"

"အေး. . . အဲဒါဆိုရင် နင်အလုပ်ပြုတ်ပြီသာ မှတ်လိုက်တော့"

"အာ. . . ဘာဆိုင်လို့လဲ. . . နင်နော်. . . ဟန်ထွန်း. . . အဲဒီလို အကျင့်မပုပ်နဲ့"

"တယော. . . နင်က ငါ့ရဲ့ဝန်ထမ်း. . . ငါ့စကားနားမထောင်ရင်တော့ နင့်ကို အလုပ်ထုတ်ပစ်မှာပဲ၊ ငါတကယ်ပြောနေတာနော်၊ နောက်မှ ငါ့ကို အဆိုးမဆိုနဲ့"

ထိုသို့ စကားတွေ အတင်အချပြောဆိုကြပြီးနောက်တွင်တော့ တယောသည် ရှုံ့မဲ့ရှုံ့မဲ့နှင့် မျက်နှာကိုစုပ်ကာ ခြေဆောင့်၍ ကုမ္ပဏီသို့လိုက်ပါလာခဲ့လေ၏။ အခုဆို တယောတစ်ယောက် သူတို့ ယုဇနထရေးဒင်းကုမ္ပဏီမှာ အလုပ်စဝင်တာ သုံးရက်တိတိရှိပြီဖြစ်သည်။ တယောကို ဟန်ထွန်းက ကုမ္ပဏီရဲ့ ပစ္စည်းအဝင်အထွက်စာရင်းများအား ပြုစုကိုင်တွယ်ရသော 'ကြည်ပြာ'ဆိုသည့် ကောင်မလေးနှင့် တွဲပေးထားလိုက်၏။ သူမအား အလုပ်သဘောကို နားလည်လာအောင် ကြည်ပြာဆီမှာ လေ့လာသင်ကြားစေသည်။

ကြည်ပြာဆိုသည့်ကောင်မလေးမှာ သွက်လက်ချက်ချာ၍ ပေါင်းသင်း

ဆက်ဆံရေးလည်းကောင်း၏။ အလုပ်ကို စိတ်ဝင်တစားရှိ၍ လုပ်ဖော်ကိုင်ဖက်များ အပေါ်တွင်လည်း သည်းခံတတ်သော စရိုက်မျိုးရှိသည်။ ဒါကြောင့် သူက တယော ကို ကြည်ပြာနှင့်တွဲပေးထားပြီး ကုမ္ပဏီ၏စာရင်းဇယားများကို ကူညီလုပ်ကိုင်စေပါ သည်။

လူဆိုသည်မှာ အနည်းနှင့်အများဆိုသလို ချွတ်ယွင်းချက်ရှိတတ်တာ သဘာဝမို့ ကြည်ပြာ့ဆီတွင်လည်း ချွတ်ယွင်းချက်တစ်ခုရှိသည်။ အဲဒီချွတ်ယွင်း ချက်ကတော့ ကြည်ပြာသည် မိန်းကလေးပီပီ စပ်စုတတ်သော အကျင့်ရှိခြင်းပင်ဖြစ် ပါသည်။

သို့သော် ဟန်ထွန်းမှာ သူတို့ကုမ္ပဏီတွင် ဒီ့ထက်အဆင်ပြေအောင် လူတွဲပေးရန် မစဉ်းစားတတ်တော့သဖြင့် ကြည်ပြာနှင့်သာ အလုပ်သင်ခိုင်းထားရ၏။

သူတို့နှစ်ယောက် ကုမ္ပဏီကို ရောက်လာတော့ အချိန်က ဆယ့်တစ်နာရီ ထိုးနေပြီ။ ဒီအချိန်ကျမှ ကုမ္ပဏီသို့ အတူတကွရောက်လာသော သူတို့နှစ်ယောက် အား ရုံးမှဝန်ထမ်းများက ဝိုင်း၍စူးစူးစိုက်စိုက်ကြည့်နေကြသည်။ ဖေဖေ ရောက်မလာသေးတာ ကြောင့် ဟန်ထွန်း အနည်းငယ် စိတ်သက်သာရာရသွား၏။ တယောကျတော့ ကြည်ပြာနဲ့အတူ စာရင်းတွေကိုကူညီပြီး စစ်ဆေးပေးနေလေသည်။

သူတို့တစ်ရုံးလုံးက တယောကို ထမင်းသိုး ဟင်းသိုး ကုမ္ပဏီဝန်ထမ်းတစ် ဦးဟု လက်ခံထားကြပါသည်။ ဟန်ထွန်းလို ကုမ္ပဏီပိုင်ရှင်၏သားနှင့် ပတ်သက် သော မိန်းကလေးတစ်ယောက်မှန်းလည်း သိထားကြ၏။ သိမှာပေါ့၊ တယော ဒီကုမ္ပဏီကို စရောက်တဲ့နေကတည်းက အင်တာဗျူးမှတစ်ဆင့် သူတို့နှစ်ယောက် ဆက်ဆံရေးအား သူတို့ကြားသိခဲ့ရသည် မဟုတ်ပါလား။

"ဟော. . ."

ကုမ္ပဏီဝန်ထမ်းများဆီမှ ထူးခြားသောအသံများကြောင့် ဖေဖေရောက် လာပြီမှန်း ဟန်ထွန်းသိလိုက်၏။ သူ့အထင် မှန်ပါသည်။ သိပ်မကြာခင် ဖေဖေက သူ့အခန်းတံခါးကို တွန်းဖွင့်၍ဝင်လာ၏။ ဖေဖေ့ရုံးခန်းက သူ့အခန်းကို ကျော်ဖြတ်ပြီး ဆက်သွားရပါသည်။ ဒါပေမဲ့ ဖေဖေက သူ့အခန်းဆီ ဆက်မသွားဘဲ သူ့စားပွဲ

ရှေ့မှာ ဝင်ထိုင်လိုက်လေ၏။ ဟန်ထွန်းက ဖေဖေ့ကို ပြုံးပြလိုက်သည်။

''သားငယ်. . .''

ဖေဖေသည် သူ့ကို သားငယ်၊ ကိုကိုမင်းထွန်းကို သားကြီးဟု ခေါ်နေကျ ဖြစ်သည်။

''ဗျာ. . . ဖေဖေ. . .''

''အလုပ်အကိုင်တွေ အဆင်ပြေရဲ့လား''

''ဟုတ်ကဲ့. . . ပြေပါတယ် ဖေဖေ''

''ဩော်. . . အေး. . . အေး. . . ကောင်းတယ်၊ ကောင်းတယ်. . .''

''ဖေဖေ အအေးသောက်မလား''

''ကောင်းသားပဲ. . .''

ဟန်ထွန်းက ကိုယ်တိုင်ထ၍ ရေခဲသေတ္တာဆီသွားကာ ဖေဖေ့အတွက် အအေးဖျော်ပေးသည်။ ဖေဖေက သူ့ကို ပြုံးပြုံးကြီး စိုက်ကြည့်နေမှာကို လှည့်ကြည့်စရာမလိုဘဲ ဟန်ထွန်းသိပါသည်။ ထိုအခြေအနေကို ဟန်ထွန်း စိတ်ထဲတွင် မလုံခြုံသလို ခံစားနေရပြီး တယောအကြောင်း ဖေဖေ စကားစလာမည့်အချိန်ကို တိတ်တဆိတ် စောင့်နေမိ၏။ ညတုန်းက သူသည် ဖေဖေ့အား တယောနဲ့ကိုကို မင်းထွန်းတို့ရဲ့ အတိတ်ကိုချန်လှပ်၍ သူနှင့်ပတ်သက်သမျှကိုတော့ အကျဉ်းရုံး ပြောပြထားပြီးပြီ မဟုတ်ပါလား။

ဖေဖေသည် သူဖျော်ပေးသည့် အအေးခွက်ကို တစ်ကျိုက်တည်းနှင့် အကုန်လုံးမော့ပစ်လိုက်၏။ ပြီးတော့ သူတို့ သားအဖနှစ်ယောက် မျက်လုံးချင်း ဆုံကြသည်။ ဖေဖေက စပြောပါသည်။

''ကဲ. . . ဘာကြောင့်ပြီး ကြည့်နေတာလဲ၊ သား မိတ်ဆက်ပေးမယ်ဆို တဲ့ ကလေးမလေးကို ခေါ်လေကွာ''

''ဟုတ်ကဲ့. . .''

ဟန်ထွန်းမှာ ရင်တထိတ်ထိတ်နှင့် တယောကိုခေါ်ရန် အခန်းပြင်သို့ ထွက်လာခဲ့၏။ တယောဆီရောက်တော့ သူမက ကြည့်ပြဘောနားမှာ

စူပုပ်နေသောမျက်နှာကြီးနှင့် သူ့ကိုလှမ်းကြည့်သည်။ အင်းပေါ့လေ . . . သူမ ရုံးမတက်ချင်တာကို သူက ဖွတ်အတင်း အလုပ်ဖြုတ်ပစ်မည်ဟု ခြိမ်းခြောက်၍ ရုံးကို ခေါ်လာခဲ့မိတာဆိုတော့ ဒီလောက်တော့ရှိမှာပေါ့။ ဟန်ထွန်းက တယောကို မျက်နှာချိုသွေးကာ ပြုံးပြလိုက်ရင်း . . .

"တယော. . . လာထ ဖေဖေ့ဆီ သွားတွေ့ရအောင် . . ."

"ဘာလဲ၊ မလိုက်ရင် အလုပ်ထုတ်မှာပဲ မဟုတ်လားဟင် . . ."

သူမ၏လေသံကြောင့် သူတကယ်ပဲ သနားသွားမိသည်။ ဟန်ထွန်းက ချော့မော့၍ပြောရ၏။

"အဲဒီလိုလည်း မဟုတ်ပါဘူး တယောရယ် . . . နင်က ငါ စိတ်မကောင်းဖြစ်အောင် မပြောပါနဲ့ ငါ ညတုန်းက ဖေဖေ့ကို ပြောပြီးသားကြီးဖြစ်နေလို့ ပါဟ၊ ပြီးတော့ နင့်အနေနဲ့လည်း လူကြီးတစ်ယောက်က တွေ့ချင်လို့ ထိုင်နေတဲ့ဟာ ကို သွားမတွေ့ရင် ရိုင်းရာကျမှာပေါ့၊ နင့်ကို ငါက အလုပ်သွင်းပေးထားတာဆို တော့ ငါလည်း ဘယ်ကောင်းပါ့မလဲ"

သူမကို လေသံပျော့လေး ချော့ပြောသဖြင့် တယောမျက်နှာပေါ်မှာ စူပုပ်တင်းမာနေတာတွေ ပြေလျော့သွား၏။ ပြီးတော့ ဟန်ထွန်းကို ဘာမှ ပြန်မပြောသေးဘဲ တစ်ချက် လှမ်းအကဲခတ်ပြန်သည်။ သူက အခြေအနေကို ပါးနပ်စွာဆက်၍ ချော့ပြောပါသည်။

"နင်က လိမ္မာပါတယ် တယောရယ် . . . နော် . . . လာ . . . ထ . . . ငါတို့ ဖေဖေ့ကို သွားတွေ့ရအောင် . . ."

ဘေးနားမှာ ကြည်ပြာက အလုပ်ရှုပ်ချင်ယောင်ဆောင်ပြီး ဟန်ထွန်း ပြောတာတွေကို သေချာလိုက်မှတ်နေ၏။ တယောက စိတ်ပြေသွားကာ ဟန်ထွန်း အဖေကို လိုက်တွေ့ရန် ထိုင်ခုံမှထရပ်လိုက်သည်။ ထို့နောက် . . . စကားတစ်ခွန်း မှမဆိုဘဲ ဟန်ထွန်းနောက်က လိုက်ပါသွားခဲ့တော့သည်။

ရုံးဝန်ထမ်းများ၏ စပ်စုသောအကြည့်တွေကို ကျော်ဖြတ်၍ သူတို့နှစ်ယောက် အခန်းထဲသို့ ရောက်လာခဲ့ကြပါသည်။ ဖေဖေက တယောကို ရောက်

ရောက်ချင်း ခြေဆုံး ခေါင်းဆုံး တစ်ချက်ကြည့်၏။ ပြီးတော့ ထိုင်ခိုင်းပါသည်။

"သမီး. . . ထိုင်. . ."

တယောက ဖေဖေနှင့် မလှမ်းမကမ်း၌ ဝင်ထိုင်သည်။ သူသည် သူမနှင့် ဖေဖေတို့ရဲ့ လှုပ်ရှားပြောဆိုသမျှအားလုံးကို မမိုတ်မသုန် လိုက်ကြည့်နေမိသည်။ ဖေဖေက တယောကို ဦးစွာ နှစ်လိုဖွယ်အပြုံးတစ်ခုနှင့် စတင်ရင်ဆိုင်လိုက်သည်။ တကယ်ဆို သူတို့ကို ဟန်ထွန်းက မိတ်ဆက်ပေးဖို့ဖြစ်သော်လည်း အခုတော့ အဲဒီအဆင့်ကို လုပ်ဆောင်ပေးရန်မလိုတော့မှန်း သူနားလည်သွားပါသည်။ ဦးအောင်ထွန်းက သူမအား မေးခွန်းတစ်ခုကိုမေး၏။

"သမီးရဲ့ နာမည်က. . ."

သူမက မငံ့မရဲနှင့် တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေတာမျိုး တစ်စက်မှမရှိဘဲ ခပ်တည်တည်ပြန်ဖြေလိုက်သည်။

"စံပယ်ဖြူပါ. . ."

ဦးအောင်ထွန်းက အံ့သြသွားဟန်ဖြင့် ဟန်ထွန်းဘက်သို့ လှည့်ကြည့်ပြီး . . .

"ဒါနဲ့ သားငယ် ညကပြောပြတော့ သမီးရဲ့နာမည်က ဒီနာမည်မျိုး မဟုတ်ပါဘူး. . . တယောဆိုလား. . . ဘာလားပဲ. . ."

ရုတ်တရက် သူ့မျက်နှာမှာ နွေးခနဲဖြစ်သွားမိ၏။ ဟန်ထွန်းသည် စိတ်ထဲကနေ. . .

'ဒါတော့ ငါလိုတာပဲ'ဟု

မိမိကိုယ်ကိုမိမိ အပြစ်တင်လိုက်ပါ၏။ ဖေဖေ့ကို ဘယ်လိုစ၍ ရှင်းပြရမှန်းမသိဖြစ်ကာ ယောင်နနနှင့် ဟိုလိုလို ဒီလိုလိုဖြစ်နေဆဲ သူမက တခစ်ခစ်နဲ့ ရယ်မောသံတွေ ပေါ်ထွက်လာလေသည်။ ဦးအောင်ထွန်းကြီး၏ အကြည့်များက သူမထံရောက်သွား၏။ ထိုကိစ္စကို တယောက ရယ်ရင်းနှင့် ပေါ့ပေါ့ပါးပါးပဲ ရှင်းပြပါသည်။

"ခစ်. . . ခစ်. . . ခစ်. . . အဲဒါက ဒီလို ဦးရဲ့၊ ဟိုလေ. . . ဟန်ထွန်းက

သမီးစကားပြောရင် အသံက တယောထိုးသလို ချွဲချွဲအီအီလေးမို့ ချစ်စနိုးနဲ့ 'တယော' လို့ခေါ်တာပါ. . .။ အဲဒါ ဦးကို သမီးအကြောင်းတွေ ပြောပြတော့ သူက ခေါ်နေကျအတိုင်း နှုတ်ကျိုးပြီး 'တယော' လို့ပြောလိုက်မိတာဖြစ်မယ်။ ဟုတ် . . . ဟန်ထွန်း . . . ငါပြောတာ ဟုတ်တယ် မဟုတ်လား. . .''

တယော ရှင်းပြရင်းမှ ဟန်ထွန်းကို သူမပြောတာမှန်မမှန်လှမ်းပြီး ထောက်ခံချက်တောင်းလိုက်သေး၏။ ထိုအခါ ဟန်ထွန်းလည်း မလွှဲသာတော့ဘဲ ရှက်ရှက်နှင့် . . .

''ဟုတ်. . . ဟုတ်ပါတယ် ဖေဖေ၊ သူပြောတဲ့အတိုင်းပါပဲ''

အမြန်ပြောကာ သူ့ခေါင်းကို ငုံ့ချပစ်လိုက်၏။ ဦးအောင်ထွန်းမှာ သူတို့နှစ်ယောက်ရဲ့ပုံစံများကြောင့် အားရပါးရ ရယ်မောမိသွားပါသည်။ သူမ၏ ပွင့်လင်းရဲတင်း၍ ချစ်စရာကောင်းသော အမူအရာတွေနှင့် သားဖြစ်သူရဲ့ အရှက်သည်းနေပုံတွေကို ဦးအောင်ထွန်းတစ်ယောက် တကယ်ပဲကြည်နူးစွာခံစားရပါသည်။

ဖေဖေက. . .

''ဩော်. . . အဲဒီလိုလား၊ ငါ့သားက ကမျာဆန်သားပဲ''

ဟုပြောပြီး သူ့ကိုကြည့်ကာ ရယ်နေသဖြင့် ဟန်ထွန်းမှာ ပိုလို့ အနေရခက်နေ၏။ တယောဆီ ခိုးကြည့်လိုက်တော့ သူမက သူ့ကို ပြောင်ကြီး စိုက်ကြည့်နေလေသည်။ သူက ချက်ချင်း မျက်လုံးတွေကို အမြန်ဆုံးလွှဲပစ်လိုက်ရ၏။

ဘယ်လိုရှုးကြောင်ကြောင် ကောင်မလေးမှန်းမသိဘူး။ ကြည့်ပါလား. . . မျက်နှာကိုက ပြောင်ချော်ချော်နဲ့။ ဖေဖေ့ရှေ့မှာ ငါ့ကို အရှက်ရအောင်လုပ်နေတာ. . .။ ဘယ်လောက်တောင် ဖနောင့်နဲ့ ဆယ်ချက်လောက် ဆက်တိုက်ပေါက်ပစ်ချင်စရာ ကောင်းထားသလဲ။

ဟန်ထွန်းက တယောကိုကြိတ်၍ ကျိန်ဆဲနေသော်လည်း ဖေဖေက သူမကို နှစ်လိုစွာပင် မေးခွန်းတွေ လျှောက်မေးနေလေသည်။

''သမီးက First Year မှာ နလုံးအားနည်းတဲ့ရောဂါရှိလို့ ကျောင်းထွက်ခဲ့ရတယ်ဆို. . .''

"ဟုတ်တယ် ဦးရဲ့ . . . အဲဒီကတည်းက သမီးမှာ အဖော်ဆိုလို့ တစ်ယောက်မှ မရှိတော့တာ ငါးနှစ်လုံးလုံးပဲ။ အခု ဟန်ထွန်းနဲ့တွေ့တော့မှ သမီးမှာ ပေါင်းစရာ သူငယ်ချင်းရတာ . . . ပိုပြီး ပျော်ဖို့ကောင်းတာက အခုဆို သမီးမှာ အလုပ်တစ်ခုလည်းရပြီ။ ဒီကုမ္ပဏီမှာ သူငယ်ချင်းအသစ်တွေလည်း ထပ်ရတယ်။ သမီးတော့ သိပ်ပျော်တာပဲ"

"အေးပါ . . . သမီးက ဦးတို့ကုမ္ပဏီမှာ ပျော်တယ်ဆိုတာသိရတော့ ဦး ဝမ်းသာပါတယ်ကွယ်။ နောက်ပြီး အလုပ်ကို သေချာစနစ်တကျကြိုးစား သမီး . . . လုပ်ငန်းခွင်မှာပျော်လာရင် သမီးရဲ့ဘဝဟာ အခုထက်ပိုပြီး နေပျော်လာမယ်၊ အစိမ့်ဖွယ်လည်း ပိုရှိလာမယ်၊ မျှော်လင့်ချက်တွေအပြည့်နဲ့ သမီးမှာ ငြီးငွေ့ပျင်းရိစရာအချိန်တောင် ရှိမှာမဟုတ်ဘူး။ သိလား . . . သမီး . . ."

အဲဒါ ဦးအောင်ထွန်းပဲ။ ဒါကြောင့်လည်း ဖေဖေဟာ ယဉ်ကျေးသိမ်မွေ့ပြီး ညြဲကြီးမားတဲ့လူတစ်ယောက်အဖြစ် စီးပွားရေးလောကမှာ အောင်မြင်နေခြင်း ဖြစ်ပါသည်။ တယောက ဖေဖေရဲ့အားပေးဆုံးမစကားတွေကြောင့် . . .

"ဟုတ်ကဲ့ပါဦး . . . သမီးကို အခုလို ဦးတို့ကုမ္ပဏီမှာ လက်ခံတဲ့အတွက်လည်း အရမ်းကျေးဇူးတင်ပါတယ်၊ ဟဲ့ . . . ဟန်ထွန်း။ နင်ကအကျင့်ပုပ်ပေမယ့်လည်း ငါ့ကို ကုမ္ပဏီမှာ အလုပ်ပေးလုပ်တာကိုတော့ အရမ်းကျေးဇူးတင်ရမှာပါပဲ . . ."

ဟန်ထွန်းသည် သူမဆီမှ လုံးဝ မထင်မှတ်ထားသောစကားကို ကြားရသဖြင့် အံ့ညြသွားပါ၏။ ဦးအောင်ထွန်းက . . .

"ဘယ်လို၊ ဘယ်လို . . . သမီးအပေါ် သားက အကျင့်ပုပ်တယ် ဟုတ်လား . . ."

"ဟုတ်တယ်ဦး . . ."

"ဘယ်လိုအကျင့်ပုပ်တာမျိုးလဲ၊ ဦးကိုလည်း ပြောပြပါဦး သမီးရဲ့ . . ."

"ဘယ်လိုဟာမျိုးလဲဆိုတော့ ဦးရာ . . . ဟန်ထွန်းက သမီးကို

သူအလုပ်ပေးထားတာဆိုပြီး သူ့ကို 'ဆရာ'လို့ခေါ်ခိုင်းတယ်။ အမှန်ဆို သူငယ်ချင်း အချင်းချင်းဥစ္စာ. . . အဲဒီလို ခေါ်ခိုင်းစရာလား ဦးရဲ့. . ."

"အေး. . . ဟုတ်သားပဲ. . . ဒီကိစ္စ သမီးမှန်တယ်. . . ဒီနေ့ကစပြီး သမီး သူ့ကို ဆရာလို့ ခေါ်စရာမလိုတော့ဘူး။ ဟန်ထွန်းလို့ပဲခေါ်. . ."

"နောက်ပြီး ဟန်ထွန်းက သမီးကို ဒီကုမ္ပဏီမှာ အလုပ်ပေးထားတာဆို တော့ သူပြောတဲ့အတိုင်း မလုပ်ရင် အလုပ်ထုတ်ပစ်မယ်ဆိုပြီး ခဏခဏ အကျပ်ကိုင်ပါတယ်ဦး. . ."

ဟန်ထွန်းသည် သူမကို မျက်လုံးပြူးပြလိုက်၊ နှုတ်ခမ်းကိုက်ပြလိုက်နှင့် စကားကိုဆက်မပြောရန် အချက်ပြနေသော်လည်း တယောက နည်းနည်းလေး တောင် လှည့်မကြည့်ဘဲ အခွင့်အရေးရတုန်း ဦးအောင်ထွန်းအား သူမရဲ့ မကျေနပ်ချက်တွေကို အပြတ်တိုင်ပြောနေတော့သည်။ ဦးအောင်ထွန်းကလည်း တယောဘက်မှ လိုက်ကာ ဟန်ထွန်းချမှတ်ထားသည့် စည်းကမ်းချက်တွေကို တစ်ခုချင်း ပြန်ရုပ်သိမ်းပေးနေ၏။

"ဒါလည်း သမီးပြောတာဟုတ်တယ်၊ ကိုယ့်ကုမ္ပဏီက ဝန်ထမ်းဆိုပြီး အနိုင်ကျင့်တာမျိုး မေမေလုံးဝမကြိုက်ဘူး သားငယ်၊ ကိုယ်နဲ့ စိတ်သဘောထားချင်း မတိုက်ဆိုင်တိုင်း ထစ်ခနဲရှိ အလုပ်က ထုတ်ပစ်မယ်ဆိုတာ အောင်မြင်တဲ့ စီးပွား ရေးသမားတွေ့ရဲ့ အလုပ်မဟုတ်ဘူးကွ၊ ကိုယ့်ဝန်ထမ်းဆိုပေမယ့် သူတို့ ရှုထောင့် ကကြည့်မှ မြင်နိုင်တဲ့ကိစ္စမျိုးတွေရှိနေတော့ သူတို့ကိုလည်း တုံ့ပြန်ပြောဆိုခွင့်ပေး ရလိမ့်မယ်။ ဒီနေ့ ကမ္ဘာကြီးဟာ အတိုက်အခံတွေ၊ ဆန့်ကျင်ဘက်တွေ ကြား ထဲကနေ ဒီလောက်အထိ ဖွံ့ဖြိုးတိုးတက်လာခဲ့တာ သားအသိပဲ။ ဒီတော့ သားငယ် ကို သမီးက မှန်တယ်လို့ ထင်တဲ့ကိစ္စမျိုးတွေမှာ လုံးဝတုံ့ပြန်ပြောဆိုခွင့်ရှိတယ်"

ဟန်ထွန်းက ခေါင်းကယမ်းပြီး ဖြတ်ဝင်၍ ပြောဖို့ကြိုးစားလိုက်ပါသည်။

"ဟိုလေ. . . မေမေ. . . ဟို ဒီကိစ္စမှာက. . ."

ဦးအောင်ထွန်းသည် ဟန်ထွန်းရဲ့စကားကို စောဒကတက်နေတာဟု ယူဆကာ ပြီးဆုံးအောင် ပြောဆိုခွင့်မပေးဘဲ အတင်းနိဂုံးချုပ်ပစ်လိုက်လေ၏။

"ကဲ. . . သားငယ်. . . ဘာမှစောဒကတက်ဖို့ ကြိုးစားမနေနဲ့တော့. . . ဒါဖေဖေ့ရဲ့ဆုံးဖြတ်ချက် အမိန့်ပဲ"

ဟန်ထွန်းမှာ ဖေဖေစကားကြောင့် မအီမလည်နှင့် ရှုံ့မဲ့ကာ သူမဆီတစ်ချက်လှမ်းကြည့်မိပါသည်။ တယောက သူ့ကို ဖေဖေ မမြင်အောင်အလစ်မှာ လျှာထုတ်၍ ပြောင်ပြလိုက်၏။

ထိုသို့ဖြင့် တယောသည် သူတို့ကုမ္ပဏီ၌ နေ့ချင်း ညချင်းပဲ ဖေဖေ့အချစ်တော်ဝန်ထမ်းဖြစ်သွားပြီး သူမအပေါ် ဟန်ထွန်းချမှတ်ထားသည့် စည်းကမ်းတွေကိုလည်း လိုက်နာစရာမလိုတော့သူတစ်ယောက် ဖြစ်လာခဲ့သည်။

ဘာပဲဖြစ်ဖြစ် သူမရဲ့ဆောင်ရွက်ချက်တွေ၊ အကြံတွေ အောင်မြင်ပါသည်။ ထို့ကြောင့် သူမ ပျော်ရွှင်ရ၏။ ဟန်ထွန်းက သူမ အောင်မြင်သည်၊ ပျော်ရွှင်သည်ဆိုလျှင် သူ တကယ်ပဲ ကျေနပ်ဝမ်းမြောက်ပါသည်။

အချစ်ရေ. . .

မင်းတစ်ဘဝလုံး အောင်မြင်ပျော်ရွှင်နိုင်ပါစေကွာ။

လူတော်တွေသည် သူတို့ကိုယ်သူတို့ အောင်မြင်အောင် တည်ဆောက်ပြနိုင်ကြ၏။ ထို့ထက်ပို၍ ထူးချွန်သောလူတော်များသည် မိမိကိုယ်ကိုသာမက သူတစ်ပါးကိုပါ အောင်မြင်မှုဆီ တွန်းပို့နိုင်ကြ၏။

ပတ်ဝန်းကျင်မှာ တယောရဲ့ ချွဲချွဲအီအီအသံလေးများ လူးလွန့်ပျံ့လွင့်နေခြင်းသည် ( တစ်နည်းအားဖြင့် ) ဟန်ထွန်း၏အောင်မြင်မှု တစ်စိတ်တစ်ပိုင်းလည်း ဖြစ်လေသည်။

◈ ◈ ◈

## အခန်း ( ၁၂ )

ဆောင်းနေ့များသည် သူတို့နှစ်ယောက်ကြားတွင် အမှတ်ရစရာအတိုပြီးသော ရော်ဝါဝါခံစားမှုများလည်းဖြစ်ပါသည်။ ဒီနေ့က တနင်္ဂနွေအလုပ်ပိတ်ရက်မို့ 'အမေ့အိမ်' ဆိုင်လေးမှာ ထုံးစံအတိုင်း သူတို့နှစ်ယောက်ထိုင်နေကြ၏။ တယောသည် သူမ မှာထားသောလိမ္မော်တီးကို တစ်ထိုင်တည်းနှင့် အကုန်မော့ချပစ်လိုက်သည်။

ဟန်ထွန်းက ဒါကို တစ်ချက်လှမ်းကြည့်ပြီး ဘာမှမပြောသေးဘဲ သူ့လက်ဖက်ရည်ခွက်ကိုသာ ဖြည်းဖြည်းချင်း အရသာခံ၍ သောက်နေ၏။ ပြီးတော့ သူက ပါလာသော ဘောလုံးဂျာနယ်ကြီးကို သဲကြီးမဲကြီး ဖတ်နေပြန်လေသည်။

နာရီဝက်လောက်ကြာတော့ သူမ ဖျင်းလာ၏။ တယောသည် သူမကို ဂရုမစိုက်ဘဲ ဘောလုံးဂျာနယ်ဖတ်နေသည့် ဟန်ထွန်းအား ကိုကျ၊ ဂျစ်တိုက်ရန် စတင်လိုက်၏။

" ဟန်ထွန်း. . . "

" ဘာလဲ. . . "

ဟန်ထွန်းက သူမကို လုံးဝမကြည့်ဘဲနှင့် ပြန်ဖြေ၏။ သူမက. . .

"ငါပျင်းတယ်ဟာ. . ."

"အဲဒါ ငါက နင်အပျင်းပြေအောင် ကပြရမှာလား"

"ဩော်. . . အဲဒီလောက်ထိ မလိုပါဘူးဟာ. . . နင် ငါ့ကို ကန်တော်ကြီး ထဲ လိုက်ပို့ရင်ရပါပြီ။ ဘယ်လိုလဲ. . . ဟန်ထွန်း. . ."

"တယောနော်. . . ဓာတ်လမ်းကစပြီ. . . ကဲ. . . ပြောစမ်းပါဦး၊ ကန်တော်ကြီးထဲ နင်က ဘာသွားလုပ်မှာလဲ"

"ငါ သေချာနှံ့နှံ့စပ်စပ် မရောက်ဖူးလို့ပါဟ. . . ဟိုရောက်ရင် နင့်ကို ငါ ပြောပြစရာတွေရှိတယ်။ ပြီးတော့ ဒီမှာထိုင်နေရတာ ပျင်းစရာကြီး. . . နင်လည်း အဲဒီဂျာနယ်ကြီးပဲ ငုံ့ဖတ်နေတာ၊ တော်ပြီ. . . မဖတ်နဲ့တော့. . . နင်ဖတ်ချင်ရင် ကန်တော်ကြီးထဲရောက်မှ အေးအေးဆေးဆေး ဖတ်ချင်သလောက် ဖတ်. . . ဟုတ်ပြီလား"

တယောက ပြောပြောဆိုဆိုပင် ဟန်ထွန်း ဖတ်နေသည့်ဂျာနယ်ကို အတင်း ဆွဲလုလိုက်၏။ ဟန်ထွန်းကလည်း ဂျာနယ်ကို မလွှတ်ဘဲ ရုန်းလိုက်ရာ. . .

'ဗြဲ. . . 'ခနဲ ဂျာနယ်ကြီးက ပြဲသွားလေသည်။

"ဟောတော့. . ."

"တယော. . . နင်နော်၊ လုပ်လိုက်ရင် အရမ်းချည်းပဲ၊ ဒီမှာပြဲသွားပြီ"

ဟန်ထွန်းက လေသံမာမာနှင့် ဟောက်လိုက်သဖြင့် သူမ စိတ်ကောက်သွား၏။ နောက်. . . ပါးစပ်မှ ပွစိ၊ ပွစိတွေပြောရင်း ပါလာသော ဟန်းဖုန်းကို ခလုတ်တွေ နှိပ်နေပြန်သည်။ သူမ ခေါ်နေသော ဖုန်းကဝင်သွားပုံရ၏။ ဟန်ထွန်းက သူမကို မသိမသာလေး အကဲခတ်ကြည့်နေမိသည်။ သူမဆီမှ ဖုန်းပြောသံတွေထွက်လာ၏။

"ဟဲလို. . . ဦးလား"

" . . . . . . . "

"ဟုတ်ကဲ့. . . သမီးပါ။ ဦးကို သမီးတိုင်စရာရှိလို့. . ."

". . . . . . . . ."

ဟုချေါ. . . အခုမှ ဟန်ထွန်းလည်း သတိဝင်လာပါသည်။ ဒါ. . . တယော က ဖုန်းဆက်ပြီး သူ့အကြောင်းတွေ တိုင်မလို့ လုပ်နေတာပဲ။ တစ်ဖက်မှ ဖေဖေသည် သူမကို ဘာတွေပြန်ပြောနေသည်မသိ. . .။ တယောမျက်နှာမှာ ကျေနပ်သောအရိပ်အယောင်တွေ စွန်းထင်းနေ၏။ သူမက. . .

"ဟုတ်တယ်ဦး. . . သမီးကို သူက ကန်တော်ကြီးထဲ လိုက်မပို့ဘူးတဲ့"

ဟန်ထွန်းလည်း ငြိမ်မနေနိုင်တော့ဘဲ. . .

"မှား. . . တယောနော်၊ နင့်ကို မပို့ပေးဘူးလို့ ဘယ်မှာပြောလို့လဲ"

"အောင်မာ. . . နင်ပြောတာ အဲဒီအဓိပ္ပာယ်ပဲလေ. . ."

"မဟုတ်ပါဘူးဟ. . . နင့်ကို ငါ ကန်တော်ကြီးလိုက်ပို့ပေးမယ်၊ နင် ဖေဖေ့ဆီ ဖုန်းဆက်ပြီးတော့ အဲဒီလိုကုန်းမချောပါနဲ့ . . ."

ဟန်ထွန်းရဲ့စကားကြောင့် သူမနှုတ်ခမ်းများ ပြုံးသွားပါသည်။ သူမက ဦးအောင်ထွန်းကို ပြောလိုက်၏။

"ဦး ကြားတယ်မှတ်လား။ သူကလိုက်ပို့ပေးတော့မယ်တဲ့၊ ဦးကိုကျတော့ သူကကြောက်သားပဲ၊ ဟဲဟဲ. . . အဲဒါဆိုရင် ဒါပဲနော် ဦး. . . ကျေးဇူး. . ."

သူမက ဖုန်းကိုချလိုက်ပြီး သူ့ကို အောင်နိုင်သူတစ်ယောက်လို ဝံ့ဝံ့ ကြွားကြွား ကြည့်နေပြန်သည်။

ခဏကြာတော့ သူတို့နှစ်ယောက် 'အမေ့အိမ်'ဆိုင်မှ ကန်တော်ကြီးကို ဟန်ထွန်းရဲ့ကားနဲ့ ထွက်ခွာလာခဲ့ကြ၏။ ကန်တော်ကြီးထဲကိုရောက်တော့ ပုဂံလုံး ကျွန်းဆီ သူမက ဦးဆောင်၍သွားပြန်သည်။ တယော စတွေ့သည့် ကော်ဖီပန်းကန် လုံးကြီးထဲဝင်ထိုင်ကာ ပျော်မြူးနေပါသည်။ မျက်မှောင်ကြီးကြုတ်ထားသော ဟန်ထွန်းကို သူမက. . .

"လာလေ. . . ဟန်ထွန်းရဲ့. . . လာထိုင်၊ နင် ဒီထဲထိုင်မှာထိုင်ပြီး ဂျာနယ်ကို ကြိုက်သလောက်သာ ဖတ်ပေတော့. . ."

ထိုသို့ပြောပြီး တယောက ပတ်ဝန်းကျင်ကို ဟိုဟိုသည်သည် မျက်စိကစားကြည့်လိုက်၏။ ရုတ်တရက် သူမမျက်နှာ ရဲခနဲဖြစ်သွားကာ ခေါင်းကိုငုံ့ပစ်လိုက်မိသည်။ အို... ...ဝေါ်ဝေါ်ဆိုးတဲ့ အတွဲတွေပါလား။ သူတို့အနီးတစ်ဝိုက်မှာလည်း ကြည့်စရာဆိုး၍ စုံတွဲတွေပဲရှိသည်။

အရပ်ရှစ်မျက်နှာစလုံး ဘယ်ကြည့်ကြည့် စုံတွဲတွေချည်းပဲမို့ သူမက ဟန်ထွန်းဆီ လှမ်းကြည့်လိုက်ပါ၏။ ထိုအခိုက် သူမ ရင်ဆိုင်လိုက်ရသည်မှာ စူး၍ပြင်းရှသော ဟန်ထွန်းရဲ့အကြည့်များပင်ဖြစ်သည်။ တယောသည် သူမကို ကြည့်နေသည့် ဟန်ထွန်းရဲ့အကြည့်နက်နက်တွေကြောင့် ရင်တွေခုန်စပြုလာ၏။

ရုတ်ချည်းဆိုသလို သူတို့နှစ်ယောက်ကြား၌ ပြောရန်စကားလုံးများသည် တိတ်တဆိတ် ကွယ်ပျောက်သွားကြသည်။ ဟန်ထွန်းက တိတ်ဆိတ်ငြိမ်သက်နေသော အခြေအနေတွေကို စတင်ဖျက်ဆီးပစ်လိုက်ပါသည်။

"နင် ငါ့ကိုပြောပြစရာရှိတယ်ဆို. . . တယောရဲ့"

"ဩော်. . . အေး . . . ဟုတ်သားပဲ၊ မေ့နေလိုက်တာ"

သူမ၏အမူအရာများသည် အရင်ကထက်ပို၍ ပဲများနေသည်ဟု ဟန်ထွန်း ထင်မိသည်။ ဟန်ထွန်းက သူမဆီမှ စကားတွေကို စိတ်ရှည်ရှည်ထားပြီး စောင့်ပါသည်။ ခဏကြာတော့ တယောသည် ရှက်ကိုးရှက်ကန်းပုံစံနှင့် သူ့ကိုပြောပြ၏။

"ဒီလိုဟ . . . ငါ့ကို အခုတလော လူတစ်ယောက်လိုက်နေလို့ဟ"

သူမရဲ့ပြောပုံကြောင့် ဟန်ထွန်းမှာ ရယ်ချင်သွားသော်လည်း မရယ်မိအောင် အတင်းထိန်းချုပ်ထားလိုက်ပါသည်။ တယောက ဆက်၍ပြော၏။

"အဲဒီလူကြီးကလေ ငါတို့လမ်းထိပ်မှာ ငါ အလုပ်သွား အလုပ်ပြန်ချိန်တွေကို ဆိုက်ကားပေါ်ထိုင်ပြီး စောင့်ကြည့်နေတာ တစ်ပတ်လောက်ရှိနေပြီ"

"သူက ဘာလုပ်ဖို့စောင့်ကြည့်နေတာလဲ၊ နင့်ဆီက တစ်ခုခု လုချင်မလို့ဖြစ်မယ်ထင်တယ်၊ နင်သွားတာလာတာ သတိလေးထားပြီးနေနော် တယော"

"အမယ်လေး. . . အဲဒီလိုဆိုလည်း တစ်ခါတည်း ရဲသွားတိုင်လိုက်လို့

ရသေးတယ်၊ အခုဟာ အဲဒီလိုမဟုတ်ဘူးဟဲ့''

''ပြောစမ်းပါဦး''

''သူက ငါ့ကိုလိုက်နေတာဟ၊ အဲဒါကို ငါလည်း ဟိုတစ်နေ့ကမှ သေချာသိလိုက်ရတယ်၊ အဲဒီညနေကကွာ၊ ငါက ခါတိုင်းလိုပဲ ရပ်ကွက်ပတ်ပြီး စက်ဘီးစီးဖို့ အပြင်ထွက်လာတာပေါ့''

ဟုတ်ပါသည်။ တယောကို ဆရာဝန်က ကျန်းမာရေးအတွက် တစ်ခုခုကစားနိုင်း၍ သူမက ညနေဆို ရပ်ကွက်တစ်ပတ် စက်ဘီးစီးထွက်တာ နှစ်လ. . . ကျော်ကျော်ရှိနေလေပြီ။ အရင်ကတော့ ဘာအသံမှ မကြားရ။ အခုမှ သူမကို လူတစ်ယောက်က လိုက်နေသတဲ့။ သူမက. . .

''အဲဒီလူကြီးက ငါစက်ဘီးစီးတဲ့နောက်ကို ဘာနဲ့လိုက်တယ်လို့ နင်ထင်သလဲ''

''ငါက ဘယ်လိုလုပ်သိမှာလဲ''

''ဆိုက်ကားကြီးနဲ့''

''ဘာ. . . ဘယ်လို၊ ဆိုက်ကားကြီးနဲ့. . . ဟုတ်လား''

''အေး. . . ဟုတ်တယ်၊ ဆိုက်ကားကြီးနဲ့ သူ့ကိုကြည့်ရတာ စက်ဘီးတတ်ပုံမရဘူးဟ၊ အဲဒါ ဘယ်ကဆိုက်ကားကြီးကို ပုတ်ပြတ်ပေးပြီး ငှားထားသလဲ မသိဘူး။ ငါ့မှာ ရယ်ချင်လိုက်တာပြောမနေနဲ့ ဟန်ထွန်းရယ်''

''သူက နင့်နောက်ကို ဆိုက်ကားစီးလိုက်ပြီး ဘာလုပ်တာလဲ၊ နင့်ကို လိုက်ကြည့်တာလား''

''ဘယ်ကဟုတ်ရမှာလဲ၊ ငါ့ကို အဲဒီဆိုက်ကားကြီးနဲ့လိုက်ပြီး ရည်းစားစကားပြောတာဟ၊ ငါလည်း အစက ဘယ်ထင်မလဲနော်''

တယောရဲ့ပြောစကားတွေကြောင့် ဟန်ထွန်းမှာ မျက်စိထဲမြင်ယောင်ကြည့်ကာ ပြုံးသွားရ၏။ ဟန်ထွန်းက . . .

''နင့်ကို အဲဒီလိုကြီး လိုက်စကားပြောတော့ နင်မကြောက်ဘူးလား''

''အစကတော့ ကြောက်တာပေါ့ဟဲ့၊ ဒါပေမဲ့ နောက်ပိုင်းကျတော့. . .''

"နောက်ပိုင်းကျတော့ ဘာဖြစ်လဲဟင်"

"နောက်ပိုင်းကျတော့ ငါက မျက်နှာကို ရှုပ်ထားပြီး အပြတ်ကော ပစ်တာပေါ့"

"အဲဒီတော့ သူက နောက်တစ်နေ့ ဆက်မလိုက်တော့ဘူးလား"

"နင်က အဲဒီလိုထင်လို့လား။ ငါ ဒီလောက် ပက်ပက်စက်စက် ပြောဆိုထားတာတောင် အပြုံးမပျက်ဘူး။ နောက်တစ်နေ့မှာလည်း ထပ်လိုက်လာတာပဲ၊ သူ ငါ့နောက်ကိုလိုက်နေတာ သောကြာ၊ စနေ နှစ်ရက်ရှိပြီ၊ ဒီနေ့နဲ့ပါဆိုရင် သုံးရက်မြောက်ပေါ့၊ ငါထင်ပါတယ်၊ ဒီနေ့ညနေကျရင်လည်း လိုက်လာဦးမှာပါပဲ"

ဟန်ထွန်းမှာ ရင်မောစွာ သက်ပြင်းရှည်ကြီးတစ်ချက်ကို ချလိုက်မိသည်။ သူမဘက်မှ ဟိုလူအပေါ်မှာ ဘာခံစားမှုမှမရှိမှန်း သူသိသော်လည်း ဟန်ထွန်းက စိုးရိမ်နေ၏။ အို. . . မဟုတ်သေးပါဘူး။ စိုးရိမ်တာမဟုတ်ရင် ဘာရှိသေးလို့လဲ။ သဝန်တိုနေတာပဲပေါ့၊ သူက သူမကို သဝန်တိုနေတယ်ဆိုတာ ရှင်းနေပြီ။ သဝန်တိုတယ်ဆိုတာ အချစ်စိတ်ပဲ။

ဒါကိုလည်း ဟန်ထွန်းက သူငယ်ချင်းတွေရှေ့မှာ ဝန်ခံခဲ့ပြီးသားဖြစ်သည်။ သို့သော် သူမရှေ့မှောက်တွင် ဝန်ခံရန်တော့ အနည်းငယ်သွေးကြောင်နေမိ၏။ တယောက အသံနှင့်အတူငြိမ်တွေပြီး စဉ်းစားနေသောသူ့လက်မောင်းကို လှမ်းရိုက်လိုက်ပါသည်။

"ဟဲ့ . . . ဟန်ထွန်း၊ နင်က ဘာတွေ တွေးနေတာလဲ"

"ဪ . . . နင့်ဆီကအချစ်ကို ဘယ်လိုနည်းနဲ့ ရနိုင်မလဲဆိုတာ ငါ စဉ်းစားနေတာပါ"

တယောက ဟန်ထွန်းရဲ့စကားကြောင့် မျက်နှာမှာ ရှက်သွေးများ ရဲတွတ်သွား၏။ ဒါပေမဲ့ သူမက ထိုအခြေအနေကို နောက်ပြောင်မှုတစ်ခု ဖြစ်သွားစေရန် လမ်းကြောင်းပေးလိုက်ပါသည်။

"ဘာလဲ . . . နင်က ဟိုလူကြီးကိုယ်စား စဉ်းစားပေးနေတာလား"

ကြည့်စမ်း . . . ဒါ ဘယ်လောက်ပါးနပ်ပြီး လှပသပ်ရပ်တဲ့ ထွက်ပေါက်

တစ်ခုပါလဲ၊ တယောဟာ ဒီလိုစကားလုံးမျိုးနဲ့ ချက်ချင်းတုံ့ပြန်ပြောနိုင်စွမ်းရှိတဲ့ မိန်းကလေးတစ်ယောက်ပါလားဟု သူ တအံ့တဩသိလိုက်ရသည်။ ဒါပေမဲ့ ဟန်ထွန်းက သူမ လမ်းကြောင်းပေးထားသည့်အတိုင်း ဝင်မလာဘဲ သူ့ကိုယ်သူ ယုံကြည်စွာ ပြန်ပြောလိုက်ပါသည်။

"ငါက သူများအတွက် ဘာလို့စဉ်းစားပေးရမှာလဲ တယောရဲ့. . . ငါ့အတွက် ငါစဉ်းစားနေတာဟာ"

"ဟင်. . . ဘယ်လိုကြီးလဲ၊ ဟန်ထွန်း. . . နင်နော်"

သူမက ရှက်စနိုးလေးနဲ့ ဟန်ထွန်းကို မသိမသာ ဟန့်တားလိုက်မိသည်။ ဟန်ထွန်းက သူမကို စူးစိုက်၍ကြည့်နေ၏။ သူ့မျက်လုံးတွေနှင့် တိုက်ရိုက် မဆုံရအောင် တယော ကြိုးစားသေးသော်လည်း အချည်းအနှီးသာဖြစ်ပါသည်။ ဟန်ထွန်းရဲ့ရှေ့မှာ သူမ အမှားအယွင်းတွေများလာခဲ့၏။ ဟန်ထွန်းက သူ့ကိုယ်သူ ပို၍ယုံကြည်မှု ရှိလာပုံရပါသည်။ သူက သူမကို ခေါ်လိုက်၏။

"တယော"

"ဘာလဲ"

"နင့်ကို ငါချစ်နေတယ်ဆိုတာ နင်သိပြီးသားဖြစ်မှာပါ၊ ဟုတ်တယ် တယော နင့်ကိုငါ အရမ်းချစ်တယ်၊ ဒါပေမဲ့ နင်ငါ့ကို ပြန်ချစ်ပါလို့ ငါမတောင်းဆိုဘူးနော်၊ ငါ့ဘာသာငါ နင့်ကို ချစ်နေရရင်တော်ပြီ"

သူ့စကားကြောင့် တယောမှာ မခံမရပ်နိုင်အောင်ဖြစ်ကာ ပေါက်ကွဲသွားလေတော့သည်။ တယောရဲ့အသံတွေက တုန်ယင်နေပြီး အရမ်းစိတ်လှုပ်ရှားနေပုံရ၏။

"နင်. . . နင်ဟာ တော်တော် တစ်ကိုယ်ကောင်းဆန်ပြီး အတ္တကြီးပါလား ဟန်ထွန်းရယ်. . . မိန်းကလေးတစ်ယောက်ကို နင်ပြောချင်တာတွေ ပြောသွားပြီး ငါကဘာမှ တုံ့ပြန်ခွင့်မရှိတော့ဘူးလား။ ငါ့ရင်ထဲမှာ ဘာတွေရှိနေတယ်ဆိုတာ မရိပ်မိဘူးဆိုရင်. . . နင် တကယ်လူညံ့ပဲ"

"ဟင့်အင်း. . . နင်ပြောတာမဟုတ်ဘူး တယောရဲ့၊ ငါက ညံ့ချင်ယောင်

ဆောင်နေတာပါ၊ ငါအားလုံးကို သိပါတယ်"

ပြောပြီးပြီးချင်း ဟန်ထွန်းက တယောကို သူ့ရင်ခွင်ထဲမှာ ပွေ့ဖက်ထား လိုက်ပါသည်။ တယောမှာ ဝမ်းနည်းဝမ်းသာနှင့် မျက်ရည်တွေကျလာ၏။ ဟန်ထွန်း က သူမရဲ့မျက်ရည်တွေကို ကြင်နာစွာသုတ်ပေးနေမိသည်။ ခဏကြာတော့ တယောလေးမှာ ရှက်လာသည်။

သူမက ဟန်ထွန်းရဲ့ရင်ဘတ်ကို တစ်ဘုန်းဘုန်းထုရင်း အရှက်သည်းနေ မိ၏။

"ဟန်ထွန်းနော်. . . နင်က တုံးမလိုလိုနဲ့ တကယ်တန်းကျတော့ လူလည် အကြီးစားကြီးပဲ"

"ငါက ဘယ်မှာလည်လို့လဲ"

"အောင်မယ်. . . နင်က ငါမခံချင်အောင်ပြောပြီး ငါ့ရဲ့အချစ်ကို လူလည် ကျသွားတာ. . . အဲဒါလူလည်ကြီး မဟုတ်ဘူးလား"

"ဘယ်ကလာဟုတ်ရမှာလဲ၊ ငါက နင် ငါ့ကို ချစ်နေမှန်းသိလို့ နင့်အချစ် တွေ ပွင့်ကျလာအောင် ကူညီပေးတာ. . ."

"နင်နော်. . .ဟန်ထွန်း. . . ကောင်စုတ်"

တယောကရှက်ပြီး ဟန်ထွန်းရဲ့ လက်မောင်းနှင့်ပခုံးနားတစ်ပိုက်ကို သူမ လက်သီးဆုပ်လေးနဲ့ အားရအောင်ထုနက်နေလေသည်။

ဟန်ထွန်းသည် တယောကိုယ်ပေါ်မှ လျှောကျလာသော သူမရဲ့ဟန်း ဖုန်းလေးကို အောက်မကျခင် ကောက်ယူလိုက်၏။ တယောမှာ သူ့ရင်ခွင်ကြား၌ ခေါင်းကိုဝှက်ထားပြီး တခစ်. . . ခစ်ရယ်မောနေပါသည်။ ဟန်ထွန်းက ဘာရယ် မဟုတ် သူမ၏ဖုန်းမှ Outgoing Calls တွေကို လျှောက်ကြည့်လိုက်မိသည်။

ဟင်. . .။ ဖုန်းရဲ့ Outgoing Calls တွေထဲမှာ စောစောကမှ သူမ ဆက်လိုက်သော ဖေဖေ့ဖုန်းနံပါတ် ရှိမနေသဖြင့် သူအံ့ဩသွားပါသည်။ သေချာစဉ်း စားကြည့်လိုက်တော့မှ တယောသည် ဖေဖေ့ဆီသို့ တကယ်ဖုန်းမဆက်ဘဲနှင့် သူ့ကို ပတ်သွားမှန်း ဟန်ထွန်းသဘောပေါက်လိုက်၏။ ဟန်ထွန်းက သူမရဲ့ခေါင်းကို

နောကြင်အောင် ဖွဖွလေးခေါက်ကာ. . .

"ချွေးမလေး. . . ခုနတုန်းက ဖေဖေ့ဆီကိုလည်း ဖုန်းဆက်မပြောဘဲနဲ့ ငါ့ကိုညာပြီး ဒီကိုလိုက်ပို့နိုင်းတယ်. . ."

တယောလေးက သူမ လိမ်ထားတာပေါ်သွားသဖြင့် ခေါင်းကို ပုထားပြီး အရှက်ပြေရယ်နေပြန်သည်။ နောက်. . . သူမကပြော၏။

"ဒါပေမဲ့ နင် ငါ့ရဲ့ အိုက်တင်တွေ အကယ်ဒမီရျော့ဖ်တွေမှာ မျောသွားတယ်ဆိုတာကိုတော့ ဝန်ခံလိုက်စမ်းပါ ဟန်ထွန်းရယ်. . . ဟင်း. . . ဟင်း. . . ဟင်း. . ."

"ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောမနေနဲ့ နင့်ဟာက မာယာတွေ ပဲဥစ္စာ. . ."

"နင်ကျတော့ရော၊ အကြီးစားလူလည်ကြီး၊ လူလိမ်၊ လူညာကြီး ကများ. . ."

". . . . . . . . . ."

". . . . . . . . . ."

ထိုသို့ဖြင့် သူတို့သည် တစ်ယောက်တစ်ခွန်းစီ စကားနိုင်လုနေခဲ့ကြသေး၏။ ငြင်းခုံရန်ဖြစ်ရတာ မောလာတော့မှ ချစ်ခင်စွာ သူတို့အိမ်ပြန်လာခဲ့ပါသည်။

ပထမဆုံး ရည်းစားဖြစ်သည့်နေ့မို့ သူတို့ကအရင်လိုမဟုတ်ဘဲ ရက်ကိုးရက်ကန်းဖြစ်နေကြသည်။ ခွဲခါနီးကျတော့ ဟန်ထွန်းက. . .

"တယော. . . နင် ဒီနေ့ စက်ဘီးမစီးနဲ့တော့နော်"

"အေးပါ. . . စိတ်ချ. . ."

သူက ငါ့ကိုချစ်လို့သဝန်တိုတာပဲဟူသော အသိဖြင့် တယောမှာ ကြည်နူးနေခဲ့သည်။ ညအိပ်ရာဝင်ခါနီးတော့ သူမက ဟိုးအရင်တုန်းကလိုပဲ ဗလာ Message တစ်ခုကို သူ့ဆီလှမ်းပို့ကာ ဖုန်းပိတ်ထားလိုက်ပါသည်။

◈ ◈ ◈

## အခန်း ( ၁၃ )

ဒီနေ့က လကုန်ရက်၊ လခထုတ်ရက်ဖြစ်သောကြောင့် ဟန်ထွန်းတို့ကုမ္ပဏီတစ်ခုလုံးရှိ ဝန်ထမ်းများအားလုံးသည် ငွေစလေးများတရွှင်ရွှင်နှင့် ပြုံးပျော်နေကြပါသည်။ စနစ်တကျစပ်စုကာ သတင်းဖြန့်ဖို့တတ်သော ကြည်ပြာ၏လက်ချက်ဖြင့် ဟန်ထွန်းနှင့်တယောတို့အကြောင်းကို ကုမ္ပဏီဝန်ထမ်းတွေပင် သိကုန်လေပြီ။

ဒီကြားထဲ ဓာတ်ရှိန်ကို ပိုမြှင့်လာစေသော အဖြစ်အပျက်တစ်ခုကလည်း ကုမ္ပဏီရှေ့တည့်တည့်တွင် ဖြစ်ပွားသွားခဲ့သည်။ အဲဒါကတခြားမဟုတ်. . .။ တယော စက်ဘီးစီးရာနောက်သို့ ဆိုက်ကားကြီးတစ်စီးနှင့် လိုက်နေသော 'သိုးသိုး' ဆိုသည့် အထူးအဆန်းသတ္တဝါသည် တစ်နေ့တခြား အတင့်ရဲလာရာ အခုဆို ကုမ္ပဏီရှေ့ကိုပင် ရောက်လာခဲ့ပြီ။ ဟန်ထွန်းတို့ ကုမ္ပဏီရှိသောလမ်းသည် အငှားယာဉ်များ ဝင်ခွင့်မရသဖြင့် သူ့ရဲ့လက်စွဲတော် ဆိုက်ကားကြီး ပါမလာတာကိုပဲ တယောမှာ ကျေးဇူးတင်ရမလိုဖြစ်နေသည်။ သူမရုံးမှ ရပ်ကွက်ထဲပြန်ရောက်တာနှင့် သိုးသိုးက တယောတို့လမ်းထိပ်မှာ ဆိုက်ကားနဲ့ လာရောက် စောင့်ကြည့်နေတော့

သည်။

'သိုးသိုး' ဆိုသောထိုမှဲ့ရှိလ်မှာ အသက် သိပ်မကြီးသေးပေမယ့် အနည်းငယ် ဝဖိုင့်သောခန္ဓာကိုယ်မျိုးဖြစ်ရာ သူ့ပုတ်ပြတ်ငှားရမ်းထားသည့် ဆိုက်ကားသမားသည် ဘယ်လိုမှ သက်သာစရာလမ်း မမြင်သေး။ ညနေခင်းမှ ညဝိုးချုပ်မှောင်ချိန်အထိ သူက တယောကို စောင့်ကြည့်နေတတ်သည်။ ဒါကြောင့် တယောမှာ စက်ဘီးကို ရပ်ကွက်ပတ်၍ မစီးတော့ဘဲ ခြံထဲတွင်သာ စက်ဝိုင်းလိုစီးနေရ၏။ သူမရဲ့လွတ်လပ်ခွင့်တွေကို ဆုံးရှုံးရသဖြင့် တယောမှာ သိုးသိုးကို ပိုမိုမကျေမနပ် ဖြစ်လာတော့သည်။

ထိုကိစ္စကြောင့် သူမ အနည်းငယ်မျှ ခြေချုပ်မိသွားတာကို ဟန်ထွန်းက ကျိတ်ပြီး ဝမ်းသာနေခဲ့၏။ သိုးသိုးမှာ သူမနှင့်ဟန်ထွန်းတို့၏ ဆက်ဆံရေးကို သိသိကြီးနဲ့ လိုက်နေသဖြင့် အားလုံးက အံ့အားသင့်နေကြသည်။

အားလုံးဆိုတာ ဟန်ထွန်းတို့ ကုမ္ပဏီဝန်ထမ်းများအားလုံးကို ဆိုလိုပါသည်။ သူမတို့ ရပ်ကွက်ထဲတွင် သိုးသိုးက တယောရဲ့စက်ဘီး နောက်သို့ ဆိုက်ကားကြီးတစ်စီးနှင့်လိုက်၍ ရည်းစားစကားပြောသည့်သတင်းကိုလည်း ကြည်ပြာကပင် ကုမ္ပဏီတစ်ခုလုံးအား တာဝန်ယူဖြန့်ခဲ့၏။

သို့သော်. . . တယောက လုံးဝဂရုမစိုက်ဘဲ (မရှက်တဲ) မျက်နှာပြောင်ပြီး နေသလောက် ဟန်ထွန်းက သူမကိုယ်စား ရှက်လို့မဆုံးနိုင်တော့ပြီ။ သူတို့ တစ်ရုံးလုံးသည် သူမနာမည်ကိုလည်း ဘယ်သူမှ 'စံပယ်ဖြူ' ဟုမခေါ်ကြ၊ ဟန်ထွန်းခေါ်သလို 'တယော' လို့ပဲ ဝိုင်းခေါ်ကြပါသည်။ ပြီးတော့ သူမကို တစ်ရုံးလုံးက ချစ်ကြသည်။ ဂရုလည်း စိုက်ကြသည်။ တစ်ခုခု အပြစ်လုပ်မိလျှင်လည်း သူမကို ထမင်းသိုးဟင်းသိုးတစ်ဦးသဖွယ် အားလုံးက ခွင့်လွှတ်ကြ၏။ တစ်ခါတစ်လေ ဟန်ထွန်းမှာ တယောကို မနာလိုတောင်ဖြစ်မိသည်။

ဒီနေ့လည်း တယောသည် သူမ ပျင်းသဖြင့် အိမ်ပြန်ချင်ကြောင်း လာပြော၏။ အချိန်က နေ့လယ်တစ်နာရီခန့်သာ ရှိသေးသည်မို့ သူက ခွင့်မပြုနိုင်ဘူးဟု ပြန်ပြောလိုက်ရာ တယောတစ်ယောက် မျက်နှာကို စူပုပ်ပြီး သူ့အခန်းထဲမှ ထွက်သွားခဲ့သည်။ မေမေ့ကိုလည်း ပျင်းလို့ဆိုသည့် အကြောင်းပြချက်ဖြင့် သူမက

အိမ်ပြန်ရန် ခွင့်မတောင်းရဲလောက်အောင် ဟန်ထွန်းမှာ ထိုယုံကြည်ချက်ကြောင့် သူမကို ခဏခေါင်းထဲမှ ထုတ်ကာ ဖေဖေရိုက်ထားသော အရေးကြီးသည့် ငွေစာရင်း ကွာဟမှုတစ်ခုကို စစ်ဆေးအဖြေရှာနေမိသည်။

ထိုစဉ်. . . သူ့အခန်းထဲသို့ ကြည့်ပြာက ဖိုင်တွေသယ်ရင်း ဝင်လာပါ၏။ တယောလည်း ကြည့်ပြာရဲ့နောက်မှာ ဖိုင်တွေ ကူသယ်ရှိပါလာသည်။ ထိုဖိုင်တွဲတွေက စာရင်းဇယားအဟောင်းများဖြစ်ကာ ဖေဖေ့အခန်းထဲပို့ရန်ဟု ဟန်ထွန်းက ချက်ချင်းသဘောပေါက်သွားပြီး ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေလိုက်၏။ သူမတို့က သူထင်ထားသလိုပင် ဖိုင်တွဲတွေကို ဖေဖေ့အခန်းဆီ သယ်ဆောင်သွားကြသည်။

တယော၏မျက်နှာသည် စောစောတုန်းက သူ့ကို စိတ်ကောက်သွားသည့်မျက်နှာမျိုး မဟုတ်တော့ဘဲ မချိုမချဉ်နှင့် တစ်မျိုးလေးဖြစ်နေ၏။ ကြည့်ရတာ သူမမှာ အကြံအစည် တစ်ခုခုတော့ရှိပုံရသည်။ ဟန်ထွန်းက ထိုအတွေးကြောင့် ပြုံးလိုက်မိကာ မပြီးပြတ်သေးသော အလုပ်ထဲ စိတ်ကို ပြန်ထည့်ထားလိုက်ပါသည်။ သူ ခေါင်းစားနေသော ပြဿနာမှာ တော်တော်အရေးကြီးနေပြီး အခန့်မသင့်ပါက ကုမ္ပဏီနာမည်ပျက်မည့် ကိစ္စမျိုးဖြစ်သည်။ သူသည် ကွန်ပျူတာရှေ့တွင် နာရီဝက်ခန့် ငွေစာရင်းကွာဟမှုကို ပြန်လည်စစ်ဆေးလိုက်ရသဖြင့် ခေါင်းတွေမူးလာခဲ့၏။ သို့တိုင်အောင် မှားယွင်းမှုက ကိုယ်ပျောက်ဝတ်စုံကို ဝတ်ဆင်ထားဟန်တူသည်။ ဟန်ထွန်းမှာ ပြဿနာရဲ့အဖြေကို ရှာမရနိုင်ဘဲ စိတ်အိုက်နေမိသည်။

ရုတ်တရက် ဖေဖေက သူ့အခန်းဆီ ကူးလာကာ သူ့ကိုပြုံးလျက်ကြည့်ပါသည်။ ပြီးတော့ ဖေဖေက မေးဆတ်ပြရင်း. . .

"ဘယ်လိုလဲ အိုကေသွားပြီလား"

ဖေဖေ့ပုံစံနှင့်လေသံကြောင့် ဒီပြဿနာရဲ့အဖြေကို ဖေဖေသိရှိသွားခဲ့ပြီ ဖြစ်ပြီး သူ့ကိုတော့ မပြောပြသေးဘဲ ပညာစမ်းနေခြင်းမှန်း ဟန်ထွန်း ရိပ်မိလိုက်၏။

"ကျွန်တော်လည်း ကြိုးစားကြည့်တာပဲဖေဖေ၊ ဒါပေမဲ့ ဘယ်လိုမှ အဆင်မပြေဘူး ဖြစ်နေတယ်"

ဟန်ထွန်းရဲ့စကားကြောင့် ဖေဖေကပြုံးရင်းမှ. . .

"အဲဒါဆိုရင် ဖေဖေ့အခန်းထဲကို သားခဏလိုက်ခဲ့"

ပြောပြီး ဖေဖေက သူ့အခန်းဆီ ပြန်ဝင်သွားပါသည်။ ဟန်ထွန်းမှာ လက်ချောင်းတွေကို ဆံပင်ထဲထိုးဖွလျက် ဖေဖေခေါ်ရာနောက်သို့ ထလိုက်လာခဲ့၏။ ဟိုရောက်တော့ ကြည်ပြာနဲ့တယောတို့က ဖိုင်တွေကို ဗီရိုထဲထည့်နေရင်း ပြုံးတူ လုပ်ကြည့်ရှုစပ်စုကြသည်။ ဟန်ထွန်းက ဖေဖေရှိရာဘက်ကို မျက်နှာလွှဲလိုက်တော့ ဖေဖေက သူ့စားပွဲပေါ်မှ Lap Top လေးဆီ မေးဆတ်ပြလိုက်၏။

ဖေဖေရဲ့ Lap Top လေးကို သူကြည့်လိုက်မိ၏။

"ဟင်. . ."

ဟန်ထွန်းမျက်လုံးတွေ ကျယ်သွားပါသည်။ အကြောင်းမှာ ဖေဖေသည် Lap Top ထဲမှာ ခုနက ဟန်ထွန်း လုံးဝမရှာဖွေနိုင်ခဲ့သော ငွေစာရင်းကွာဟမှု၏ အဓိကအစိတ်အပိုင်းကို အနီရောင်နှင့် High Light ပေးကာပြထားလေသည်။

အခု ဖေဖေရှာပြတော့လည်း ဟုတ်သားပင်. . .။ ဒါဟာဖေဖေရဲ့ အလုပ်ကို ပိုင်နိုင်ကျွမ်းကျင်မှုနှင့် အတွေ့အကြုံသမ္ဘာပင်ဖြစ်သည်။ ဟန်ထွန်းက ခေါင်းတညိတ်ညိတ်နှင့် Lap Top လေးကိုကြည့်ရင်း ဖေဖေလုပ်ထားသည့် စာရင်းဇယားတွေကို သင်ကြားအတုယူရပါသည်။ ဖေဖေက သူ့ကိုဘာမှမပြောဘဲ ဟန်ထွန်းအား ကျေနပ်စွာကြည့်နေ၏။ ပါးနပ်သောဟန်ထွန်းက ဒီလောက်ဆို နောက်တစ်ခါ ဒါမျိုး ထပ်မှားစရာ အကြောင်းမရှိတော့။

သူသဘောပေါက်သွားပြီမို့ ဖေဖေ့ကို ကျေးဇူးတင်စွာ တစ်ချက်ကြည့် လိုက်မိသည်။ ဖေဖေက ဟန်ထွန်းကို လက်မထောင်ပြပါသည်။ အဲဒီအချိန်မှာပဲ ကြည်ပြာနှင့်တယောတို့ကလည်း သူမတို့အလုပ်ပြီးသွားသဖြင့် ဖိုင်တွေထည့်သည့် ဗီရိုတံခါးကို ပိတ်လိုက်၏။ ဖေဖေက သူမတို့ဘက်လှည့်ကာ. . .

"ကဲ သမီးတို့ရော ခေါင်းတွေမူးနေကြပြီလား။ ဖိုင်အဟောင်းတွေက အရမ်းများတော့ ပင်ပန်းမှာပဲ"

ကြည်ပြာက. . .

"ရပါတယ်ဆရာရဲ့. . . သိပ်မပင်ပန်းပါဘူး"

တယောက သူမရဲ့လက်ပတ်နာရီလေးဆီ ငုံ့ကြည့်လိုက်ပါသည်။ ဟန်ထွန်းသည် တယောအိမ်ပြန်ချင်နေတာကို သတိရသွားပြီး နံရံပေါ်မှ တိုင်ကပ်နာရီကြီးအား လှမ်းကြည့်၏။ နာရီလက်တံများက နေခင်းနှစ်ချက်ခွဲပြီဟု ညွှန်ပြနေကြသည်။ အင်း. . . ဒါဆို ရုံးဆင်းဖို့ တစ်နာရီခွဲလောက်လိုနေသေးတာပေါ့။

ကြည်ပြာက ဖေဖေ့စားပွဲပေါ် မိမိုသော့ကို မိုမိုသေသေနှင့် တင်ပေးကာ ဖြည်းဖြည်းချင်း နောက်ဆုတ်ရင်း ပြန်ခွင့်တောင်း၏။

"ဆရာ ကျွန်မတို့ သွားလိုက်ပါဦးမယ်"

"ဪ. . . အေး. . . အေး. . . သမီး. . ."

တယောကတော့ သူမရဲ့ပုံစံအတိုင်း ဟိုဟိုသည်သည်ဝေ့ကျော့ကြည့်နေဆဲမှာ. . . ဖေဖေ့ကိုနှုတ်ဆက်ရန် ကြည်ပြာက တယောရဲ့ခါးကိုတို့၍ အချက်ပြလိုက်ပါသည်။

တယောလည်း အခုမှ သတိဝင်လာ၏။ သူမမျက်နှာမှာ ပြုံးရွှင်လိုက်လျှင် ကလေးဆန်ဆန် ချစ်စရာကောင်းသွားတတ်ပါသည်။ ဖေဖေ့ကို တယောက ပြုံးပြုံးလေးနှင့်ပြောလိုက်သည်။

"ဦးနေ့အဖို့ သမီးကို ဦးအနေနဲ့ ဘာများခိုင်းစရာ ရှိပါသေးသလဲ . . ."

ဟင်. . . ဘယ့်နှယ့်မေးခွန်းကြီးပါလိမ့်။ တော်တော် အူကြောင်ကြောင်နိုင်တဲ့မေးခွန်းကြီးမို့ ရုတ်တရက် သူတို့အားလုံး မှင်သက်မိကြလေသည်။

ဒီတယောစုတ်မလေးကတော့ လုပ်ချလိုက်ရင် အဲဒီလိုချည်းပဲ။ ဟန်ထွန်းက စိတ်ထဲမှာ သူမနားရွက်ကို နာနာလေးဆွဲလိမ်ပစ်လိုက်ပါသည်။

ဖေဖေသည်လည်း တယော၏ အဓိပ္ပာယ်နားလည်ရခက်သော မေးခွန်းကြောင့် ယောင်နနနှင့်. . .

"ဟို. . . ဟိုလေ. . . ဦးက သမီးကို ဘာခိုင်းရမှာလဲ"

တယောက ချက်ချင်းပင်. . .

"အဲဒါဆိုရင်လေ. . . ဟို. . . သမီးကို အိမ်ပြန်ခိုင်းလိုက်ပါလားဟင်"

"ဟေ. . ."

ဖေဖေသည်သာမဟုတ် . . . ဘယ်သူမှ ထင်မှတ်မထားသော သူမ၏ စကားကြောင့် ဟန်ထွန်းရော၊ ကြည်ပြာပါ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။ ဖေဖေက သူမကို အံ့သြသင့်စွာဖြင့်မေးမိ၏။

"သမီးက အခုအိမ်ပြန်ချင်လို့လား"

"ဟုတ်ကဲ့ . . . ဒါပေမဲ့ အဲဒါက ဦးနိုင်းမှုပါ"

"ဪ . . . အေး . . . အေး . . . ဒါဆိုရင်လည်း သမီးအိမ်ပြန်တော့လေ"

"ဟုတ် . . . ကျေးဇူးတင်ပါတယ်"

တယောက ထိုသို့ဆိုလိုက်ကာ ဖေဖေ့အခန်းထဲမှ ချာခနဲ လှည့်ထွက်၍ သွားပါတော့သည်။ ကုမ္ပဏီကနေ အိမ်ကို သူမ အမြန်ဆုံးလစ်တော့မည် မဟုတ်ပါလား။

ကြည်ပြာမှာ အဖြစ်အပျက်ကို မယုံနိုင်အောင် မျက်လုံးကြီးပြူး၍ အံ့သြနေ၏။ ဟန်ထွန်းသည် ဘာမှပြောနိုင်စွမ်း မရှိတော့ဘဲ ခေါင်းကိုသာ တွင်တွင်ယမ်းနေမိသည်။ ယုဇနထရေးဒင်းကုမ္ပဏီ၏ M.D ကြီး ဦးအောင်ထွန်းမှာမူ စားပွဲပေါ် လက်ထောက်ရင်း မဝံ့မရဲနှင့် သက်ပြင်းတစ်ချက်ကို ဟင်းခနဲချလိုက်သည်။

# အခန်း ( ၁၄ )

ဆောင်းနှောင်းရွက်ကြွေများ၏အလွန်တွင် နွေဦးငယ်တစ်ခုက ပုန်းနေရာမှ ဘွားခနဲပေါ်လာပြီး နှင်းဝတ်ဖြင့် အေးစက်နေသောကမ္ဘာမြေကြီးပေါ် ခုန်အုပ်ချလိုက်ပါသည်။

ထိုသို့ဖြင့် သူတို့နှစ်ယောက်သည် နွေဦးပေါက်ပွဲတော်မှာ ပါဝင်ဆင်နွှဲခွင့်ရခဲ့တော့သည်။ သူတို့သည် ဆောင်းရနံ့သင်းသော သစ်တော်သီးတွေဆီမှ နွေဦးလိပ်ပြာနှင့် ပန်းပွင့်များထံ ရောက်ရှိသွားကြ၏။ မြူနှင်းဝေသောညများဆီမှ ညည်ငှက်တွန်ကျူးသံများထံ ပြောင်းရွှေ့လာခဲ့ကြ၏။ ချမ်းစိမ့်နေသည့် အရိုးငွေ့တွေဆီမှ စိမ်းလန်းသော ဘဝဇာတ်ခုံအဖြစ် အသွင်ပြောင်းလျက်ရှိကြ၏။

ချစ်သူနှစ်ယောက်ဆိုတာ အရာရာ၌ပြည့်စုံနေသော ခုကွသည်များလည်း ဖြစ်လေသည်။ တယောက သူ့ရင်ခွင်ထဲမှနေ၍ နွေဦးရဲ့အရသာလှလှတွေကို ချောင်းကြည့်နေမိသည်။ ထိုစဉ်၌ ဟန်တွန်းသည် ငြိမ်ငြိမ်လေးနှင့် လှုပ်ရှားနေသော သူ့နှလုံးသားနှင့် တယောဆိုသည့် ကောင်မလေးအား အံ့ဩစွာ မူးဝေစွဲလမ်းသွားရ

၏။ သူက သူမကို ရင်ခွင်ထဲမှာပွေ့ပိုက်ရင်း နွေဦးရဲ့သစ်ရွက်စိမ်းစိမ်းလေးများဆီ တစ်ချက်ဝေ့ရမ်း၍ ကြည့်လိုက်ပါသည်။

လတ်ဆတ်စိမ်းလန်းမှုနှင့် နုပျိုသော နေရောင်ခြည်အလင်းတို့ကြောင့် ပတ်ဝန်းကျင်သည် ပကတိစွဲမက်စရာ နူးညံ့လှပနေလေသည်။ သူက တယောကို ထိုမြင်ကွင်းအား ညွှန်ပြရင်း...

"ဟိုမှာ...ကြည့်စမ်းပါဦး။ တယောရယ်...လှလိုက်တာ"

"အေးနော်...မိုက်တယ်"

တယောသည် ထိုစကားမျိုးကိုပင် သူမရဲ့ဝတိုင်းအတိုင်း ချွဲချွဲအီအီလေသံနှင့် သူ့အာရုံတွေကို ဖမ်းစားထားနိုင်သူဖြစ်၏။ ဟန်ထွန်းကပြုံးကာ သူမကို ငုံ့ကြည့်လိုက်ပါသည်။

"ငါ့ရင်ခွင်ကရော မမိုက်ဘူးလားဟင်..."

ထိုအခါ သူမက စဉ်းစားနေပြီး ခဏမျှကြာတော့မှ ရှက်ကိုးရှက်ကန်းနှင့်...

"အင်း..."

ဟုပြော၍ ခေါင်းငုံ့ချသွားခဲ့၏။

ဟန်ထွန်းက အဲဒီအခိုက်အတန့်လေးကို အသည်းအသန်ပျော်ဝင်သွားလေသည်။ အသည်းတွေယားလာသဖြင့် သူမရဲ့ခန္ဓာကိုယ်လေးကိုလည်း အားနှင့်ညှစ်မိ၏။ သူမက ရှန်းပါသည်။

"အသက်ရှူကျပ်တယ်ဟ..."

"နင်ပဲ ငါ့ရင်ခွင်က မိုက်တယ်ဆို..."

"အေးလေ...ဒါပေမဲ့ နင်က ငါ့ကို အသက်ရှူလို့ မဝအောင်တော့ အရမ်းမညှစ်နဲ့ပေါ့"

"နင်က ငါ့ကို အသည်းယားလာအောင် လုပ်တာကိုး"

"အသည်းယားရင်လည်း အဲဒီလိုမညှစ်နဲ့ တခြားဟာလုပ်၊ ငါ့မှာက နှလုံးအားနည်းတဲ့ရောဂါရှိလို့ဟ"

"……"

သူမရဲ့စကားကြောင့် အကြည့်ရှုးရှုးတွေ ဆုံသွားကြ၏။ ရုတ်တရက် ဟန်ထွန်းက တစ်စုံတစ်ရာကို ဖျတ်ခနဲလုပ်ဆောင်လိုက်သည်။ တယောရဲ့မျက်နှာမှာ ရှက်ပြီး နီရဲသွား၏။ သူက သူမရဲ့အရှက်မျက်နှာလေးကို ပြုံးစိစိနှင့်ကြည့်နေမိ သဲ။

"နင်နော် ဟန်ထွန်း. . . တော်တော်ဆိုးတယ်"

"ဟာ. . . နင်ပဲ အသည်းယားရင် မညှစ်နဲ့၊ တခြားဟာလုပ်ဆို. . ."

သူ့စကားကြောင့် တယောက နှုတ်ခမ်းကိုကိုက်ပြသည်။ သူကလည်း မျက်လုံးကို ပြန်၍ပြူးပြသည်။ ချက်ချင်းဆိုသလို အခြေအနေက ကြည်နူးရင်ခုန်စရာမှ ထုံးစံအတိုင်း မတည့်အတူနေ သူငယ်ချင်းနှစ်ယောက်ဘဝကို ပြန်ရောက်သွား ခဲ့၏။

"အရူးကြီး"

"နင်ကသာ အီးပေါ်လော်မ"

"……"

"……"

ထိုကဲ့သို့စကားနိုင်လုရင်း နှစ်ယောက်သား ထသတ်ကြပြန်လေသည်။ ခဏမျှကြာလျှင် သူမက. . .

"တော်ပြီဟာ ဟန်ထွန်း. . . နင်နဲ့ရန်ဖြစ်ရတာ ငါမောတယ်"

သူမပုံစံက တကယ်ပင် အမောဖောက်နေမှန်း သိသာလှ၏။ သူလည်း စိုးရိမ်သွားမိသည်။

"အေးပါ. . . ဆောရီးနော် တယော"

ခွင့်လွှတ်စွာ တယောက သူ့ကို အားယူ၍ပြုံးရင်း ခေါင်းညိတ်ပြလိုက်၏။ ဟန်ထွန်းက အဖြစ်သည်းနေပြန်သည်။

"ဘယ်လိုနေသေးလဲဟင် တယော. . . သက်သာရဲ့လား။ ငါ့ကိုက မကောင်းတာ၊ နင့်ကိုအလျှော့မပေးဘဲ ပြိုင်ပြီးငြင်းခုန်နေမိတာ ငါ့အမှားပါဟာ"

ဟန်ထွန်းမှာ ယူကြုံးမရဖြစ်နေ၏။ သူမက သူ့ကို ပြန်နှစ်သိမ့်ရလေသည်။

"နင်နဲ့ မဆိုင်ပါဘူး ဟန်ထွန်းရယ်. . . ငါ့ဘာသာငါ ညက အိပ်ရေး ပျက်ပြီး အားနည်းလို့ ဖြစ်သွားတာပါ။ နင် စိတ်မကောင်း ဖြစ်မနေနဲ့တော့နော် ဟုတ်ပြီလား"

သူမရဲ့ အပြုံးနွမ်းနွမ်းလေးကိုကြည့်ရင်း ဟန်ထွန်း ခေါင်းညိတ်လိုက်မိ၏။ တယောက သူ့ရင်ခွင်ထဲကို ပိုမိုတိုးဝှေ့နေပါသည်။ ဟန်ထွန်းက သူမရဲ့ဆံနွယ်မျှင်လေးတွေကို ဖြည်းညင်းစွာပွတ်သပ်ရင်း ချော့လျက်ရှိ၏။

အခုလိုကျတော့ သူတို့နှစ်ယောက်မှာ အနူးညံ့ဆုံး ချစ်သူစုံတွဲတွေဖြစ်နေပြန်လေသည်။

နွေဦး၏ လေသရမ်းက ကန်ရေပြင်ကိုဖြတ်၍ ခပ်ကြမ်းကြမ်းလေး တိုက်ခတ်လိုက်ပါသည်။

ဟန်ထွန်းနှင့်တယောတို့သည် သူတို့နှစ်ယောက် ချစ်သူတွေ စဖြစ်ခဲ့သည့် ပန်းကန်လုံးကျွန်းပေါ်က ကော်ဖီပန်းကန်လုံးကြီးထဲမှာ ထိုင်နေခြင်းဖြစ်သည်။ တယောက တစ်စုံတစ်ရာကိုတွေးမိကာ ပြုံးသွား၏။

"ဟန်ထွန်း. . ."

"ပြောလေ"

"နင့်ကို ငါ ဟို . . .'သိုးသိုး'ဆိုတဲ့ကောင်အကြောင်းတွေ ပြောပြမယ်၊ နင်မသိသေးတဲ့ နောက်ဆုံးအကြောင်းအရာတွေပေါ့၊ ဘယ်လိုလဲ. . ."

"ကောင်းသားပဲ၊ ငါကလည်း နင့်ကို ဖြိုးဝေဆိုတဲ့ကောင်ရဲ့ နောက်ဆုံး ရောဂါဆန်းတစ်မျိုးအကြောင်း ပြောပြမယ်၊ နင်သိရင် အရမ်းအံ့သြသွားမှာဟ"

"အေး. . . အဲဒါဆိုရင် နင်အရင်ပြောပြ. . ."

ဟန်ထွန်းသည် သူမ အခုလိုပြန်၍ တက်တက်ကြွကြွ ပြောလာသဖြင့် အနည်းငယ် စိတ်သက်ရာရသွားပါသည်။ သူက သူမရဲ့အဆိုကို ပြုံးရွှင်စွာသဘောတူလိုက်၏။

"အိုကေ ငါအရင်ပြောမယ် တယောရာ. . . ဖြိုးဝေအကြောင်း နင်သိရင်

အရမ်းဖဲ့ညြသွားလိမ့်မယ်''

''ဟုတ်ပါပြီ. . . ပြောစမ်းပါဦး''

''အဲဒီဖြိုးဝေဆိုတဲ့ကောင်လေး ဒေါ်သိန်းရွှေဆိုတဲ့ဟာနဲ့ ပြတ်သွားပြီ၊ အခု သူက ကောင်မလေးတစ်ယောက်ကို ထပ်ပြီးကြိုက်နေပြန်ပြီဟ. . .''

''ဒါများ. . . ဘာဆန်းလို့လဲ၊ ကောင်မလေးတွေကို ကြိုက်တယ်ဆိုတာ ဖြိုးဝေတို့ ရာဇာတို့ရဲ့ ဘဝခံယူချက်ပဲဥစ္စာ''

''နင်ပြောတာလည်း ဟုတ်ပါတယ် တယောရဲ့၊ ဒါပေမဲ့ အခု ဖြိုးဝေ ကြိုက်နေတဲ့ကောင်မလေးက ဆန်းတယ်ဟ၊ ဘယ်သူမှတ်လို့လဲ''

''ဘယ်သူလဲဟင်''

''ငါတို့ရုံးက စပ်စုမ. . .''

''ဟယ်. . . ဒါဆိုကြည်ပြာပေါ့''

''ဒါပေါ့ . . .''

''သူ့အစား ဝမ်းသာလိုက်တာဟာနှံထွန်းရယ်. . . ကြည်ပြာက ရည်းစား အရမ်းလိုချင်နေရှာတာဟ. . . ဒါနဲ့ သူတို့နှစ်ယောက်က ဘယ်လိုလုပ် သိသွားကြ တာလဲ''

''ဟိုတစ်နေ့က ဖြိုးဝေ ငါ့ဆီ လာလည်တယ်လေ၊ အဲဒီတုန်းက ကြည်ပြာကို ဖြိုးဝေနဲ့ ငါပဲ မိတ်ဆက်ပေးလိုက်တာ. . .''

''အင်း. . . သူတို့နှစ်ယောက်ဆိုရင်တော့ မဆိုးပါဘူး၊ လိုက်တယ်. . . သိလား၊ အဲဒါကို ငါတို့နှစ်ယောက် ဝိုင်းပို့ပေးလိုက်ရင် ပွဲက ပြီးသလောက်ဖြစ်သွား ပြီ ဟန်ထွန်းရဲ့''

''ဒါပေါ့၊ နင်မဆိုးဘူး တယော. . . သဘောပေါက်လွယ်သားပဲ ဟဲ. . . ဟဲ. . . ဟဲ''

''ဟီးဟီး. . . ဟိဟိ. . . အဟိ''

သူတို့က အတွေးကိုယ်စီနှင့် စိတ်ကူးပြီး ရယ်နေမိကြပါသည်။ ဟန်ထွန်း ပြောပြီးသွားတော့ သူမ ပြောရန်အလှည့်သို့ ရောက်လာခဲ့လေသည်။ တယောက

စကားပြောဖို့ အရှိန်ယူနေရသေး၏။ ပြီးမှ. . .

"ဒီလိုဟ. . ."

ဟန်ထွန်းက သူ့ပါးစပ်ကြီးကို ဟလိုက်ကာ. . .

"ဒီလို ဟရမှာလား"

လို့နောက်လိုက်ပါသည်။ သူမက မျက်ခမ်းစုသွား၏။ အဲဒီလိုနောက်နေရင် မပြောပြတော့ဘူးဆိုသည့် အဓိပ္ပာယ်ရ၏။ ထို့ကြောင့် ဟန်ထွန်းက အလိုက်သိစွာ. . .

"ကဲ ဟတ်ပြီ၊ ငါ မနောက်တော့ဘူး။ ပြော. . . ပြော"

ဟုဆိုလိုက်မှ သူမက စတင်ပြောပြပါသည်။ အခုတစ်ခါမှာတော့ သူမက 'ဒီလိုဟ. . .' ဆိုသည့်စကားမပြောတော့ဘဲ. . .

"မနေ့ကညနေတုန်းကလေ. . . ငါစက်ဘီးစီးတဲ့နောက်ကို အဲဒီ သိုးသိုးဆိုတဲ့ကောင်က ထုံးစံအတိုင်း ဆိုက်ကားကြီးနဲ့ လိုက်လာတယ်ဟ. . . ငါလည်း ပထမတော့ တော်တော်စိတ်ညစ်သွားပြီး ကြံရာမရ ဖြစ်သွားမိတာပေါ့၊ သူက ငါ့ဘေးကနေလိုက်ပြီး ရည်းစားစကားတွေ လျှောက်ပြောနေတာကိုး။ ပြောတာတွေက အများကြီးပဲ . . . အဲဒီထဲမှာ သူ့ရဲ့အချစ်ကို ကြိုက်သလို စမ်းသပ်စစ်ဆေးနိုင်ပါတယ်ဆိုတာ ပါတယ်ဟ. . ."

တယောက ပြောရင်းမှ ခဏနားရင်း အောင်နိုင်သူတစ်ယောက်လို ဂုဏ်ကြွားစွာပြုံးလိုက်ပါသည်။ သူမမျက်လုံးထဲကို မနေ့ညနေခင်းရဲ့ ရှုခင်းပုံရိပ်တွေ ရုတ်ချည်းပြေးဝင်လာကြ၏။ နောက်. . . သူမက စိတ်ကူးတွေဖြင့် အတိတ်ဆီသို့ တစ်ရက်စာတိတိ ပြန်လည်ရောက်ရှိသွားခဲ့တော့သည်။

◈

အဲဒီနေ့က သာယာလှပသော ဆည်းဆာချိန် ညနေခင်းတစ်ခုသည် သူမကို အပြင်ထွက်၍ စက်ဘီးစီးဖြစ်အောင် ညင်သာစွာ ဖျားယောင်းနေခဲ့၏။ တယောသည် အိမ်ပေါ်ထပ်ဝရံတာမှ လမ်းထိပ်ဘက်သို့ အကဲခတ်ကြည့်လိုက်ပါသည်။ 'သိုးသိုး'ဆိုသည့်လူဝကြီးနှင့် သူ့ရဲ့စီးတော်ယာဥ် ဆိုက်ကားရှိမရှိဆိုတာကို ထောက်လှမ်းလိုက်ခြင်းပင်ဖြစ်၏။ ဆိုက်ကားရော သိုးသိုးပါ အရိပ်အယောင်မျှမတွေ့ရ၍ သူမ အလွန်ပျော်သွားရပါသည်။

ဒါ့အပြင် ဖြစ်ချင်တော့ အိမ်မှာ သူမ ရပ်ကွက်ပတ်ပြီး စက်ဘီးစီးမည့်အရေးကို တားမြစ်တတ်သည့် ဖေဖေကလည်း မရှိချိန်ဖြစ်နေ၏။ အနှောင့်အယှက်တွေအားလုံး ကင်းစင်နေသဖြင့် တယော စက်ဘီးဆွဲပြီး ရပ်ကွက်ထဲသို့ ထွက်လာခဲ့သည်။

တယောသည် စက်ဘီးတစ်စီးနှင့် လေညင်းခံရင်း ညနေခင်းမိုးတိမ်များကို အရသာခံနေမိ၏။ သူမရဲ့စိတ်တွေ ပေါ့ပါးလွတ်လပ်နေတာကို တယောက သဘောကျပြီး ပျော်မြူးနေမိသည်။ သို့သော် သူမခရာ သိပ်ကြာကြာမပျော်လိုက်ရ။ အကြောင်းမှာ သူမနဲ့ မျက်နှာချင်းဆိုင်တည့်တည့်တွင် သိုးသိုးသည် ဆိုက်ကားပေါ်၌ မိန့်မိန့်ကြီး ထိုင်စီးလာသည့်အတွက်ဖြစ်၏။ တယောလည်း စိတ်ညစ်သွားပြီး ဒီပြဿနာကို ဘယ်လိုဖြေရှင်းရမလဲဆိုတာကို စဥ်းစားနေလိုက်၏။

ဆိုက်ကားဆရာမှာ သူမက ဘာမှမဆုံးဖြတ်ရသေးမီ ဆိုက်ကားကို ဂငယ်ကွေ့ကွေ့လိုက်သည်။ ရုတ်တရက် သိုးသိုးသည် သူမနှင့် အနီးဆုံးနေရာသို့ ရောက်လာသည်။ သိုးသိုးက ဒီနေရာမှာတော့ ခန္ဓာကိုယ်နှင့် မလိုက်ဖက်စွာ ပေါ့ပါးမြန်ဆန် ရွေ့လျားသွားခဲ့၏။ သိုးသိုးက သူ့လက်ပတ်နာရီကို ကြည့်လိုက်ရင်း သူမကို တောင်းပန်လေသည်။

''ဆောရီးနော်. . . မစံပယ်ဖြူ၊ ကျွန်တော် ဒီနေ့ အလုပ်တွေရှုပ်နေလို့ ဂျူတီဝင်တာ နည်းနည်းနောက်ကျသွားတယ်၊ စိတ်မကောက်ပါနဲ့နော်''

သူ့စကားတွေကြောင့် တယောမှာ မျက်နှာကြီး ရှုံ့မဲ့သွားပြီး စိတ်ဓာတ်ကျသွားရှာ၏။ သေသာသေလိုက်ပါတော့ မိတယောရယ်။ တယောမှာ

တစ်ကိုယ်လုံး ဒေါသတွေဆူဝေလာသည်။

ဟွန်း. . . လာသေးတယ်။ သူ့ကို နောက်ကျလို့ စိတ်မကောက်ပါနဲ့တဲ့။ မသိရင် သူနဲ့ပဲဘာလိုလို၊ ညာလိုလိုနဲ့။

တစ်ကယ်တော့ သိုးသိုးမှာ အသက်နှစ်ဆယ့်လေးနှစ်ခန့်သာ ရှိသေးသည်။ သူက လူကောင်ထွားပြီး မျက်နှာကလည်း ရုပ်ရင့်လွန်းသဖြင့် သူမတို့ထက် အများကြီးပိုမို၍ အသက်ကြီးသလိုထင်ရ၏။ အမှန်ဆို သိုးသိုးနှင့်ဟန်တွန်းမှာ သက်တူရွယ်တူများသာ ဖြစ်ပါသည်။ ထို့ကြောင့် သိုးသိုးနှင့် တယောတို့သည်လည်း အသက်ချင်း မတိမ်းမယိမ်းလောက်ပဲ ဖြစ်ကြ၏။

ဒါကို သိုးသိုးက သူမအား'မစံပယ်ဖြူ'လို့ လေးစားသမှုနှင့် ခေါ်သည်။ သူ့ကိုယ်သူလည်း ကျွန်တော်ကျွန်တော်နဲ့ပြောသည်။ တယောသည် သိုးသိုးနှင့်ပတ်သက်၍ တခြားအရာတွေအားလုံးကို ကြိုးစား၍ သည်းခံခွင့်လွှတ်ပေးနိုင်သော်လည်း အဲဒီ မစံပယ်ဖြူဆိုသော အခေါ်အဝေါ်ကြီးကိုတော့ ဘယ်နည်းနဲ့မှ လုံးဝဉဿုံ မခံစားနိုင်ချေ။ သိုးသိုးကလည်း သူမနောက်လိုက်တိုင်း ထို 'မစံပယ်ဖြူ' ဆိုတာကြီးကို ခေါ်ခေါ်ပြီး ရှည်းစားစကားပြောသည်။ ဒါ့အပြင် တယောသည် ဝိုင်း၍ အဆီအစ်နေသောလူတွေကို အလွန်ရွံရှာသည်။ အဲဒါတွေကြောင့် တယောက သိုးသိုးအပေါ် ကြီးမားသောအမုန်းတွေ ပွားများနေရခြင်း ဖြစ်လေသည်။

တယောမှာ သိုးသိုးဆီမှ တင်စီးသောစကားနှင့် စိတ်ပျက်စဖွယ် အခေါ်အဝေါ်တွေကြောင့် အလွန်အင်မတန်စိတ်ကုန်နေမိသည်။ အရင်လိုမျိုး ဆတ်ဆတ်ထိမခံဘဲ ပြန်လည်နှုတ်လှန်ထိုးရန်ပင် အားမရှိသလို သူမ ခံစားနေရ၏။ အခုလည်း သိုးသိုးက သူမကို စကားတွေ လိုက်ပြောနေပြန်သည်။

"မစံပယ်ဖြူရယ်. . . ဘာကြောင့်များ ရွှေမျက်နှာတော်လေးဟာ ညှိုးငယ်ပြီး နွမ်းလျနေရသလဲကွယ်"

"ဘာဖြစ်ရမှာလဲ၊ နင် လိုက်ပြီးနှောင့်ယှက်နေလို့ပေါ့၊ ဝက်သိုးကောင်ရဲ့"

"ဘာ. . . ဘယ်လို မစံပယ်ဖြူ ကျွန်တော့်ကို ဘယ်လိုခေါ်လိုက်တယ်"

သူမသည် သိုးသိုးကို စတွေ့တဲ့နေ့ကတည်းက 'ဝက်သိုးကောင်'ဟု စိတ်ထဲမှ တိတ်တဆိတ်နာမည်ပေးထားၧ။ အခုတော့ သူမလည်း ထိုနာမည်ကို လွှတ်ခနဲ ထွက်သွားမိပါသည်။ တယောမှာ ပေါက်ကွဲနေပြီမို့ မထူးဇာတ်ခင်းလေတော့ၧ။

"ငါ ဒီလောက်အော်ပြောတာ နင်ကမကြားဘူးလား။ နင့်ကို ငါက ဝက်သိုးကောင်လို့ခေါ်တာ. . .၊ ကဲ. . . ကြားပြီလား"

တယောက ထပ်အော်ပြောလိုက်တော့ သိုးသိုးမှာ ဝမ်းနည်းကြေကွဲသွားသည်။ သူမအသံက အနည်းငယ်ကျယ်သွားသဖြင့် သိုးသိုးမှာ ရှက်လည်းရှက်သွားၧ။ သိုးသိုးသည် ပြဇာတ်မင်းသားတွေလို စကားသံများပင် တုန်ခါလျက်ရှိသည်။

"အလိုလို. . . ပြောရက်လိုက်တာ မစံပယ်ဖြူရယ်၊ ကျွန်တော့်လို ဖြူစင်တဲ့ နုလုံးသားပိုင်ရှင်ကိုမှ မစံပယ်ဖြူက ရက်ရက်စက်စက်ကြီး အသည်းခွဲရသလားဗျာ၊ ပြီးတော့ ဝက်သိုးကောင်တဲ့၊ မစံပယ်ဖြူက ခေါ်ရက်တယ်နော်။ ကျွန်တော် ဝတယ်ဆိုတာ မှန်ပါတယ်။ တကယ်ဆိုရင် မစံပယ်ဖြူက ကျွန်တော့်အမေ ချစ်စနိုးခေါ်သလိုခေါ်ရင်လည်းရတာပဲဥစ္စာ. . . မစံပယ်ဖြူကိုက တမင်ရက်စက်လွန်းနေတာပါ"

"နင့်အမေက ဘယ်လိုခေါ်လို့လဲ၊ ပြောစမ်းပါဦး"

"ဝက်ပုတ်လေးတဲ့"

တယောသည် စိတ်တိုနေရာမှ သိုးသိုးရဲ့အပြောကြောင့် အားရပါးရ ရယ်မောမိသွားၧ။ နောက်တော့ တဖြည်းဖြည်းနှင့် သနားလာခဲ့သည်။ သိုးသိုးသည် သူမမျက်နှာကို ဆိုက်ကားပေါ်မှ အဆက်မပြတ် အကဲခတ်နေရာမှ ခေါ်လိုက်ပြန်ၧ။

"မစံပယ်ဖြူ"

"ဘာလဲ"

သူမက ဒီတစ်ခါတော့ ကောင်းကောင်းပဲ ပြန်ဖြေမိလိုက်သည်။ ထိုအခါ သိုးသိုးက သူ့ထုံးစံအတိုင်း ဓာတ်ပြားဟောင်းကြီးကို ဖွင့်လေတော့သည်။

"ကျွန်တော့်ရဲ့အချစ်ကို ဘယ်တော့များ တုံ့ပြန်မှာလဲ မစံပယ်ဖြူရယ်၊ စောင့်မျှော်နေရတဲ့လူမှာလည်း ရင်တွေမောလှပါပြီ၊ ဟိုသီချင်းလို. . ."

ရုတ်တရက် တယောက လမ်းချိုးတစ်ခုထဲသို့ စက်ဘီးကို ကွေ့ဝင်လိုက်၏။ သိုးသိုးက သီချင်းဆိုပြတော့မလို လုပ်နေရာမှ စကားစပြတ်သွားသည်။ သူ့ဆိုက်ကားကြီးနှင့် တယောစက်ဘီးလေးမှာ ဆယ်ပေခန့်ခြားသွားပါသည်၊ သိုးသိုးရဲ့ဆိုက်ကားဆရာက ချက်ချင်းပင် သူ့ဆိုက်ကားကို တယော ကွေ့သွားသည့် လမ်းကလေးထဲ လိုက်ကွေ့ဝင်လာ၏။

ဆိုက်ကားဆရာသည် အတော်လည်း အားအင်ပြည့်ဖြိုးပုံရသည်။ အနီ ဝက်သိုးကောင်ကြီးကို ဆိုက်ကားပေါ်တင်လျက် သူမနောက်သို့ အမြန်လိုက်နင်းလာရာ ခဏလေးနှင့် ပြန်မီလာခဲ့၏။ ထို့နောက် သိုးသိုးသည် ဘာတစ်ခွန်းမှ မပြောသေးဘဲ စောစောတုန်းက သူ့စကားစ ပြတ်သွားသောနေရာကို သေချာစဉ်းစားနေ...သည်။ ဒါပေမဲ့ သူက အဲဒီမေ့နေတာကိုပဲ အတင်းကြီး စဉ်းစားနေသဖြင့် တန်းလန်းကြီး အခက်ကြုံနေရ၏။ သူမသည် သိုးသိုးကို အရင်လောက် မကြောက်တော့။ သနား၍ ရယ်လည်းရယ်ချင်နေမိပါသည်။

ထိုသို့ရှိနေစဉ် သိုးသိုးက အချိုးပြောင်းသွားပြီး တစ်မျိုးဆိုလာပြန်၏။

"ကျွန်တော့်အချစ်ကို ယုံကြည်ပေးပါနော်၊ မစံပယ်ဖြူ"

"ဘာဖြစ်လို့ ယုံကြည်ပေးရမှာလဲ"

"အဲဒီလိုတော့ မလုပ်ပါနဲ့ မစံပယ်ဖြူရယ်၊ အခုလောလောဆယ် ကျွန်တော့်ကို ပြန်မချစ်နိုင်သေးရင်တောင်မှ ကျွန်တော်ရဲ့အချစ်ကိုတော့ ခြွင်းချက်မရှိ ယုံကြည်ထားစေချင်တယ်. . . နော်. . . မစံပယ်ဖြူနော်"

သူမက ခေါင်းကိုခါယမ်းရင်း ငြင်းပစ်လိုက်သည်။ သိုးသိုးက သူ့အချစ်တွေ အတင်းသက်သေတည်ပြီး ယုံကြည်ခိုင်းနေ၏။

"ကျွန်တော့်အချစ်ကိုယုံပါ မစံပယ်ဖြူရယ်၊ ကျွန်တော် မစံပယ်ဖြူကို အရမ်းချစ်တယ်၊ အဲဒီစကားကိုလည်း မိုးကောင်းကင်ကြီးကိုရော၊ ကမ္ဘာမြေကြီးကိုရော၊ ဒါ့အပြင် အဆစ်အနေနဲ့ ဟောဒီ ဆိုက်ကားဆရာလေး မျိုးမင်းသိန်းကိုပါ

သက်သေထားပြီး တိုင်တည်ပါတယ် မစံပယ်ဖြူ ကျေးဇူးပြုပြီး ယုံကြည်ပေးပါဗျာ"

မျိုးမင်းသိန်းဆိုသည့် ဆိုက်ကားဆရာက သိုးသိုးရဲ့ တိုင်တည်ပြောဆိုမှုကြောင့် ပြုံးဖြီးဖြီးကြီးနှင့် ခေါင်းညိတ်ပြကာ သူ့လူဘက်မှ သက်သေလိုက်ပေးပါသည်။ တယောက. . .

"အို. . . ယောက်ျားတွေအကုန်လုံး အဲဒီလိုပဲ ပြောကြတာပဲဟာ. . .။ မယုံပါဘူး"

"အဲဒါဆိုရင် ကျွန်တော်ပြောတာတွေကို မစံပယ်ဖြူ ယုံကြည်လာအောင် ဘယ်လိုလုပ်ပြရမလဲဟင်၊ ကျွန်တော့်အချစ်တွေကို မစံပယ်ဖြူ ကြိုက်သလိုစမ်းသပ် စစ်ဆေးနိုင်ပါတယ်"

ထိုအခိုက် သူမ၏ခေါင်းထဲ၌ ဖျတ်ခနဲ ဉာဏ်လင်းပွင့်ထွက်သွား၏။ တယောက စက်ဘီးစီးရင်း သူ့ဘက်ကို ခေါင်းငဲ့ကာမေးလိုက်ပါသည်။

"တကယ်လားဟင်"

"တ. . . ကယ်. . . ပါ"

သိုးသိုးက 'တကယ်ပါ'ဆိုသည့် စာလုံးလေးလုံးကို အထစ်ထစ်အငေါ့ငေါ့နှင့်ပြန်ဖြေလေ၏။ လျှို့ဝှက်စွာ သူမ ပြုံးနေပါသည်။ ထိုလျှို့ဝှက်သောအပြုံး၏နောက်ကွယ်တွင် တစ်စုံတစ်ခုရှိနေသည်။ တယောက သူ့ကို လှမ်းခေါ်လိုက်၏။ သူ့နာမည်ကို သူမဘာသာ 'ဝက်သိုးကောင်'ဟုလည်း မခေါ်ပါ။ သူ့အမေ ချစ်စနိုးနဲ့ခေါ်သလို 'ဝက်ပုတ်လေး'ဟုလည်း မခေါ်ပါ။ သူရဲ့ ငယ်သူငယ်ချင်းတွေ ခေါ်လေ့ရှိကြသော'အစားပုတ်'ဟုလည်း မခေါ်ပါ။ သိုးသိုးဟူသော နာမည်ရင်းအတိုင်းပဲ ခေါ်လိုက်ခြင်းဖြစ်ပါသည်။

"သိုးသိုး"

"ပြောပါ မစံပယ်ဖြူ"

"ဒီအချိန်ကစပြီး နင် ငါ့ကိုလျှောက်လိုက်တဲ့အခါ ဆိုက်ကားကြီးနဲ့ မလိုက်နဲ့"

"ကျွန်တော်က မစံပယ်ဖြူလို စက်ဘီး မစီးတတ်လို့ပါ"

"အဲဒါဆိုရင် ဆိုက်ကားကို ကိုယ့်ဘာသာကိုယ်နင်း၊ ဆိုက်ကားဆရာကို ခေါ်မလာနဲ့"

"ကျွန်တော်က ဆိုက်ကားကိုလည်း မနင်းတတ်. . ."

"တော်. . . နင်ငါ့ကို ဆင်ခြေလာမပေးနဲ့၊ ပြောတော့ နင့်အချစ်ကို ကြိုက်သလို စမ်းသပ်စစ်ဆေးပါဆို၊ ဆိုက်ကားကို ရအောင်စီးပြီးလိုက်ခဲ့၊ ဆိုက်ကားက သုံးဘီးဆိုတော့ စက်ဘီးထက်တော့ ပိုလွယ်မှာပဲ"

"မစံပယ်ဖြူရဲ့ ရည်ရွယ်ချက်က. . ."

"နင် စဉ်းစားကြည့်လေ"

"အင်း"

"နင်က ငါ့အချစ်ကိုလိုက်ပြီး တောင်းခံနေတဲ့လူ ဟုတ်တယ်မှတ်လား"

"ဟုတ်တယ်လေ"

"ငါက စက်ဘီးကို သတိနဲ့စီးရတယ်၊ လိုအပ်ရင် အပင်ပန်းခံပြီး အားကြိုးမာန်တက် နင်းရသေးတယ်၊ နင်ကကျတော့ သူများနင်းပေးတဲ့ ဆိုက်ကားကြီးကို ဇိမ်နဲ့စီးပြီး ဘေးကနေ ရည်းစားစကားလိုက်ပြောတာ တရားသလား၊ စဉ်းစားကြည့်လေ"

"အင်းနော်. . . မစံပယ်ဖြူပြောတော့လည်း ဟုတ်သလိုလိုပဲ"

"အဲဒါဆိုရင် ငါပြောတာကို နင်လက်ခံပြီပေါ့. . . ဟုတ်လား"

"အေး. . . လက်ခံပါတယ်"

"ဒါဖြင့်ရင် အဲဒီကိစ္စ အဆင်ပြေမပြေကို အခု နင်စမ်းကြည့်ပါလား၊ ဘယ်လိုလဲ ငါလည်းကြည့်ရတာပေါ့"

တယောက စက်ဘီးကိုရပ်လိုက်သဖြင့် ဆိုက်ကားဆရာလေး မျိုးမင်းသိန်းကလည်း ဆိုက်ကားကိုရပ်လိုက်ပါသည်။

"အိုကေလေ. . . မစံပယ်ဖြူပြောတဲ့အတိုင်း စမ်းကြည့်တာပေါ့၊ ကဲ မျိုးမင်းသိန်း ဆိုက်ကားပေါ်က မင်း ခဏလောက် ဆင်းပေးပါ"

ထို့နောက် သိုးသိုးက ဆိုက်ကားပေါ်သို့ တက်ထိုင်လိုက်၏။ တယောက

ဘေးမှာ စက်ဘီးနင်းရင်း ထွက်ရန်အဆင့်သင့်လုပ်ထားသည်။ သူမက အော်လိုက်ပါသည်။

"ကဲ. . . ရယ်ဒီ. . . ဝမ်း. . . တူး. . . သရီး"ဟူ၍ အမှတ်စဉ်ရေပြီးသည်နှင့်တစ်ပြိုင်နက် တယောက စက်ဘီးကို စတင်၍နင်းထွက်သွား၏။ သိုးသိုးကလည်း အားကျမခံ သူမနှင့်အပြိုင်လိုက်ပြီး ဆိုက်ကားကြီးကိုနင်းလေသည်။ သူနင်းသောဆိုက်ကားမှာ သုံးပေခန့်ရွေ့သွားပြီးနောက် လမ်းဘေးသို့ တုံးလုံးကြီးလဲကျသွားတော့သည်။

"အား. . . ကယ်ကြပါ. . . ပေါင်ကျိုးသွားပြီလားမသိဘူး"

သိုးသိုးရဲ့အော်သံကြောင့် မျိုးမင်းသိန်းက ဆိုက်ကားဆီ အမြန်ပြေးထူပေး၏။ သူမက အနောက်ဆီ တစ်ချက်မျှ လှည့်ကြည့်ပြီး အသံထွက်ရယ်မောလိုက်သည်။ နောက်. . . ရုပ်တည်ကြီးနဲ့ စက်ဘီးကို ဆက်နင်းကာ အိမ်သို့ပြန်လာခဲ့သည်။

တယော၏ နောက်ကြောင်းပြန် ပြောပြချက်အဆုံး၌ ဟန်ထွန်းလည်း မနေနိုင်တော့. . .။ သူကရယ်တော့ သူမကပါ ထပ်ရယ်သည်။ သူမက ရယ်နေသဖြင့် သူကလည်း လိုက်၍ရယ်မောသည်။

ဒီလိုနှင့် ထိုနေ့သည် သူတို့ကြားမှာ ရယ်စရာများနှင့် စွန်းပေသော သံယောဇဉ်နေ့စွဲလေးတစ်ခု ဖြစ်ခဲ့ရပါသည်။

◈ ◈ ◈

## အခန်း ( ၁၅ )

ဒီနေ့က မတ်လ ( ၂၇ ) ရက်နေ့ တော်လှန်ရေးနေ့မို့ အလုပ်ပိတ်ရက် ဖြစ်၏။ ဟန်ထွန်းသည် 'အမေ့အိမ်'လက်ဖက်ရည်ဆိုင်၌ တစ်ယောက်တည်း ထိုင်နေမိသည်။ 'အရေးကြီးတယ် ဆက်ဆက်လာခဲ့'ဆိုသော တယောက ချိန်း ထားသည့်အချိန်ထက် နာရီဝက်ကျော်အထိ ရောက်မလာသေး။ ဟန်ထွန်းက ဒါကို ဝဋ်ကြွေးဟု သဘောထားကာ နာရီတကြည့်ကြည့်နှင့် ထိုင်စောင့်နေမိသည်။

တယောက ရှိုးရာမပျက်ရအောင် သူမ ထုံးစံအတိုင်း မိနစ်လေးဆယ် လောက်နောက်ကျပြီး 'အမေ့အိမ်'လက်ဖက်ရည်ဆိုင်သို့ရောက်၏။ သို့သော် သူမ တစ်ယောက်တည်းတော့ မဟုတ်။ သူမနောက်မှ ဝဖိုင့်ဖိုင့် လူငယ်တစ်ဦး ပါလာ သည်။ ဟန်ထွန်းက ချက်ချင်းပင် ထိုလူကို တယောပြောပြောနေသည့် 'သိုးသိုး' ဆိုသည့်ကောင်မှန်း တန်းသိလိုက်၏။ သိုးသိုးသည် သူမနောက်တွင် ကုပ်ကုပ်လေး ပါလာပုံကိုထောက်လျှင် သူသည် တယောကို တော်တော်ကြောက်ရမှန်း သိ သာလှပါသည်။

"ကဲ. . . ထိုင်"

ဟန်ထွန်းက သူတို့နှစ်ယောက်စလုံးကို မျက်နှာလုံးဝမပျက်ဘဲ လူကြီးလူကောင်းပီပီ သူ့ဝိုင်းမှာ ထိုင်ခိုင်းလိုက်၏။ အဲဒီနောက် တယောက သူ့ကိုပြုံးပြပြီး. . .

"နင် ရောက်နေတာကြာပြီလား. . . ဆောရီးနော်. . . ဟန်ထွန်း . . . ငါ သူနဲ့ ချိန်းထားတာ လွဲနေလို့ဟ. . ."

"ဩော်. . . ရပါတယ်၊ ငါ ရောက်နေတာက မိနစ်ငါးဆယ်လောက်ပဲ ရှိသေးတာ"

ရုတ်တရက် သိုးသိုးက သူ့ကိုဝင်၍ တောင်းပန်နေလိုက်ပါ၏။

"ဆောရီးနော်အစ်ကို. . . ကျွန်တော့်ကြောင့် အခုလိုဖြစ်ရတာ. . . မစံပယ်ဖြူ ချိန်းတဲ့နေရာကို ကျွန်တော်သေချာမသွားတတ်ဘဲ တတ်ယောင်ကားလုပ်နေလို့ လွဲပြီး နောက်ကျကုန်တာပါ. . . ကျွန်တော်ရဲ့အပြစ်ပါ"

သိုးသိုးစကားကြောင့် တယောက နှုတ်ခမ်းရွဲ့သွားပြီး ဟန်ထွန်းမှာလည်း ရယ်ချင်သွားမိသည်။ တယောက. . .

"ကဲပါ. . . အဲဒါတွေထားလိုက်. . . ဘာမှအရေးမကြီးပါဘူး သိုးသိုး"

"ဟာ. . . မစံပယ်ဖြူကလည်း အစ်ကို့ကို အားနာစရာ"

ဒီတော့ ဟန်ထွန်းလည်း မနေသာတော့ဘဲ. . .

"ရတယ်. . . ရတယ်. . . ပြဿနာ မရှိပါဘူး"

သိုးသိုးက ဟန်ထွန်းစကားကြောင့် ငြိမ်သွား၏။ ထိုအချိန်တွင် တယောက သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးလိုက်၏။ ဟန်ထွန်းထင်တာ မှန်ပါသည်။

"ဟန်ထွန်း. . . ဒါက သိုးသိုးတဲ့. . . သိုးသိုး. . . ဒါကတော့ ငါပြောထားတဲ့ ဟန်ထွန်းဆိုတာပေါ့"

တယောစကားပြောတာကို တစ်ချက်နားပြီး သိုးသိုးဆီကြည့်လိုက်တော့ အနီပုဂ္ဂိုလ်သည် မျက်လုံးကိုစုံမှိတ်၍ ပါးစပ်ကလည်း ပွစိပွစိတွေ ရေရွတ်နေ၏။ ဟန်ထွန်းရော တယောပါ သိုးသိုး၏အပြုအမူကို အံ့သြသွားကြသည်။ သူမက သိုးသိုး၏ပခုံးကို လှမ်းပုတ်လိုက်ပြီး. . .

"ဟဲ့. . . သိုးသိုး၊ အဲဒါက ဘာဖြစ်နေတာလဲ"

သိုးသိုးက မျက်နှာငယ်လေးနှင့် ပြန်ဖြေ၏။

"ကျွန်တော် ဆုတောင်းနေတာပါ"

"ဘာဆုတောင်းနေတာလဲ"

"ဩော်. . . မစံပယ်ဖြူက ယောက်ဒီအစ်ကိုကို မစံပယ်ဖြူရဲ့ရည်းစားဆိုပြီး မိတ်ဆက်ပေးတော့မယ် မဟုတ်လား"

"အေးလေ. . . နင်က ငါ့မှာ ရည်းစားရှိတာ မယုံဘူးဆိုလို့ မိတ်ဆက်ပေးရအောင် ခေါ်လာတာပေါ့. . . အဲဒါကို နင်က အခု ဘာဆုတောင်းနေရတာလဲ"

"ကျွန်တော်က အဲဒါမဟုတ်ပါစေနဲ့ ဆုတောင်းနေတာပါ မစံပယ်ဖြူ"

"ဟောတော့. . ."

တယောခမျာ မျက်လုံးကြီးပြူးပြီး ဟန်ထွန်းဆီ တစ်ချက်လှမ်းကြည့်၏။ ဟန်ထွန်းမှာ သိုးသိုးကို သနားမိသွားသည်။ ယောကျ်ားမာနတွေ တစ်ခုမှ မကျန်အောင် တယောကို ချစ်မြတ်နိုးရှာသော သိုးသိုး၏အဖြစ်က အမှန်ပင် သနားစရာဖြစ်ပါသည်။ တစ်နည်းအားဖြင့် သိုးသိုးသည် အချစ်ကို ရူးသွပ်နေသည့်အဆင့်ရောက်နေသူ တစ်ဦးလည်းဖြစ်၏။

ထိုစိတ်ခံစားရှိသူမျိုးကို သနားကာ သူ့အတွက် ဖေးဖေးမမပြောဆိုပြီး မျှော်လင့်ချက်ပေးမိလျှင် ပိုဆိုးလာနိုင်၏။ အဲဒီလိုမဖြစ်ရအောင် ပြတ်ပြတ်သားသား ပြောရမည်ဟု ဟန်ထွန်းက ဆုံးဖြတ်ချက်ချလိုက်ပါသည်။ သူ့လေသံကို အတတ်နိုင်ဆုံး တည်တည်ငြိမ်ငြိမ်ထား၍. . .

"ခင်ဗျားရဲ့ဆုတောင်း ပြည့်မှာမဟုတ်ဘူး သိုးသိုး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်နဲ့တယောဟာ ချစ်သူရည်းစားတွေဖြစ်နေလို့ပဲ"

ချက်ချင်းပင် သိုးသိုးက ဝမ်းသာအားရနှင့်. . .

"ဟာ. . . အစ်ကိုနဲ့ ရည်းစားဖြစ်နေတာက တယောဆို၊ မစံပယ်ဖြူမှ မဟုတ်တာ. . . ကျွန်တော့်ဆုတောင်းပြည့်တာပေါ့"

သိုးသိုးရဲ့စကားကြောင့် သူတို့လည်း ငိုရမလို ရယ်ရမလိုဖြစ်သွားကြ၏။

တယောကပဲ ဝင်ရှင်းပြရသည်။

"တယောနဲ့စံပယ်ဖြူဆိုတာ အတူတူပဲသိုးသိုးရဲ့။ ဟန်ထွန်းက ငါ့ကို ချစ်စနိုးနဲ့ တယောလို့ခေါ်တာ၊ တကယ်က အဲဒီနှစ်ခုက အတူတူပဲ"

"ဪ. . ."

သိုးသိုးမှာ တကယ့်ကို ကြေကွဲဆို့နင့်စွာဖြင့် သူမအား ငေးကြောင်ကြည့်နေသည်။ ခဏကြာတော့ သူ့ဘာသာသူ ရေရွတ်သလို တယောကိုပဲ ပြောသလိုနှင့်. . .

"အဲဒါဆိုရင် အခု ကျွန်တော် အသည်းကွဲရတော့မှာပေါ့နော်"

တယောက စိတ်ပျက်ပျက်နှင့် သိုးသိုးကို ပြန်၍အော်ငေါက်လိုက်၏။

"နင့်ဘာသာနင် လုပ်ချင်လုပ်၊ ငါ ဘယ်သိမှာလဲဟဲ့"

သူမအော်သံကြောင့် တခြားလူတွေက သူတို့ဝိုင်းကို လှည့်ကြည့်ကြ၏။

ဟန်ထွန်းက သူမကို ဒေါသတွေလျှော့ဖို့ ဖျောင်းဖျနေရသည်။

"တယော အရမ်းမအော်နဲ့လေဟာ. . . နင့်စိတ်ကိုလျှော့ထားလိုက်၊ လိမ္မာတယ်နော်. . . ဟုတ်လား"

သူမက ထပ်မအော်တော့သော်လည်း နှုတ်ခမ်းကိုက်ထားပြီး သိုးသိုးဆီ ဒေါသနှင့် စူးစူးဝါးဝါးစိုက်ကြည့်၏။ သိုးသိုးက ထိုင်ရာမှထလိုက်ပါသည်။ ပြီးတော့. . . ဆို့ဆို့နင့်နင့်လေသံကြီးနှင့် သူမကိုနှုတ်ဆက်၏။

"ကျွန်တော်နားလည်ပါပြီလေ၊ မစံပယ်ဖြူရဲ့အချစ်ကို ကျွန်တော် ဒီဘဝမှာ မမျှော်လင့်တော့ပါဘူး၊ ဒါပေမဲ့ နောက်ဘဝတွေကျရင် ကျွန်တော်တို့နှစ်ယောက် ဆုံစည်းနိုင်ကြမှာပါ၊ အဲဒီမျှော်လင့်ချက်နဲ့ပဲ ကျွန်တော် အသက်ဆက်ရှင်နေပါ့မယ် မစံပယ်ဖြူရယ်၊ အခုတော့ ကျွန်တော့်ကို သွားခွင့်ပြုပါ. . ."

ဒေါသထွက်နေသော တယောက မေတ္တာအပြည့်ဖြင့်. . .

"သွားဟေ့. . . သွား. . . အမြန်ဆုံးသာ ဒိုး"

ဟန်ထွန်းမှာ ရယ်ချင်စိတ်ကို မနည်းမျိုချနေရ၏။ သိုးသိုးသည် သူ၏

၁ဝဖိုင့်ဖိုင့်ခန္ဓာကိုယ်ကြီးကို ဆွေးဆွေးမြေ့မြေ့ခြေလှမ်းတွေနှင့် သယ်ဆောင်ကာ 'အမေ့အိမ်' ဆိုင်ထဲမှ တရွေ့ရွေ့ထွက်ခွာသွားခဲ့သည်။

ဟန်ထွန်းက သူမကိုပြောလိုက်၏။

''သနားပါတယ်နော်. . . တယော''

သူ့စကားကြောင့် ဒေါသစိတ်မပြေသေးသော သူမက. . .

''သနားရင် နင့်ညီမနဲ့ ပေးစားလိုက်ပါလား''

ဟု တုံ့ပြန်လိုက်လေသည်။

◈

ထို့နောက် ဟန်ထွန်းသည် တယောကို ချောမော့နှစ်သိမ့်ပြီး အိမ်ပြန်ခိုင်းပေးလိုက်၏။ ဖေဖေက သူ့ကို ညစာစားဖို့ စောင့်နေသဖြင့် အမြန်ရေချိုးကာ ထမင်းစားခန်းထဲသို့ ဆင်းလာခဲ့ရသည်။ ဖေဖေ့မျက်နှာကိုကြည့်ရတာ တစ်စုံတစ်ခုပြောစရာ ရှိနေပြီဟု သူ သဘောပေါက်လိုက်ပါသည်။

ဟန်ထွန်းက ဖေဖေရှေ့မှာ ဝင်ထိုင်လိုက်ပြီး. . .

''သားကို ဖေဖေတစ်ခုခု ပြောစရာများ ရှိနေလို့လား''

သူ့မေးခွန်းကြောင့် ဖေဖေက ကျေနပ်စွာပြုံးလိုက်ပါ၏။ ဖေဖေက. . .

''အခုလိုအချိန်တိုအတွင်း သားငယ်တိုးတက်လာတာကို ဖေဖေအရမ်းဝမ်းသာတယ်၊ ဖေဖေ့မျက်နှာ ဘယ်လိုဖြစ်နေရင် ဘာကိုလုပ်ချင်တယ်ဆိုတဲ့ အရိပ်ဖမ်းတဲ့ ပညာမှာ သားငယ်တော်လာပြီ၊ ဒါပေမဲ့ သားရဲ့ကိုကို့ကိုတော့ မမီသေးဘူး။ စီးပွားရေးသမားတစ်ယောက်ဆီမှာ အဲဒီလို တစ်ဖက်လူရဲ့မျက်နှာအရိပ်အကဲဖမ်းနိုင်တဲ့ အရည်အသွေးမျိုးရှိရမယ်။ သားကိုကိုဟာ အဲဒီနေရာမှာ သိပ်တော်တဲ့လူ၊ သူဆုံးသွားတာ ဖေဖေရဲ့ လက်တစ်ဖက်ပြုတ်သွားသလိုပဲ၊ ဒါပေမဲ့ သားငယ်ကို သားကြီးနေရာမှာ အစားထိုးနိုင်ခဲ့တာ ဖေဖေကျေနပ်တယ်၊ ဂုဏ်လည်းယူပါတယ်''

ဖေဖေကချီးကျူးတော့ သူ မချိပြုံးလေးပြုံးလိုက်မိသည်။ ကိုကို့ရဲ့နေရာကို

အစားထိုးဆိုတဲ့စကားကြောင့် ဟန်ထွန်း နည်းနည်းတော့ ခံပြင်းသွား၏။ ဒါကိုဖေဖေ က သိပုံမပေါ်ပေ။ အလုပ်နဲ့ပတ်သက်သော ကိုကို့ရဲ့အရိပ်ထိုးမှုကို သူ ရုန်းမထွက်နိုင်သော်လည်း တယောက သူနှင့်ကိုကိုမင်းထွန်းကို လုံးဝ ကွဲကွဲပြားပြားရှိနေခဲ့ပြီမို့ ဟန်ထွန်း ပျော်ရွှင်မိပါသည်။

ထိုစဉ် ဖေဖေကာဘေးနားရှိ သားရေအနက်ရောင်နှင့် ဗိုင်ယာလီစာအုပ်လေးကို ထောင်ပြရင်း သူ့ကိုမေးလိုက်၏။

"သားငယ် . . . ဒီစာအုပ်ကို သိသလား"

"ဟုတ်ကဲ့ . . . ကိုကို့ဗိုင်ယာလီစာအုပ်ပါ"

"မှန်တယ်သား . . . ဖေဖေလည်း မနက်က သားကြီးအခန်းထဲ အလွမ်းပြေဝင်ကြည့်တုန်းတွေ့ခဲ့တာ၊ အဲဒါ သားတို့က ညီအစ်ကိုချင်းဆိုတော့ သားငယ်ကို ဖေဖေက တစ်ခုမေးစရာရှိလို့"

"ဟုတ်ကဲ့ . . . မေးပါဖေဖေ"

"ဒီဗိုင်ယာလီဟာ သားကြီး နောက်ဆုံးကိုင်တွယ်အသုံးပြုခဲ့တဲ့ ဗိုင်ယာလီစာအုပ်လားဆိုတာ ဖေဖေသိချင်တယ်"

"ဟုတ်တယ်ဖေဖေ . . . အဲဒါကိုကိုနောက်ဆုံးရေးခဲ့တဲ့ ဗိုင်ယာလီပဲ၊ သားအသိဆုံးပါ . . . ဖေဖေက ဘာလုပ်မလို့လဲဟင်"

"ဪ . . . ဘာမှမလုပ်ပါဘူး သားငယ်ရဲ့၊ ဖေဖေက သားကြီးရဲ့ဗိုင်ယာလီကို ဖတ်ကြည့်မလို့ပါ၊ သားကြီးဟာ လူ့ဘဝနောက်ဆုံးနေ့ရက်တွေမှာ ဘယ်လိုပျော်စရာတွေ၊ ဘယ်လိုမျှော်လင့်ချက်တွေ ရှိခဲ့သလဲ၊ ဒါမှမဟုတ် သားကြီးဟာ အဲဒီအချိန်တုန်းက စိတ်ညစ်နေတာလား၊ တည်တည်ငြိမ်ငြိမ်ပဲလား။ သားကြီးရဲ့ နောက်ဆုံးလုပ်ဆောင်ချက်တွေဟာ ဘာတွေလဲ၊ အဲဒါတွေကို ဖေဖေ သိချင်တယ်"

"အဲဒီလိုဆိုရင်တော့ ဖေဖေ အဲဒီဗိုင်ယာလီကို ဖတ်ကြည့်ပေတော့၊ အဲဒါ ကိုကို့ရဲ့ နောက်ဆုံးဗိုင်ယာလီစာအုပ်အစစ်ပဲ၊ သား အာမခံတယ်"

"ကောင်းပြီသားငယ် . . . ဒီညပဲ ဖေဖေ သားကြီးရဲ့ဗိုင်ယာလီကို ဖတ်လိုက်ပါ့မယ်"

အဲဒီနောက်တွင် ထမင်းစားပွဲပြီးချိန်အထိ သူတို့သားအဖကြားမှာ ဘာစကားမှ ပြောစရာမရှိတော့သလို ငြိမ်သက်တိတ်ဆိတ်နေခဲ့ပါသည်။

ဟန်ထွန်းလည်း ထမင်းစားပြီး အဝေးကြီးအိပ်ရာဝင်ခဲ့၏။ မနက်မိုးလင်းတော့ သူ့ရဲ့MOTOROLA ဟန်းဖုန်းလေးမှာ Message တစ်ခု ဝင်နေတာတွေ့ရသည်။ သူက Message ကိုဖွင့်ကြည့်လိုက်၏။ Message က ဘာတစ်ခုမှ ရေးမထားသော ဗလာ **Message. . .**။

ပေးပို့သူက တယော. . .။

ဒါကြောင့် သူလည်း စောစောစီးစီး ကြည့်နူးစွာပြုံးသွားရသည်။

ကျေးဇူးပါပဲ အချစ်ရယ်. . .။

◈ ◈ ◈

## အခန်း (၁၆)

သိုးသိုးသည် ယုဇနထရေးခင်းကုမ္ပဏီရှေ့၌ မနက်ရုံးတက်ချိန်မှစ၍ ညနေရုံးဆင်းချိန်အထိ အပြတ်အသည်းကွဲပြနေ၏။ တယောက ရက်ကာ တစ်နေကုန်အပြင်မထွက်ဘဲ သူမကို အရှက်လာခွဲသော သိုးသိုးကို စိတ်ထဲမှကျိန်ဆဲနေမိသည်။ ဟန်ထွန်းမှာ ဆိပ်ကမ်းနှင့်စက်ရုံကို ပြေးနေရသဖြင့် တစ်မနက်လုံး ကုမ္ပဏီသို့ မလာအားဘဲရှိ၏။ ကြည်ပြာသည် တယောတားမြစ်နေသည့်ကြားမှ သိုးသိုးကြီး၏ အသည်းကွဲခန်းကို ကြိုကြားကြိုကြားသွား၍ ခိုးကြည့်ပြီး သဘောတွေကျနေလေသည်။

နေ့လယ်စာ စားပြီးချိန်တွင် ကုမ္ပဏီကို ဟန်ထွန်းပြန်ရောက်လာသဖြင့် တယောမှာ မနက်ပိုင်းကလို ဒေါ်သမထွက်တော့ဘဲ ငြိမ်သွားသည်။ ဟန်ထွန်းအားကိုးနှင့် ကြည်ပြာကိုယ်ပင် ဖြိုးဝေနှင့် အခွင့်သင့်တုန်း အပြတ်လျှော်ပေးသည်။ တယောကလည်း ဝိုင်းကူပြီး ကြည်ပြာကို အရောက်ပို့နေသည်။

သူမက ဖြိုးဝေကို ကုမ္ပဏီသို့ ဖုန်းဆက်ခေါ်လိုက်ရာ၊ ဖြိုးဝေမှာ မိနစ်ပိုင်း

အတွင်း ရောက်ချလာသည်။ ကြည့်ရတာ ဘယ်အချိန်ထဲက သူတို့ကုမ္ပဏီကို လာဖို့ အသင့်ပြင်ထားသလဲ မသိချေ။ ကြည်ပြာသည် ဖြိုးဝေရှေ့တွင် ပဲကလေးတွေ မသိမသာလုပ်၏။ မသိမသာဆိုပေမယ့်လည်း ဒါကို ဟန်ထွန်းနှင့်တယောတို့ သိကြသည်။ ထို့ကြောင့် ကြည်ပြာကို ဝိုင်းဟားကြသည်။

တယောမှာ သူများတကာကို ဟာသလုပ်နေရသဖြင့် ကုမ္ပဏီရှေ့တွင် အသည်းကွဲပြနေသော သိုးသိုးဆိုသည့်'ဝက်သိုးကောင်ကြီး'ကိုပင် မေ့လျော့နေ၏။

အပျိုဟိုင်းကြီးစာရင်းသို့ ခြေတစ်ဖက်လှမ်းထားသော စပ်စုမလေး ကြည်ပြာသည် ဖြိုးဝေနှင့်တွဲပြီး အစခံရသဖြင့် ရှက်နေသည်။ နောက်ပြီး အူမြူးကာ ပျော်လာသည်။ သူမကို ကြိုက်သူတစ်ဦးရှိနေသဖြင့် တခြားကုမ္ပဏီဝန်ထမ်းများ ရှေ့မှာ နည်းနည်းမာန်တက်ချင်သည်။ ဒါ့အပြင် သူမသည် ကုမ္ပဏီရုံးရှေ့ရှိ အသည်း ကွဲဝက်သိုးကြီးကိုလည်း ချောင်းကြည့်ကာ ရယ်ပွဲဖွဲ့ရသေးသည်။

ဒီနေ့ကုမ္ပဏီကို ဦးအောင်ထွန်းရော၊ ရုံးထိုင်နေသော တခြားရှယ်ယာဝင် လူကြီးနှစ်ဦးပါ မလာကြသဖြင့် ဝန်ထမ်းတွေအနေနှင့် ပုံမှန်ထက်ပို၍ လွတ်လပ်ရေး ရနေကြ၏။ ခါတိုင်းထက် ပို၍ပျော်မြူးနေခဲ့ကြသည်။

◈

တရားဝင် အစိုးရရုံးပိတ်ရက် နှစ်ရက်ကို ကျော်ဖြတ်ပြီး နောက်တစ်နေ့ ရုံးပြန်တက်တော့ အလွန်အံ့ညြဖွယ်ကောင်းသော သတင်းတစ်ပုဒ်က သူတို့အားလုံး ကို ဆီးကြိုနေ၏။ ဟန်ထွန်းဆို ထိုသတင်းကိုကြားကြားချင်း ယုံတောင် မယုံချင်။ သို့သော် သတင်းမမှားကြောင်း ကိုယ်တွေ့တပ်အပ်မြင်တော့ ယုံလိုက်ရ၏။

ထိုအခါ လုံးဝအသုံးမကျသော ဘာမှအဖြစ်မရှိသော ဖြိုးဝေဆိုသည့် ကာလနာကို ဖနောင့်နှင့် စိတ်ရှိလက်ရှိပေါက်ပစ်ချင်လာလေသည်။

စဉ်းစားကြည့်လေ. . .။ ကြည်ပြာလို ရည်းစားလိုချင်နေသည့် စပ်စုမ

လေးတစ်ယောက်နဲ့ နီးစပ်အောင် သူနှင့်တယောတို့ကိုယ်တိုင် ပိုင်းလှော်ပေးခဲ့သည်။ ဟိုကလည်း ချက်ချင်းပင် ဖြိုးဝေဆီ ခစ်ပါပါဖြစ်နေခဲ့၏။ ဒီလောက်အခြေအနေကောင်းနေတာကို ရုံးပိတ်ရက်နှစ်ရက်အတွင်း ဖြိုးဝေ ဘယ်လိုမှေးနှောက်လိုက်သည်မသိ။ ရုံးပြန်တက်တော့ ကြည်ပြာက တခြားရည်းစားတစ်ယောက် ရသွားလေပြီ။

ဝို၍ ခံပြင်းစရာကောင်းသည်မှာ ကြည်ပြာရသွားသော ရည်းစားအသစ်စက်စက်လေးသည် တခြားလူမဟုတ်. . .။ ဟိုတစ်နေ့တုန်းက တယော ပြန်မကြိုက်၍ ကုမ္ပဏီရှေ့၌ အော်ကြီးဟစ်ကျယ် အသည်းကွဲပြနေခဲ့သည့် 'သိုးသိုး' ပင်ဖြစ်ပါသည်။ သိုးသိုး၏ လျှပ်ပြက်သလို လျင်မြန်လှသော မေတ္တာတရားနှင့် မျက်နှာပြောင်တိုက်မှုသည် ကမ္ဘာ့စံချိန်တင် ဂရင်းနစ်မှတ်တမ်းမှာပင် ပါဝင်သင့်လေသည်။

ဘာပဲဖြစ်ဖြစ် ကြည်ပြာကဲ့သို့ ဝိန်ဝိန်သေးသေး ကိုယ်လုံးမျိုးနှင့် သိုးသိုးကဲ့သို့ အလေးချိန်ပေါင်နှစ်ရာ အထက်တွင်ရှိသော 'ဝက်သိုးကောင်ကြီး'၏ ဖူးစာမှာ အမှန်တကယ်ပဲ ဆန်းကြယ်လှ၏။ သိုးသိုးကို ကြည်ပြာက ချစ်သူအဖြစ်ရွေးချယ်သွားသည့်အတွက် သူတို့ကုမ္ပဏီရှေ့တွင် အသည်းကွဲရန် အလှည့်ကျသူမှာ ဖြိုးဝေဆိုသော သေချင်းဆိုးကောင် ဖြစ်လာတော့သည်။

အဲဒီနေ့က ကုမ္ပဏီဝန်ထမ်းများ ပြောကြားသမျှ၌ ဂျိမ်းစဘွန်းရုပ်ရှင်အကြောင်း။ ကြွက်ငှက်တုပ်ကွေးရောဂါကြောင့် ကြက်သားဈေးကျသွားကြောင်း။ ရွှေဈေးတက်ကြောင်း။ ကိုးရီးယားဇာတ်လမ်းတွဲအကြောင်း။ ဘာရာဇီးနှင့်အင်္ဂလန်ဘောလုံးအသင်းအကြောင်း. . . တစ်ခုမှမပါကြပါ။ သူတို့စကားများသည် သိုးသိုးနှင့်တယော၊ ဖြိုးဝေနှင့်ကြည်ပြာ၊ ဟန်ထွန်းနှင့်တယော၊ သိုးသိုးနှင့်ကြည်ပြာ အစရှိသော နာမည်များတွင်သာ ပတ်လည်ရိုက်နေခဲ့ပါသည်။

ပြီးတော့ သူတို့က အဲဒါတွေကိုပဲ အစမှပြန်တွေးကာ ပျော်ကြ၊ ရယ်ကြ၊ အံ့သြကြနှင့် ဟုတ်ချင်တိုင်းဟုတ်နေခဲ့ကြလေသည်။

◈ ◈ ◈

## အခန်း ( ၁၇ )

တယောသည် ဒီနေ့ ခေါင်းနည်းနည်းမူးနေသဖြင့် ဦးအောင်ထွန်းဆီ တိုက်ရိုက်ဖုန်းဆက်ကာ ခွင့်တစ်ရက်တောင်းလိုက်၏။ ဦးအောင်ထွန်းကလည်း ကျန်းမာရေးမို့ သူမကို အလွယ်တကူပဲ ခွင့်ပေးလိုက်ပါသည်။ တယောက ဖုန်းချသွားတော့ ဦးအောင်ထွန်းဆီမှာ စဉ်းစားစရာတွေကျန်ရစ်ခဲ့၏။ အဓိကမှာ တယော သူ့ဆီ လှမ်းဆက်လိုက်သော ဖုန်းနံပါတ်ကို ဦးအောင်ထွန်းက တစ်နေရာတွင် သိခဲ့ဖူးသလို ဇဝေဇဝါဖြစ်နေခြင်းပင်ဖြစ်သည်။

တော်တော်နှင့် စဉ်းစား၍မရသည့်အတွက် ဦးအောင်ထွန်းက သူ့ကိုယ်သူ မကျေမနပ်ဖြစ်လျက်ရှိ၏။ သို့သော် ဦးအောင်ထွန်းမှာ ဖွဲကောင်းကောင်းနှင့် ဆက်လက်စဉ်းစားနေဆဲဖြစ်သည်။

သူ့မှတ်ဉာဏ်၏ အစိတ်အပိုင်းတစ်ခုက ဖျတ်ခနဲ လင်းလက်သွား၏။ ဦးအောင်ထွန်းက ချက်ချင်း ကုလားထိုင်မှ အိပ်သို့ပြန်သွားသည်။ ပြီးတော့ အပေါ်ထပ်ရှိ သူ့အိပ်ခန်းဆီ တန်းပြီးတက်လာခဲ့၏။ နောက်. . . ဦးအောင်ထွန်းက သူ့ခေါင်းအုံး

အောက်မှ သားကြီးမင်းထွန်းရဲ့ ဒိုင်ယာရီစာအုပ်ကိုဆွဲထုတ်ကာ တစ်စုံတစ်ရာကို လှန်လှောရှာဖွေနေပြန်သည်။ စက္ကူစုတ်သံတွေက တဖျပ်ဖျပ်မြည်နေ၏။

တစ်နေရာအရောက်တွင် စက္ကူစုတ်သံတွေ ရပ်တန့်သွားသည်။ ဒါဆိုသူလိုချင်သည့်အချက်အလက်ကို ရသွားပြီပေါ့ ကောက်ချက်ချနိုင်လေ၏။ ဦးအောင်ထွန်းက သူ့ဟန်းဖုန်းကိုဖွင့်ကာ Received Calls များကို ရှာကြည့်သည်။ စောစောတုန်းက သူ့ဆီ တယော လှမ်းဆက်သည့် ဖုန်းနံပါတ်အရောက်တွင် ဒိုင်ယာရီထဲမှာ ရေးမှတ်ထားသောဖုန်းနံပါတ်ကို ငုံ့ကြည့်လိုက်၏။ ဖုန်းနံပါတ်နှစ်ခုသည် မည်သည့်ဂဏန်းနံပါတ်တစ်ခုမှ ခြားနားခြင်းမရှိဘဲ အားလုံးကွက်တိ တူညီနေတာတွေ့ရ၏။

ဦးအောင်ထွန်းမှာ တစ်ယောက်တည်း မေးရိုးကြီးတွေ ထောင်လာသည်အထိအံကြိတ်ပြီး စဉ်းစားနေခဲ့သည်။ ပြီးတော့ လုံးဝခွင့်မလွှတ်နိုင်သည့် အဓိပ္ပာယ်မျိုးဖြင့် ခေါင်းကိုယမ်းလိုက်ပါသည်။

သူ့အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်၏။ ဘာဆက်လုပ်ရမည်ဆိုတာကို ဦးအောင်ထွန်း သေချာစဉ်းစားလျက်ရှိသည်။

◈

ဟန်ထွန်းသည် ဒီနေ့မှ ထူးဆန်းသောဖေဖေ့ကို အံ့သြနေမိ၏။ အကြောင်းမှာ ဖေဖေက သူ့ကို စကားပြောစရာရှိတယ်ဆိုပြီး မြရိပ်ညိုဟိုတယ်သို့ ခေါ်လာခဲ့ခြင်းကြောင့်ဖြစ်သည်။ တကယ်ဆို သားအဖချင်းစကားပြောတာ ရုံးမှာပဲပြောပြော အိမ်မှာပဲပြောပြော ရတဲ့ဟာကို မြရိပ်ညိုဟိုတယ်သို့ ခေါ်လာသည့် ဖေဖေ့ကို ဟန်ထွန်း နားမလည်နိုင်ချေ။

နောက် ဖေဖေက ကောင်တာမှာ အခန်းတစ်ခန်းကို ယူလိုက်၏။ ပြီးတော့ သူတို့သားအဖနှစ်ယောက်စလုံး ဟိုတယ်အခန်းထဲသို့ ရောက်သွားခဲ့ကြသည်။ ဖေဖေက ခမ်းနားသပ်ရပ်သော အပြင်အဆင်တွေကို ဟိုဟိုသည်သည် လျှောက်ကြည့်နေရာမှ ဟန်ထွန်းကို မြုန်းစားကြီးမေးလိုက်၏။

"သား. . . ဒီဖုန်းနံပါတ်ကို သိသလား"

သူ့ကို ဖေဖေက ကတ်ပြားတစ်ခုပေါ်ရေးထားသည့် ဖုန်းနံပါတ်အား ပြပါသည်။ ကြည့်လိုက်တော့ တယောဇ်၏ ဖုန်းနံပါတ်ဖြစ်သောကြောင့် ဟန်ထွန်း ခေါင်း နည်းနည်းကြီးသွားရသည်။

"အဲဒါ တယောရဲ့ ဖုန်းနံပါတ်ပါ ဖေဖေ. . . ဘာဖြစ်လို့လဲ"

ဖေဖေသည် သူ့အမေးကိုပြန်မဖြေဘဲ မျက်နှာကို စေ့စေ့ကြည့်နေ၏။ ဟန်ထွန်းကို ဖေဖေက ဘာမှမသိသေးဘူးဆိုသည့် မှတ်ချက်ချလိုက်ပြီး သူသိ ချင်တဲ့ မေးခွန်းတစ်ခုအားမေးသည်။

"သားနဲ့ အဲဒီကလေးမရဲ့ ဆက်ဆံရေးကို ဖေဖေအတိအကျ သိချင် တယ်"

"သားနဲ့တယောက ချစ်သူတွေဖြစ်နေကြပါတယ်"

"သားက သူနဲ့ပတ်သက်သမျှ နောက်ကြောင်းတွေအားလုံးကို သိပြီး သားလား"

"ဟုတ်ကဲ့. . . သိပါတယ်"

"သူပြောပြသလောက်ပဲ သားသိမှာပေါ့"

"ဒါပေမဲ့. . . တယောက သားကိုအကုန်လုံးပြောပြပါတယ်"

ဖေဖေက ခပ်တိုးတိုးလေးရယ်လိုက်၏။ သူ့ကို လှောင်ရယ်ရယ်လိုက် ခြင်းပဲဖြစ်သည်။ ပြီးတော့ ဟန်ထွန်းကို ဖေဖေက ဆက်၍မေးပါသည်။

"ထားပါတော့. . . သားမှာ သူ့ကိုလက်ထပ်ယူဖို့ ရည်ရွယ်ချက်ရှိ သလား"

"ရှိတယ်"

ဟန်ထွန်း၏အဖြေသည် နှစ်လုံးတည်းဖြစ်ပေမယ့် ခိုင်မာပြတ်သားမှုအပြည့် ရှိနေခဲ့သည်။

"ဖေဖေက သားကို သူနဲ့လက်မထပ်ရဘူးဆိုရင် သား ဘာလုပ်မလဲ"

"အဲဒါဆိုရင် ဘာကြောင့်လဲဆိုတာ ဖေဖေ သားကို အရင်ဆုံးရှင်း

ပြရမယ်''

''ဖေဖေက ရှင်းမပြနိုင်ဘူး ဆိုရင်ရော''

''အဲဒါဆိုရင် သားအနေနဲ့ တယောကို မဖြစ်မနေ လက်ထပ်ယူရပါလိမ့်မယ် ဖေဖေ. . .''

သူ့စကားကြောင့် ဖေဖေ့မျက်နှာ အနည်းငယ်ဖြူရော်သွားသည်။ ဖေဖေက ဟန်ထွန်း တုံ့ပြန်မှုနှင့် ပတ်သက်၍ မှတ်ချက်တစ်ခုချလေသည်။

''ဪ. . . မအေးသီဟာ သူနဲ့စိတ်ဓာတ်ချင်း ချုပ်စွပ်တူတဲ့သားတစ်ယောက် ထားရစ်ခဲ့တာကိုး. . . သားငယ်က မအေတူသားပဲ''

ဟန်ထွန်းသည် ဖေဖေ့စကားကို ဘာမှပြန်မပြော ငြိမ်နေလိုက်၏။ ဖေဖေက သက်ပြင်းကို မျှင်း၍ချနေရာမှ. . .

''သားအနေနဲ့ အဲဒီကလေးမကို လုံးဝလက်မထပ်ပါနဲ့၊ ဖေဖေ အနူးအညွတ် တောင်းဆိုချင်ပါတယ်''

''အဲဒါဆိုရင် ဖေဖေ့ဆီမှာ တယောကို လက်မခံနိုင်တဲ့ အချက်တစ်ချက် ပြောပြရလိမ့်မယ်''

''မသိချင်ပါနဲ့သားရယ်. . . အဲဒါသားအတွက်ပါ''

''ဟင့်အင်း. . . မသိရလို့ မဖြစ်ဘူး''

ဦးအောင်ထွန်းမှာ မျက်ရည်တွေဝဲကျလာသည်။ သားငယ်ရဲ့ တယောဟာ သားကိုကိုနဲ့ချစ်သူတွေဆိုတာ ဖေဖေပြောမထွက်လို့ပါ။ သားကို အဲဒီမိန်းကလေးက လှည့်စားထားတာ ဖေဖေမခံနိုင်လို့ပါ။ သားငယ်. . . တစ်ဆိတ်ကျေးဇူးပြုပြီး အဲဒီမိန်းကလေးကို လက်မထပ်လိုက်ပါနဲ့ကွာ။

နောက်ဆုံးတွင် ဖေဖေက ဟန်ထွန်းကို ဖက်၍ငိုသည်။ သူ ဖေဖေ့ကို သနားလာသည်။ ဖေဖေ့မျက်လုံးတွေမှာလည်း သူ့အပေါ် စိုးရိမ်ရိပ်တွေ တွေ့နေရသည်။ တစ်ဖက်ကိုကြည့်လိုက်ပြန်တော့လည်း အပြစ်ကင်းသောချစ်သူ . . ။ ဖြူစင်သော တယောလေး. . . ။ ဟန်ထွန်းမှာ မိဘနှင့်ချစ်သူကြားတွင် ဘယ်သူ့ကိုရွေးချယ်ရမှန်း မသိနိုင်အောင် ဖြစ်နေမိလေသည်။

အဲဒီနေ့ညက ဟန်ထွန်းသည် ဖေဖေ့ကို မြရိပ်ညို့မှာထားခဲ့ပြီး သူတစ်ယောက်တည်း ပြန်လာခဲ့၏။ သူက ကိုကိုမင်းထွန်း၏ဒိုင်ယာရီစာအုပ်ကို ဖေဖေ့အလစ်တွင် နိုးဖတ်ရန် စိတ်ကူးထားလိုက်ပါသည်။

◈ ◈ ◈

## အခန်း ( ၁၈ )

'အချစ်' ဆိုတာ တိုးတိတ်လှပသော စူးစူးရှရှအရသာတစ်ခုဟု အရင်က သူမ သဘောပေါက်နားလည်ခဲ့ဖူး၏။ ဒါပေမဲ့ အခု ဒီလိုမဟုတ်တော့မှန်း သူမကိုယ် သူမသိပါပြီ။ ဟန်ထွန်းသည် သူမအား ချစ်တတ်စေခဲ့သည်။ ကိုမင်းထွန်းနဲ့တုန်းက သူမသည် မတော်တဆ စိတ်ကစားမိတာကို အချစ်လို့ လွဲမှားခဲ့ဖူးသော်လည်း ဟန်ထွန်းကိုတော့ တကယ်ပဲ စိတ်လှုပ်ရှားစွာ သူမ ချစ်ခဲ့ရပါသည်။

တယောမှာ မနေ့က ကြည်ပြာပြောခဲ့သော စကားလုံးများကြောင့် ရင်ခွင်တစ်ခုလုံး အချစ်ဆိပ်တက်ကာ သောကတွေနှင့် ပူဆွေးနေမိ၏။ ကိုမင်းထွန်း ဆုံးပါးခဲ့စဉ်ကလည်း အံ့သြထိတ်လန့်ပြီး သူမ ဝမ်းနည်းပက်လက် ငိုကြွေးခဲ့ဖူးပါသည်။ သို့သော် အဲဒီတုန်းကခံစားချက်နှင့် လက်ရှိခံစားချက်ကြား၌ ကွာခြားမှုတွေရှိ၏။ ကိုမင်းထွန်း မရှိတော့သည့်အတွက် တယောဘဝမှာ တယ်လီဖုန်းပြောဖော်တစ်ဦး လျော့ပါးသွားခဲ့သည်။ သူမ ခင်တွယ်ရသော လူသားတစ်ယောက်ကို အပြီးပိုင် စွန့်လွှတ်လိုက်ရသည်။ (ဥပမာ–မေမေကွယ်လွန်စဉ်ကလို အစားပြန်မရနိုင်

သည့် ဆုံးရှုံးမှုမျိုးဖြစ်၏။)

အခုဟာက အဲဒီလိုမဟုတ်. . .။ ရင်ခုန်သံအတိုင်းဖြင့် အဝိုင်းမသိ ဖြတ်နိုး ရသော ချစ်သူဟန်ထွန်းကို အရှင်လတ်လတ်ကြီး ခွဲခွာရမည့်အဖြစ်မို့ တယောမှာ အခံရခက်နေလေသည်။

ဦးအောင်ထွန်းက သူ့သားဟန်ထွန်းနှင့် သူမကို လုံးဝ သဘောမတူနိုင်ဘူးဆိုသည့် သတင်းမှာ ကမ္ဘာတစ်ရလုံး ပျံ့နှံ့နေကြောင်း ကြည်ပြာက တယောအား ဖုန်းဆက်၍ပြောပြခဲ့၏။ ကြည်ပြာက သူမကို နောက်ပြောင်နေတာ မဟုတ်မှန်း ကြည်ပြာ့လေသံတွေက သက်သေခံလျက်ရှိပါသည်။ အပြောင်းအလဲ မြန်ဆန်လွန်းသည့် ဦးအောင်ထွန်းရဲ့ မျက်နှာကို တယောက တည့်တည့်စိုက်ကြည့်ပြီး မေးခွန်းတွေထုတ်ချင်မိ၏။

ဒါပေမဲ့ တယောမှာ အဲဒီလို အခွင့်အရေးမျိုး မရခဲ့. . .။ မနေ့ညနေက ထိုအကြောင်းတွေကို ကြည်ပြာဆီမှ သူမ ကြားသိခဲ့ရပြီး ညကလည်း တစ်ညလုံး အိပ်မပျော်ဘဲ မိုးလင်းခဲ့ရသည်။

ဒါကြောင့် မနက်ကျတော့ အိပ်ရေးပျက်သည့်ဒဏ်ဖြင့် ခေါင်းတွေမူးပြီး ရုံးမတက်နိုင်တော့ချေ။ ညထဲက ဟန်ထွန်းဆီ ဖုန်းခေါ်နေတာ အခုထိမရသေးသဖြင့် တယောမှာ ပို၍အစိုးရိမ်ကြီးလာသည်။ သူမ တစ်ကိုယ်လုံးလည်း နွမ်းလျပျော့ခွေလာကာ ခွန်အားဆို၍ ယဲ့ယဲ့လေးမျှသာကျန်တော့သည်။ တယောက အခန်းတံခါးကိုလည်း ဘယ်သူမှအဝင်မခံဘဲ ပိတ်ထားသဖြင့် အိမ်သားတွေမှာ သူမ အဖြစ်အား မသိကြ. . .။ သူမသည် တဖြည်းဖြည်းနှင့် အသက်ရှူကျပ်လာ၏။

နောက်ဆုံးတော့ သူမတစ်ယောက် အမောဖောက်လာကာ သတိလစ်၍ လောကကြီးနှင့် ခဏတာ အဆက်အသွယ် ပြတ်တောက်သွားတော့သည်။

◈

ဟန်ထွန်းသည် စိတ်ရှုပ်ပြီး တစ်နေ့လုံး ပိတ်ထားသောဖုန်းကို ပြန်ဖွင့်လိုက်၏။ ဖုန်းဖွင့်ဖွင့်ချင်း Message တွေက တစ်ခုပြီးတစ်ခု တန်းဆီ၍ ဝင်လာသည်။ စုစုပေါင်း ဆယ်ခုဝန်းကျင်လောက်ရှိသည်။ သူက Message တွေကို တစ်ခုချင်း ဖွင့်ဖတ်လိုက်ပါသည်။ Message တွေက တယောဆီမှဖြစ်နေပြီး ညထဲက သူ့ဆီပို့ထားသည့် Message တွေဖြစ်၏။ ' Please Call me' ဆိုသည့် Message တွေချည်းပဲ ကိုးခုတိတိဖြစ်ပြီး တစ်ခုမှာ ဘာမှရေးမထားသော ဗလာ Message ဖြစ်နေလေသည်။

သူက တယောဆီ ချက်ချင်းပဲ ဖုန်းလှမ်းခေါ်လိုက်၏။ ဖုန်းကတန်းဝင်သွားပါသည်။

"ဟဲလို. . ."

တစ်ဖက်မှ ယောကျ်ားလေသံနှင့် ဖုန်းဖြေလာ၏။ သူက. . .

"တယောနဲ့ စကားပြောချင်လို့ပါ"

"ဪ. . . မောင်ဟန်ထွန်းလား။ ဦးပါ"

ဖုန်းလာကိုင်သူက သူမဖေဖေ ဦးအောင်ပြည့်ဖြစ်နေ၏။

"ဟုတ်ကဲ့ ကျွန်တော် ဟန်ထွန်းပါ ဦး. . . တယောရှိလားဟင်. . ."

"သမီးကို ဆေးရုံတင်ထားရတယ် မောင်ဟန်ထွန်း"

"ဗျာ. . . ဘယ်လိုဖြစ်ရတာလဲ ဦးရယ်"

"သမီးက အခန်းထဲမှာ အားနည်းပြီး သတိလစ်သွားလို့ကွဲ. . .၊ အခုထက်ထိတော့ သတိပြန်မရသေးဘူး"

"ဘယ်ဆေးရုံမှာလဲ ဦး။ ကျွန်တော် အဲဒီကို အခုချက်ချင်း လာခဲ့ပါ့မယ်"

". . . . . . . . . ."

ဦးအောင်ပြည့်က သူ့ကို ပုဂ္ဂလိကအထူးကုဆေးရုံတစ်ရုံရဲ့ နာမည်ကို ပြောပြလိုက်၏။ ဟန်ထွန်းသည် ဆေးရုံသို့ သွားရာလမ်းတလျှောက်လုံး ကားကို တရကြမ်းမောင်းလာခဲ့သည်။ ဟိုရောက်တော့ တယောမှာ အောက်ဆီဂျင်ပေးထားရပြီး ပြန်သတိမလည်သေးတာကြောင့် ဟန်ထွန်းလည်း အရမ်းစိုးရိမ်သွားမိ၏။

ဟန်ထွန်းက ပြဿနာ၏အဖြေကို လုံးဝမသိရသဖြင့် မရိုးမရွနှင့် စိတ်တွေယောက်ယက်ခတ်နေ၏။

သူဖုန်းပိတ်ထားခဲ့လို့ တယော အခုလိုဖြစ်ရတာဆိုပြီး ဟန်ထွန်းက သူ့ကိုယ်သူပဲ အပြစ်တင်လျက်ရှိသည်။ ဦးအောင်ပြည့်က သွေးဆူနေသော ဟန်ထွန်းကို စိတ်အေးအေးထားရန် ဖျောင်းဖျနေ၏။ ဟန်ထွန်းသည် စိတ်လျှော့လိုက်ပြီး အစအရာရာကို သတိနှင့် သုံးသပ်ဆင်ခြင်ကြည့်လိုက်သည်။ တစ်ခဏအတွင်းမှာ သူ ပြန်လည်တည်ငြိမ်လာခဲ့၏။

ဦးအောင်ပြည့်သာမကဘဲ သူ့မိန်းမ ဒေါ်ယမင်းကပါ တယောအတွက် စိုးရိမ်နေတာတွေ့ရသည်။ ဒေါ်ယမင်းသည် သူမအား ဘုရားမှာ ဆုတောင်းပေးနေ၏။ ဘာပဲဖြစ်ဖြစ် ဒီလို မိဘအုပ်ထိန်းသူတွေရဲ့ အုပ်ချုပ်မှုအောက်မှာ နေရသော တယောအတွက် သူ ကျေနပ်သွားမိသည်။

ထိုစဉ် သူတို့ဆီလျှောက်လာသော ကြည်ပြာတို့အုပ်စုကို လှမ်းတွေ့လိုက်ရ၏။ ကြည်ပြာတို့အုပ်စုဆိုသည်မှာ ဖြိုးဝေ၊ ရာဇာနှင့် ကြည်ပြာရဲ့ချစ်သူ သိုးသိုးတို့ပင် ဖြစ်သည်။ အခုလိုကျတော့လည်း ဖြိုးဝေမှာ ကြည်ပြာကြောင့် ဟို တစ်နေ့ကလို အသည်းမကွဲတော့ဘဲ အရင်အတိုင်း ပုံမှန်ပြန်ဖြစ်နေ၏။

ဟန်ထွန်းက သူတို့အားလုံးကို ပြုံးပြ၍နှုတ်ဆက်လိုက်ပါသည်။ သူတို့တစ်တွေရဲ့မျက်နှာပေါ်တွင် တယောအတွက် စိုးရိမ်သောကများကို တွေ့ရ၏။ အားလုံးထဲမှာ ကြည်ပြာက အပေါ်လွင်ဆုံးဖြစ်သည်။ တယော သတိမရသေးဘူးဆိုတာ သိသိချင်းပဲ ကြည်ပြာတစ်ယောက် အကြီးအကျယ် မျက်နှာပျက်ယွင်းသွား၏။

ဟန်ထွန်းက ကြည်ပြာကို နှစ်သိမ့်ရပါ၏။

"ကြည်ပြာရယ်. . . အဲဒီလောက်ကြီး မစိုးရိမ်ပါနဲ့ တယောက ပြန်သတိရလာတော့မှာပါ"

သူ့စကားကိုကြားတော့ ကြည်ပြာက မိုဆိုးလာကာ ချက်ချင်း ငိုတော့မလိုဖြစ်လာသည်။

"အဟင့် . . . အဟင့် . . . ဟင့် . . . အဲဒါ ကြည်ပြာ့ကြောင့်ဖြစ်ရတာ ဆရာရဲ့"

ထင်သည့်အတိုင်းပင် ကြည်ပြာ့ဆီမှပင် ငိုသံတွေကြားလိုက်ရ၏။ ကြည်ပြာ့စကားကြောင့် ဟန်ထွန်းလည်း အံ့ဩသင့်နေမိသည်။

"ဘာ . . . ဘယ်လို . . . ကြည်ပြာ . . ."

"ဟုတ်တယ်ဆရာ . . . ကြည်ပြာ့ကြောင့် တယော အခုလိုဖြစ်သွားရတာ"

"ကြည်ပြာ . . . နင် ပြောတာမရှင်းဘူး။ ငါ့ကို သေချာပြောပြစမ်းပါဟ"

"ဒီလိုပါဆရာ မနေ့ကညနေလောက်က ကြည်ပြာနဲ့တယော ဖုန်းပြောရတယ်၊ ဆရာဦးအောင်ထွန်းက ဆရာနဲ့တယောကို သဘောမတူဘူးဆိုတဲ့ သတင်းက ကုမ္ပဏီတစ်ခုလုံးပျံ့နေတဲ့အကြောင်း တယောကို ကြည်ပြာပြောလိုက်မိတယ်၊ အဲဒါကို သူ စိတ်ထိခိုက်သွားပုံရတယ် . . . ကြည်ပြာ့အမှားပါ ဆရာရယ် . . . အဟင့် ဟင့် . . . ဟင့် . . ."

ပြောပြီး ကြည်ပြာက တဟင့် . . . ဟင့်နှင့် ငိုကြွေးနေတော့၏။ အခုမှ ဟန်ထွန်းလည်း တယော ဘယ်လိုကြောင့် ဖြစ်ရတယ်ဆိုတာ သဘောပေါက်သွားခဲ့သည်။ သူက ငိုနေသည့် ကြည်ပြာ့ကို မျက်နှာလွှဲပစ်လိုက်၏။

တယောလေးဟာ . . . ဖေဖေက ငါနဲ့သူမကို သဘောမတူဘူးဆိုတဲ့ သတင်းကြောင့် တော်တော်ဝမ်းနည်းကြေကွဲသွားမှာပဲ။ ငါဆီ ဖုန်းခေါ်လို့ မရလို့ Message တွေပို့ထားတာလည်း မနည်းဘူး။ ငါ့ကို ခွင့်လွှတ်ပါ တယောရယ် . . . ။

နင် စိုးရိမ်နေသလို ငါတို့နှစ်ယောက် မဝေးစေရပါဘူး။

အဲဒီအတွက် ငါဖေဖေ့ကို တိုက်ပွဲဝင်မယ်။

ဟန်ထွန်းက လျှို့ဝှက်နက်နဲသော မဲပြုံးလေးတစ်ခုကို သူ့နှုတ်ခမ်းမှာ မထေမဲ့မြင် ဖန်တီးလိုက်ပါသည်။

◈ ◈ ◈

## အခန်း ( ၁၉ )

ဟန်ထွန်းသည် မနက်ကတည်းက ဖေဖေနှင့် ထိပ်တိုက်တွေ့ဆုံမည့် ပြဿနာတွေကိုချည်းပဲ ရွှေးလုပ်နေခဲ့၏။ တစ်နေကုန် ဖေဖေ့ဆီမှ ဘာတုံ့ပြန်မှုမှ မရသော်လည်း ညနေစောင်းတော့ သူမျှော်လင့်ထားသလို ဖြစ်လာခဲ့ပါသည်။

ဖေဖေက သူ့အခန်းထဲဝင်လာကာ သူ့ဗျူဟာကိုလည်း သဘောပေါက်ထားပုံရ၏။

"ဒီနေ့ ဘယ်လိုဖြစ်နေတာလဲ သားငယ်၊ ဖေဖေ့ကို သား ဘာမကျေမနပ် ဖြစ်နေသလဲ"

"သား ဘာကို မကျေနပ်ဘူးဆိုတာ ဖေဖေသိပါတယ်"

သူ့စကားကြောင့် ဖေဖေက ပြုံးသွားသည်။ နောက်. . . ဖေဖေက ခေါင်းတညိတ်ညိတ်လုပ်ရင်း. . .

"ဒါဖြင့် ကောင်းပြီသားငယ်၊ သားကျေနပ်အောင် ဖေဖေဘာလုပ်ပေးရမလဲ"

" ဘာလုပ်ပေးရမယ်ဆိုတာကိုလည်း ဖေဖေသိပါတယ်"

ဟန်ထွန်းရဲ့ မာဆတ်ဆတ် ဂျစ်ကပ်ကပ်လေသံကြောင့် ဖေဖေက ပထမ အံ့ဩဟန်ပြ၏။ ခဏမျှကြာတော့ ဖေဖေ့ထုံးစံအတိုင်း သူ့ကိုသဘောကျစွာ ပြုံးလိုက်ပါသည်။ ပြုံးရင်း ဖေဖေက. . .

"ကဲ. . . သားကို ဖေဖေအနိုးပေးလိုက်ပါပြီကွာ. . . သားရဲ့ကောင်မလေးနဲ့ ပတ်သက်လို့ အခုချိန်ကစပြီး ဖေဖေလုံးဝ ဝင်မပါတော့ဘူး။ ဖေဖေကတိပေးတယ်"

"အဲဒါဆိုရင် ဖေဖေက သားတို့နှစ်ယောက်ကို ဘာကြောင့် သဘောမတူခဲ့သလဲဆိုတာကို ပြောပြရမယ်. . ."

ထိုအရာကိုပြောပြဖို့တော့ ဖေဖေ ပြာပြာသလဲ ငြင်းဆန်လိုက်၏။

"ဒါကတော့ လုံးဝမဖြစ်နိုင်ဘူး သားငယ်. . . ဖေဖေလည်း သားတို့နှစ်ယောက်ကို သဘောတူပေးခဲ့ပြီးပြီပဲ၊ အဲဒီအချက်ကိုတော့ မသိချင်ပါနဲ့တော့ကွာ. . . ဟုတ်ပြီလား"

"မဟုတ်သေးဘူးလေ ဖေဖေရဲ့. . . ဖေဖေမပြောချင်တဲ့ အဲဒီအချက်ကို မသိရရင် သားအနေနဲ့ ဘာမှမဖြစ်ပေမယ့် တယောက သိချင်မှာပဲ"

"ဖေဖေက သားတို့ကို သဘောမတူဘူးဆိုတာ သူဘယ်လိုလုပ်သိသွားတာလဲ၊ သားငယ်ပြောပြလိုက်တာလား"

"ဟင့်အင်း. . . သားမပြောဘူး။ ဒါပေမဲ့ ကုမ္ပဏီက လူတွေအကုန်လုံးသိနေတဲ့သတင်းမို့ သူလည်းသိသွားတယ်"

"ဟော. . . ဟုတ်လား"

"ဟုတ်တယ် ဖေဖေ. . . သူဘယ်လောက် ရှက်သွားမလဲဆိုတာ ဒီလောက်ဆို ဖေဖေခန့်မှန်းနိုင်မှာပါ. . ."

"အေး. . . ဟုတ်တာပေါ့၊ သူ တော်တော်ရှက်သွားရှာမှာပေါ့၊ ဒါနဲ့ အခု ကလေးမလေးက ဘယ်မှာလဲ"

"ဆေးရုံပေါ်မှာ. . ."

"ဟောဗျာ. . ."

ဦးအောင်ထွန်းမှာ ထပ်ဆင့်၍ မျက်လုံးပြူးသွားပြန်သည်။ ဟန်ထွန်းက သူ့အဖေကို စူးစိုက်ကြည့်ကာ ပြောလိုက်၏။

"ဒီလောက်ဆိုရင် ဖေဖေ့အနေနဲ့ သားတို့နှစ်ယောက်ကို ဘာကြောင့် သဘောမတူခဲ့ရသလဲဆိုတာ ပြောပြနိုင်လောက်ပြီထင်ပါတယ်"

ဟန်ထွန်းက အတင်းအဓမ္မ အကျပ်ကိုင်ပြီး မေးနေသဖြင့် ဦးအောင်ထွန်းမှာ ဇောချွေးများပင် ပြန်လာသည်။ ဖခင်တစ်ယောက်အနေနှင့် သားငယ်ကို သူမဟာ မင်းအစ်ကိုရဲ့ချစ်သူ ရည်းစားဟောင်းတစ်ယောက်ဆိုတာ ဘယ်လို ပြောထွက်ပါမည်နည်း။ အဲဒါဆို သားငယ်ဟာ သူလက်ထပ်ဖို့အထိ ရွေးချယ်ထား တဲ့မိန်းကလေးနဲ့ ပတ်သက်လို့ သူတို့ယူဖြစ်သည်ဖြစ်စေ၊ မယူဖြစ်သည်ဖြစ် စေ. . . တစ်သက်လုံး နောင်တရပေလိမ့်မည်။

အဲဒီနည်းလမ်းကို ရွေးချယ်လို့မဖြစ်ဘူးဟုသော အသိကြောင့် ဦးအောင် ထွန်း ခေါင်းကိုအလျင်အမြန် ခါရမ်းပစ်လိုက်၏။

"ဟင့်အင်း. . . မပြောဘူး"

"ဖေဖေ တကယ်ပဲ မပြောဘူးဆိုတာ သေချာပြီလား။ သေချာထပ် စဉ်းစားကြည့်ပါဦး. . ."

ဦးအောင်ထွန်းမှာ ရှုံ့ပြီးပြောလိုက်သည့် ဟန်ထွန်းစကားကြောင့် အနည်း ငယ် မျက်မှောင်ကုတ်ကာ စဉ်းစားကြည့်မိသည်။ ဟော. . . ရုတ်တရက် သူဝမ်းသာ သွားပါသည်။ အကြောင်းမှာ. . . သားငယ်ရဲ့ချစ်သူကောင်မလေးသည် ဟိုကောင် အောင်ပြည့်နှင့်ယမင်းတို့၏ သမီးဖြစ်နေမှန်း သူသတိရသွားသည်။ သားနဲ့ပတ် သက်သောကောင်မလေးမို့ သူစုံစမ်းကြည့်ခဲ့ရာ သူမကို အောင်ပြည့်ရဲ့သမီး ဖြစ်ကြောင်း မနေ့ကမှ ဦးအောင်ထွန်းသိခဲ့ခြင်းဖြစ်၏။ ကောင်မလေးရဲ့အမေဆုံး သွားပြီးမှ အောင်ပြည့်က ယမင်းကို လက်ထပ်ယူခဲ့သည်။

တကယ်တော့ ဦးအောင်ထွန်းနှင့်ဦးအောင်ပြည့်တို့သည် တက္ကသိုလ် ကျောင်းသားဘဝကတည်းက စာပြိုင်ဘက်တွေဖြစ်ကြသည်။ နောက်. . . ယမင်း

ဆိုသည့် အချောအလှကိုလည်း သူတို့စပြိုင်အဆိုင် လိုက်ပိုးပန်းခဲ့ပြန်၏။ အဲဒီတုန်းက သူတို့နှစ်ယောက်စလုံး ယမင်းရဲ့အချစ်ကို မရခဲ့ဘဲ ကျောင်းပြီးသွားခဲ့ကြသည်။ သူတို့လည်းအသီးသီး အိမ်ထောင်တွေကျသွားကြ၏။ ဦးအောင်ထွန်းမှာ ကိုယ့်တာဝန်နှင့်ကိုယ် ဖြစ်သွားပြီမို့ ယမင်းကို မေ့မေ့ပျောက်ပျောက်သာ ထားလိုက်သော်လည်း ဦးအောင်ပြည့်ကမူ ယမင်းနှင့် အဆက်အသွယ် မပြတ်ခဲ့ချေ။ ရုတ်တရက် မမျှော်လင့်ဘဲ သူ့ဇနီးဆုံးသွားတော့ ဦးအောင်ပြည့်က ယေချစ်အပျိုကြီးဒေါ်ယမင်းကို လက်ထပ်ယူခဲ့ခြင်း ဖြစ်လေသည်။

ဦးအောင်ထွန်းက ဒီအကြောင်းတွေကို ဝန်ခံပြောပြကာ ဟန်ထွန်းရဲ့ချောင်ပိတ်ထားမှုမှ လှည့်ထွက်ရန်စဉ်းစားလိုက်မိ၏။

ထိုအခိုက် ဟန်ထွန်းက သူ့ကို ရယ်ရယ်မောမောနှင့် ပြောလိုက်ပါသည်။

"ဖေဖေ. . . သားကို မပြောချင်တဲ့ကိစ္စကို သားကသိပြီးသားပါ"

"မဟုတ်တာ. . . ဖေဖေက သားကို အခုပဲ အဲဒီကိစ္စကိုပြောပြဖို့ ဆုံးဖြတ်လိုက်ပြီ သားငယ်. . ."

"ဟင့်အင်း ဖေဖေ. . . သားကိုမပြောနဲ့တော့၊ တကယ်လို့ ဖေဖေပြောရင်လည်း လိမ်ဆင်ကြီးပဲဖြစ်မှာ. . .၊ သားက အမှန်ကို သိပြီးနေပြီးပြီ"

ဟန်ထွန်း၏ အကင်းပါးမှုပရိယာယ်ကို ဦးအောင်ထွန်းက ထိတ်ခနဲဖြစ်သွားသည်။ လုံးဝ မထင်မှတ်ထားသောထောင့်မှ ဟန်ထွန်းက လှလှပပ ခုန်ထွက်လိုက်ပါ၏။ သူက ဖေဖေကို စိန်ခေါ်မေးခွန်းတစ်ခုအား မေးချလိုက်လေသည်။

"ဘယ်လိုလဲဖေဖေ. . . သား ပြောပြရတော့မလား"

ဦးအောင်ထွန်းမှာ ဘယ်လိုမှ ရှောင်လွှဲမရတော့သဖြင့်. . .

"အင်း. . . ပြောစမ်းပါဦး"

ဟန်ထွန်းက သူ့အဖေကို ပြုံးစစနှင့်ကြည့်ရင်း ကြည်စယ်နေပြန်၏။

"တကယ်ပြောတော့မှာနော်. . ."

"ပြော. . ."

"ဖေဖေက သားနဲ့တယောကို ဘာဖြစ်လို့ သဘောမတူရတာလဲ

ဆိုတော့ ကိုကိုနဲ့တယောက တယ်လီဖုန်းချင်း ချစ်သူတွေဖြစ်ခဲ့ကြဖူးလို့ ပဲ. . . ဘယ်လိုလဲ ဖေဖေ. . . သားပြောတာမှန်ရဲ့လား''

ဖေဖေက မျက်လုံးကြီးကို ပြူး၍ကြည့်ရင်း မေးတာကိုမဖြေဘဲ အထိတ်တလန့်နှင့် သူ့ကိုပြန်မေးလိုက်သည်။

''အဲဒါတွေကို သား ဘယ်လိုလုပ်သိသွားတာလဲဟင်. . . သားငယ်''

''ဪ. . . ဖေဖေကလည်း အဲဒီအကြောင်းတွေကို သားက ဟိုး အစ ကတည်းက သိနေခဲ့တာပဲ၊ ဖေဖေကသာ ယောဒီကိုကိုရဲ့ ဒိုင်ယာရီကို ဖတ်ကြည့်မှ သိသွားခဲ့တာများ. . .''

ပြောပြောဆိုဆို ဟန်ထွန်းက သူ့စားပွဲအံဆွဲထဲမှ သားရေအနက်ရောင်နှင့် ဒိုင်ယာရီစာအုပ်လေးကို စားပွဲပေါ်သို့ ဖုန်းခနဲပစ်တင်လိုက်၏။ ဦးအောင်ထွန်းသည် ရုတ်ပြူးလေးတစ်ချက်ပြူးကာ ခေါင်းကိုငုံ့သွားသည်။ နောက်. . . ဖေဖေက တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ဟန်ထွန်းအား မေးလိုက်၏။

''သားငယ်. . . အခု ကောင်မလေးရဲ့အခြေအနေ ဘယ်လိုရှိသလဲ''

''သတိမရသေးဘူး ဖေဖေ၊ သတိလစ်နေတာ နှစ်ရက်တောင်ရှိပြီ''

''အဲဒါဆို ဖေဖေတို့ အဲဒီကို သွားကြရအောင်''

ဖေဖေက တယောအပေါ် စိုးရိမ်စိတ်တွေဝင်လာသည်။

''အင်း. . . သွားကြတာပေါ့၊ ဒါပေမဲ့ ဆေးရုံမသွားခင် ဖေဖေ့ကို သား တစ်ခုတော့ ကြိုပြောထားမယ်နော်''

''ဘာများပါလိမ့်. . .''

''ဪ. . . တခြားတော့ မဟုတ်ပါဘူး။ ဆေးရုံပေါ်မှာ ဖေဖေ့ရဲ့ ငယ်ချစ်ဟောင်းကြီး ဒေါ်ယမင်းနွဲ့ပြန်တွေ့ရင် ဤကျွေရရနေဖို့ပါ။ ဦးအောင်ပြည့်ကြီး သူ့မိန်းမကို အရမ်း သဝန်တိုတတ်တာ ဖေဖေရဲ့. . . ဟဲဟဲ. . . ဟဲ''

ဦးအောင်ထွန်းက သားကို တအံ့တသြဖြစ်နေသည်။

''ဟာ. . . သားငယ်က ဒါတွေလည်းသိနေတာပဲလား''

''သိတာပေါ့၊ ယောကျ်ားမလောင်းကြီးကိုယ်တိုင် သားကို ပြောပြထားတာ''

"မင်းတော့. . . မလွယ်ဘူး"

"ဩော်. . . စီးပွားရေးသမားဆိုတာ တခြားလူရဲ့ အားနည်းချက်တွေ၊ လျှို့ဝှက်ချက်တွေကိုသိထားမှ သူများထက် ခေါင်းတစ်လုံးပိုမြင့်မှာပေါ့ ဖေဖေရဲ့. . . မဟုတ်ဘူးလား"

ဖေဖေက သူ့စကားတွေနှင့် သူ့ကိုဆရာပြန်လုပ်နေသည့် ဟန်ထွန်းအား 'ခွေးကောင်'ဟု ချစ်စနိုးနှင့် ဆဲရေးလိုက်သည်။ ဖေဖေ့မျက်နှာကြီးမှာ ပြုံးရွှင်လျက် တစ်ခုခုကို အားရကျေနပ်ကြောင်း သိသာလှသည်။ ဟန်ထွန်းက တယောဆီသွားရန် သတိရလိုက်၏။

နောက်ထပ် ဆယ်မိနစ်ခန့်ကြာတော့ ဦးအောင်ထွန်းနှင့် ဟန်ထွန်းတို့သည် ဆေးရုံသို့ ဦးတည်သွားသော ကားတစ်စီးပေါ်မှာ စီးနင်းလိုက်ပါသွားကြလေသည်။

◈ ◈ ◈

## အခန်း ( ၂၀ )

ဆေးရုံအဆောက်အအုံထဲသို့ ဝင်လိုက်သည်နှင့် ဆေးနံ့တွေက ချက်ချင်း သူ့နှာခေါင်းတစ်ဝိုက်ဆီမှာ လွှမ်းမိုးသွားသည်။ ပုဂ္ဂလိကဆေးရုံ၏ သန့်ပြန့်သော အပြင်အဆင်တွေနှင့် ဖွဲ့စည်းထားသောအခန်းများရှေ့မှ သူတို့ဖြတ်လျှောက်လာ ခဲ့ကြသည်။

တယောရဲ့အခြေအနေ ဘယ်လိုရှိသလဲဆိုတာ သိချင်စိတ်ကြောင့် ဟန် ထွန်းခြေလှမ်းတွေ သွက်နေ၏။ တိတ်ဆိတ်သောစင်္ကြံလမ်း တစ်လျှောက်တွင် သူတို့ခြေသံများက လွှမ်းမိုးထားသည်။ ထောင့်ချိုးအကွေ့တစ်ခု၌ ဦးအောင်ပြည့် နှင့် ဒေါ်ယမင်းတို့ကို ဘွားခနဲ တွေ့လိုက်ရ၏။ ဟန်ထွန်းက ဖေဖေ့မျက်နှာကို တစ်ချက်လှမ်းကြည့်မိတော့ ရှက်အမ်းအမ်းဖြစ်နေလေသည်။

ထို့အတူ တယောရဲ့အဖေ ဦးအောင်ပြည့်နှင့်ဒေါ်ယမင်းတို့ကလည်း ရုတ်တရက်မို့ နှုတ်ဆက်ရမလို မသိချင်ယောင်ဆောင်နေရမလိုနှင့် ဟိုလိုလို ဒီလိုလို ဖြစ်နေကြသည်။ အဲဒီအနေအထားမျိုးမှာ ဟန်ထွန်းကပဲ ကြားဝင်လိုက်

ရပြန်၏။

"ဦးတို့က ပြန်တော့မလို့လား. . ."

"ဟုတ်တယ် ဒါပေမဲ့ ခဏပါ မောင်ဟန်ထွန်းရဲ့. . . အိမ်မှာ ယူစရာရှိ တာယူပြီးရင် ချက်ချင်းပြန်လာမှာ၊ မောင်ရာဇာတို့ ကြည်ပြာတို့တောင် သမီး အခန်းမှာ ရောက်နေကြတယ်ကွဲ့. . ."

နှစ်ဖက်စလုံးမှ စကားသံတွေ တစ်ခဏမျှ တိတ်ဆိတ်သွားသည်။ ထို အခိုက်အတန့်အတွင်း ဦးအောင်ထွန်းနှင့် ဦးအောင်ပြည့်၊ ဦးအောင်ထွန်းနှင့်ဒေါ်ယမင်း ဦးအောင်ပြည့်နှင့်ဒေါ်ယမင်း. . . အစရှိသဖြင့် အကြည့်တွေက ရှေ့လျားလှည့်ပတ် နေ၏။

ဟန်ထွန်းက လူကြီးတွေကို ပါးနပ်စွာ အကဲခတ်ကြည့်နေပါသည်။ သူတို့၏ မျက်လုံးများတွင် အာရုံစူးစိုက်မှုအပြည့်ထားကြပြီး သူတို့နှုတ်ခမ်းများ ကတော့ ပြုံးစစဖြစ်လျက်ရှိကြ၏။ ဒီအခြေအနေကို ဟန်ထွန်းက အခြေအနေ ကောင်းသည်ဟု ဆုံးဖြတ်လိုက်၏။ သူက လူကြီးတွေကြားသို့ အရှိန်းဖောက်ပြီး ဟာသနှောကာ ချစ်ကြည်ရေး ဝင်လုပ်လိုက်ပါသည်။

"ဪ. . . မိတ်ဆက်ပေးရဦးမယ်၊ ဖေဖေ. . . ဒါက တယောရဲ့အဖေ ဦးအောင်ပြည့်တဲ့။ ဒီဘက်က ဒေါ်ယမင်း. . .။ ဦးနဲ့အန်တီ. . . ဟောဒါက ကျွန်တော့်ရဲ့ဖေဖေ ဦးအောင်ထွန်းတဲ့. . .။ သေချာမှတ်ထားကြနော်၊ နောက်. . . လမ်းတွေ့ရင်လည်း ခေါ်ကြပေါ့။ တစ်ယောက်နဲ့တစ်ယောက်လည်း အခုမှ သိကျွမ်း တယ်လို့ သဘောမထားနဲ့၊ ငယ်ပေါင်းတွေလို့ပဲ သဘောထားကြ. . . ဟုတ် ပြီလား"

ဟန်ထွန်း၏ပြောင်ချော်ချော် နောက်တောက်တောက် စကားကြောင့် လူကြီးသုံးယောက်စလုံး ပြုံးရယ်မိသွားကြသည်။ ဦးအောင်ထွန်းက ဟန်ထွန်း ကို. . .

"သားငယ်ကတော့လုပ်ပြီ. . . ဟိုမှာ လူကြီးတွေကို အားနာစရာ ကောင်းတယ်"

ဦးအောင်ပြည့်က ဟန်ထွန်းဘက်မှ ကာကွယ်၍ပြောလိုက်သည်။

"ဩော် . . . ရပါတယ်၊ မောင်ဟန်ထွန်းက ချစ်လို့ ခင်လို့နောက်တာပဲ၊ ရိုင်းတာမှမဟုတ်တာ . . ."

ဦးအောင်ထွန်းက . . .

"ဘယ်ဟုတ်မှာလဲ၊ အဲဒါ သက်သက်လုပ်တာ၊ ဒီအကြောင်းတွေကို သူ သိသိကြီးနဲ့ ရွဲ့ပြီးပြောတာဗျ"

ဒေါ်ယမင်းကလည်း မနေသာတော့ဘဲ သူတို့ကြားတွင် ပါရလေတော့သည်။

"အဲဒီလိုတော့လည်း မဟုတ်ပါဘူး ကိုအောင်ထွန်းရယ်၊ မောင်ဟန်ထွန်းက ဘာရယ်မဟုတ်ဘဲ လူကြီးတွေကို ချစ်စနိုးနဲ့ စလိုက်တဲ့သဘောပါ . . . ပြီးတော့ ကျွန်မတို့လူကြီးတွေကရော သူ့အတွက် သရော်ချင်စရာဖြစ်မနေဘူးလား။ မောင်ဟန်ထွန်းက အားလုံးကို အကြောင်းသိဆိုတော့ သူ စမယ်ဆိုလည်း စလောက်စရာပဲ . . ."

"ကျွန်တော်တို့ချင်း မဆုံဖြစ်ကြတာ နှစ်တွေ တော်တော်ကြာလှပြီဗျ . . . နော် ကိုအောင်ထွန်း"

"ဟုတ်ပါ့ဗျာ . . . ကျွန်တော့်အထင်တော့ အနှစ်နှစ်ဆယ်လောက်ရှိပြီ မှတ်တာပဲ"

". . . . . . . . . ."

". . . . . . . . . ."

ထိုသို့ဖြင့် လူကြီးတွေအချင်းချင်း ဘာညာသာရကာတွေကို အရည်မရ အဖတ်မရ လျှောက်ပြောနေခိုက် ဟန်ထွန်းက အဲဒီနေရာမှ အသာလေးလစ် ထွက်လာခဲ့သည်။ သူက အယောကို အရမ်းတွေ့ချင်နေပြီ မဟုတ်ပါလား။

ဟန်ထွန်းက ခြေလှမ်းတွေ သွက်လက်လွန်းနေ၏။ တစ်ခဏလေးမှာပင် တယောရှိရာ အခန်းရှေ့သို့ သူရောက်သွားပါသည်။ တယောရဲ့အခန်းဝမှာ သူငယ်ချင်းတွေ စုရုံးပြီးထိုင်နေကြတာတွေ့လိုက်ရ၏။ သူတို့အားလုံး မျက်နှာ

သိပ်မကောင်းကြ။ ဟန်ထွန်းက စိတ်ထဲမှာ ထင့်ခနဲဖြစ်သွား၏။ သူက အလျင်စလိုပဲ ကြည်ပြာ့ကို မေးချလိုက်ပါသည်။

"တယောရဲ့အခြေအနေ ဘယ်လိုလဲ ကြည်ပြာ..."

ကြည်ပြာက သူ့မေးခွန်းကို စကားမပြောဘဲ ခေါင်းရမ်း၍ ပြန်အဖြေပေးလိုက်၏။ ဟန်ထွန်းက ကြည်ပြာ့ကိုမေးရတာ စိတ်မရှည်သဖြင့် ရာဇာတို့ဆီ ထပ်ပြီး သွားမေးနေပြန်သည်။ သူက ပေါက်ကွဲစပြုလာ၏။

"ဟေ့ကောင်ရာဇာ...တယော ပြန်သတိရလာပြီလားဟင်၊ သူ့ အခြေအနေ ဘယ်လိုနေလဲ...ငါစိတ်ပူလှပြီကွ၊ ငါ့ကို သေသေချာချာ ပြောပြကြစမ်းပါ..."

ရာဇာက ခေါင်းကိုငုံ့ကာ ယမ်းပြလိုက်သည်။ ဖြိုးဝေက အံကြိတ်ကာ ဆေးရုံနံရံကြီးကို စိုက်ကြည့်နေ၏။ 'သိုးသိုး' ဆိုသည့် ဖက်တီးကောင်ကြီးက ကြည်ပြာ့ဘေးနားမှာ မျက်နှာငယ်လေးနှင့် လေးတိလေးကန် ထိုင်နေလေသည်။ သူ လုံးဝသည်းမခံနိုင်တော့...။

"ဟိတ်ကောင်တွေ...ငါ့ကိုလည်း အကျိုးအကြောင်း ပြောပြကြပါဦးကွ"

ဟန်ထွန်းမှာ သူ့ကို ဘယ်သူမှ အရေးတယူလုပ်ပြီး မတုံ့ပြန်သဖြင့် ဒေါသတကြီးနဲ့ အော်ပစ်လိုက်၏။ နောက်...သူက ရှူးရှူးရှဲရှဲနှင့် အခန်းတံခါးကို ဖွင့်ပြီး ဝင်သွားခဲ့သည်။ သူမသည် ခုတင်ပေါ်တွင် ငြိမ်သက်စွာ လဲလျောင်းနေ၏။ အခန်းထဲမှာ တယောမှအပ တခြားလူတစ်ယောက်မျှ ရှိမနေတာကို သူနည်းနည်းတော့ အံ့သြမိသည်။ သူက သူမ ရှိသောခုတင်ဘေးသို့ တဖြည်းဖြည်းချဉ်းကပ်သွားနေ၏။ လူနာခုတင်ပေါ်တွင် အပြစ်ကင်းသော သူမ၏မျက်နှာလေးသည် နွမ်းလျဖျော့တော့နေပြီး ပကတိငြိမ်သက်လျက်ရှိပါသည်။

တယောက အိပ်ပျော်နေတာလား၊ သတိလစ်နေတာလား...ဆိုတာ သူဝေခွဲမရ...။

ဟန်ထွန်းက သူမဘေးရှိ ခုတင်နေရာလွတ်လေးမှာ တင်ပါးလွှဲဝင်ထိုင်

လိုက်သည်။ ပြီးတော့ သူမမျက်နှာကို သူ တစ်ဝကြီးကြည့်နေမိ၏။ နောက်. . . သူက သူမ၏နဖူးပြင်အား ဖွဖွလေး ငုံနမ်းရှိုက်လိုက်ပြန်ပါသည်။

သူမဆီမှ အနည်းငယ် လူးလွန့်လှုပ်ရှားသွား၏။ ဒါဆို သူမ ပြန်သတိရလာပြီပေါ့။ ထိုအတွေးကြောင့် ဟန်ထွန်းမှာ ဝမ်းသာအားရဖြစ်သွားပြီး တယောရဲ့မျက်နှာကို သေချာလေ့လာကြည့်မိသည်။ ထူးခြားသည်မှာ သူမမျက်နှာလေးသည် ပန်းဆီရောင်ရဲနေကာ ရှက်သွေးကြွနေခြင်းပင်ဖြစ်ပါသည်။ သူအံ့ဩသွား၏။

အခုလို သူမမျက်နှာလေးပေါ်မှာ ပန်းဆီရောင်အရုက်တရားကို ဟန်ထွန်းက ချစ်သူဘဝမှာ မကြာခဏ မြင်တွေ့ခဲ့ဖူး၏။ သူရှိုက်နမ်းလိုက်တိုင်း တယောမျက်နှာမှာ ဒါမျိုးရှက်သွေးကြွလာတတ်မြဲပင်. . .။ သူမနဖူးလေးကို သူစောစောတုန်းက နမ်းမိခဲ့သည်။

ဟန်ထွန်းသည် သူမအပေါ် နည်းနည်းမသက်သာဖြစ်သွား၏။ သူက တယောကို ထပ်မံ၍ ဂရုတစိုက်စစ်ဆေးကြည့်မိတော့၊ သူမရဲ့နှုတ်ခမ်းထောင့်စွန်း၌ ခုနက မရှိသေးသော အပြုံးတွန့်ကွေးကွေးလေးတစ်ခု ချိတ်ဆွဲထားကြောင်းတွေ့ရှိရပါသည်။ ဟန်ထွန်းပြုံးလိုက်မိသည်။ ပို၍သေချာစေရန် သူက သူမ၏ခါးကို လက်ချောင်းလေးတွေနဲ့ ထိုးဆွကြည့်လိုက်၏။

ထိုအခါ သူမ၏ခန္ဓာကိုယ်သည် တသိမ့်သိမ့်နှင့် လှုပ်ရှားယိမ်းထိုးလာသည်။ စောစောတုန်းက အပြုံးတွန့်ကွေးကွေးလေးသည်လည်း ပိုမိုကျယ်ပြန့်နွေးထွေးသော အပြုံးမျိုးဖြစ်လာသည်။

ခဏကြာတော့ သူမနှုတ်ခမ်းတွေဆီမှ အပြုံးလှလှလေးများအပြင် ချစ်မြတ်နိုးဖွယ် ခိုးခိုးခစ်ခစ်ရယ်သံတွေကိုပါ ကြားလာရသည်။ အဲဒီသူမ၏ ရယ်မောသံများသည် သူ့အတွက် စွဲလမ်းစရာကောင်းသော 'ချွဲချွဲအီအီ' အသံများရဲ့အစလည်းဖြစ်၏။

ရုတ်တရက် အခန်းထဲကို သူငယ်ချင်းများက 'ဟေး' ခနဲအော်ကာ ပြေးဝင်လာကြသည်။ အခုတော့ တယောက ခုတင်ပေါ်မှာ တခစ်ခစ်နှင့်အူမြူးပြီး ရယ်နေလေပြီ။

"နင်နော်. . . တယော၊ နင်မို့ ငါ့ကို စိတ်ပူအောင် လုပ်ရက်တယ်၊ မင်းတို့တွေကလည်း အိုက်တင်တွေ သိပ်ကောင်းနေတယ်။ လုံးဝ အဝိုအလိုမရှိဘူး။ ကွတ်တိပဲ. . . ငါ့ကိုပေါင်းပြီး ကြိုကြတာ ငါ့မှာ ပြာတောင်ပြာသွားတယ်"

ကြည်ပြာက သူမရဲ့လုပ်ရပ် အောင်မြင်သွားသဖြင့် ဂုဏ်ယူဝံ့ကြွားလို့ မဆုံးတော့။ ရာဇာ၊ဖြိုးဝေနှင့် သိုးသိုးတို့ကလည်း ကိုယ့်အပိုင်းကိုကိုယ် တာဝန်ကျေအောင် သရုပ်ဆောင်နိုင်ခဲ့တာကြောင့် ဟန်ထွန်း ခံလိုက်ရခြင်းဖြစ်သည်။

ဘာပဲဖြစ်ဖြစ် အခုလို တယောပြန်ပြီး ကျန်းမာလာတာကိုပဲ ဟန်ထွန်း ကျေနပ်နေမိ၏။ တယောသည် ပြုံးပျော်နေရာမှ တစ်စုံတစ်ခုကို သတိရသွားပြီး မျက်နှာပျက်ယွင်းသွားပါသည်။ ဟန်ထွန်းက စိုးရိမ်စွာမေးလိုက်၏။

"တယော. . . ဘာဖြစ်လို့လဲဟင်"

"ငါ နင့်ကို မေးမယ်နော် ဟန်ထွန်း. . . နင်အမှန်အတိုင်းဖြေရမယ်"

"အေးပါ. . . ဖြေမယ်"

"ငါတို့နှစ်ယောက်ကို နင့်အဖေက သဘောမတူဘူးဆို. . . အဲဒါ ဟုတ်လား ဟန်ထွန်း"

"အင်း. . . ဘယ်လိုပြောရမလဲ၊ အစကတော့ ဟုတ်တယ်ဟ၊ ဒါပေမဲ့ အခုတော့ မဟုတ်တော့ဘူး။ သဘောတူသွားပြီ"

"ဘယ်လိုဖြစ်သွားရတာလဲ၊ ဘာကြောင့် ဘယ်လိုဖြစ်တယ်ဆိုတာလေး တော့ ငါ့ကိုရှင်းပြစမ်းပါဦး"

ဟန်ထွန်း ရှင်းပြသည်ကို နားထောင်နေသူမှာ တယောတစ်ယောက် တည်းမဟုတ်. . . သူငယ်ချင်းတွေအားလုံးကပါ နားထောင်နေကြသည်။ အထူးသဖြင့် စပ်စုမကြည်ပြာ နားထောင်နေ၏။ ဖေဖေက သူတို့နှစ်ယောက်ကို ဘာကြောင့်သဘောမတူသလဲဆိုတာမှာ အမှန်တရားဖြစ်ဖို့မလိုတဲ့ တယောရဲ့ဂုဏ် သိက္ခာကို ကာကွယ်ပေးဖို့သာ ပို၍အရေးကြီးပါသည်။

တကယ်ဆို တယောနဲ့ကိုကိုမင်းထွန်းတို့၏ ပတ်သက်ခဲ့မှုသည် မိသားစု ဂုဏ်သိက္ခာကျနိုင်သည့် အဖြစ်အပျက်မျိုး မဟုတ်ချေ။ အခုတော့ အဲဒါကို ရှက်ဖွယ်

ကိစ္စတစ်ခုလို ဖုံးကွယ်ထားရန် ဟန်ထွန်းလုပ်ဆောင်ရပေတော့မည်။

ဒီနေ့လူ့အဖွဲ့အစည်းသည် တစ်ခါတစ်ရံ၌ ကိုယ်မကျူးလွန်ခဲ့သော ပြစ်မှုများအတွက် အသည်းအသန်ရှုန်းထွက်နိုင်မှ လွတ်မြောက်ရုံလေးသာ ရှိသည်။

သူနှင့်တယောကို ဖေဖေသဘောမတူရခြင်းမှာ သူတို့လူကြီးသုံးယောက်၏ ပြဿနာဖြစ်ကြောင်း ဟန်ထွန်းက ထွဲချလိုက်သည်။ အဲဒီနောက် ဟန်ထွန်းက တယောနှင့်သူငယ်ချင်းများအား ဖေဖေဦးအောင်ထွန်း၊ ဦးအောင်ပြည့်နှင့် ဒေါ်ယမင်းတို့၏ အတိတ်နောက်ကြောင်းကို စီကာပတ်ကုံးပြောပြလိုက်ပါ၏။ သူတို့အားလုံးမှာ ပါးစပ်အဟောင်းသားနှင့် အံ့သြတကြီးဖြစ်နေကြသည်။ ဟန်ထွန်းက လူကြီးသုံးယောက် ပြန်အဆင်ပြေသွားပြီဖြစ်ကြောင်း နိဂုံးချုပ်လိုက်၏။

သူငယ်ချင်းတွေနဲ့အတူ တယောလေးပါ ဝမ်းသာရွှင်ပြုံးလို့နေသည်။ ညမိုးချုပ်တော့ သူငယ်ချင်းတွေက အသီးသီးအိမ်ပြန်သွားကြ၏။ ဟန်ထွန်းက သူမအား တရိပ်ရိပ်လိုက်ကြည့်နေ၏။ ဒါကိုပဲ တယောက ကြည်နူးနေလေသည်။

"တယော. . ."

"ဘာလဲ. . ."

"နင်က ငါ့ကို တော်တော်ကြိုက်ပုံရတယ်နော်၊ နောက်တစ်ခါဆို သတိလစ်ရုံတင်မဟုတ်ဘူး။ အသက်ပါ ပါသွားမလားပဲ၊ ဟဲ. . . ဟဲ. . . ဟဲ"

"ဟန်ထွန်းနော်. . . လိုက်မစနဲ့နော်. . ."

တယော၏မျက်နှာမှာ အရှက်ကြောင့်နီရဲနေပြီး သူမက ဟန်ထွန်းကို လိုက်ထုသည်။ ထုရုံနှင့်အားမရသေးဘဲ သူမက ဆိတ်ဆွဲသေး၏။

"တယောနော်. . . နာတယ်ဟ"

"နာနာ. . ."

ဟန်ထွန်းလည်း အသည်းယားလာပြီး တယောကို သူ့ရင်ခွင်ထဲ ဆွဲသွင်းပစ်လိုက်သည်။ ဒီတစ်ခါလည်း အရင်အကြိမ်တွေတုန်းကလိုပဲ သူမ အသက်ရှူကြပ်ပါသည်။ သို့သော် သူမ မရုန်းတော့၊ အော်လည်းမအော်တော့. . .။

ချစ်သူရင်ခွင်နှင့်ဝေးရလျှင် ဘယ်လောက် အခံရခက်သလဲဆိုတာကို

အခု သူမ သိပါပြီ။ တယောက သူ့ရင်ခွင်ထဲမှာ ငိုမ်ခံနေ၏။

ထိုစဉ်. . . စောစောက အိမ်ပြန်ပြီဆိုသော ရာဇာနှင့်ဖြိုးဝေတို့သည် အခန်းထဲသို့ အသံမပေးဘဲ စွတ်ခနဲ ဝင်လာကြသည်။ ရုတ်တရက် လန့်သွားသော်လည်း အချင်းချင်းတွေမို့ ဟန်ထွန်းက သူမကို နဂိုအတိုင်းပဲ ဆက်ရှိနေစေ၏။

"မင်းတို့နှစ်ယောက်က ပြန်ပြီဆိုပြီး. . . ဘယ်လိုဖြစ်လို့ ပြန်ရောက်လာတာလဲ"

"ဒီကောင်ရာဇာပေါ့၊ နမော်နမဲ့နဲ့ အိမ်သော့ ဆေးရုံမှာကျန်ခဲ့တာကို အိမ်ပြန်ရောက်မှသိတယ်၊ ဟူး. . . ဖတ်ဖတ်ကို မောရောပဲ. . ."

"ဩော်. . . အေးအေး. . . သော့ရော တွေ့ပြီလား"

"ဒီမှာ စားပွဲပေါ်တင်ထားတဲ့ဥစ္စာ. . . တွေ့တာပေါ့"

ဟန်ထွန်းသည် တယောကို ပွေ့ဖက်ထားရင်းမှ ရာဇာနှင့်အပြန်အလှန် စကားတွေပြောနေတာကို ဖြိုးဝေက မျက်စိပေါးမှေး စူးဟန်တူ၏။ ဖြိုးဝေက သူတို့ကို. . .

"မင်းတို့နှစ်ယောက်ကလည်းကွာ. . . မလွန်ဘူးလား၊ ရာဇာ ငါတို့ကို ဒီကောင်က ချုပ်ပုတ်တွေမှတ်နေလား မသိဘူး"

ဖြိုးဝေ၏စကားကြောင့် ဟန်ထွန်းရော တယောပါ ရယ်လိုက်ကြသည်။ တယောက ရှက်နေပြန်သည်။

နောက်ဆယ်မိနစ်လောက်ကြာတော့ တယောရဲ့မိဘတွေ ပြန်ရောက်လာပြီး ရာဇာတို့ကလည်း အလိုက်သိသိနဲ့ ပြန်သွားကြပါ၏။ အချိန်ကိုကြည့်လိုက်တော့ ညကိုးနာရီပင် ထိုးတော့မည်။ မေမေက သူ့ဘာသာသူပြန်သွားပြီမို့ ဟန်ထွန်းလည်း အိမ်ပြန်ရန်ပြင်လိုက်သည်။

အဲဒီအချိန်မှာပဲ သူ့ဟန်းဖုန်းဆီ Message တစ်ခုဝင်လာ၏။ ဆက်တိုက်ဆိုသလိုပင် တယောရဲ့ဟန်းဖုန်းဆီလည်း Message တစ်ခုဝင်လာခဲ့သည်။

သူတို့နှစ်ယောက်သား အကြည့်ချင်းဆုံမိကြ၏။ ထို့နောက် သူတို့က Message တွေကို ဖွင့်ကြည့်လိုက်ပါ၏။

"ဟာ. . ."

"ဟင်. . ."

ကိုယ်စီ အာမေဋိတ်သံတွေဖြစ်သွားကြပြီး တစ်ယောက်နဲ့တစ်ယောက် ဖုန်းချင်းလဲကာ Message ကို လဲလှယ်ဖတ်ကြည့်ကြပြန်သည်။

"အို. . ."

"မုဒွေါ. . ."

◈ ◈ ◈

## အခန်း ( ၂၁ )

(တစ်) သူတို့နှစ်ယောက်ဆီသို့ ရောက်ရှိလာသော Message နှစ်ခုစလုံးသည် ဗလာ Message တွေဖြစ်ပါသည်။

(နှစ်) သူတို့နှစ်ယောက်ထံ ဗလာ Message လှမ်းပို့ပေးသူမှာ ဟန်ထွန်းရဲ့အဖေ ဦးအောင်ထွန်း ကိုယ်တိုင်ဖြစ်၏။

(သုံး) ဗလာ Message တွေက ဟန်ထွန်းနှင့် တယောတို့၏ အမှတ်တရသင်္ကေတတစ်ခုဖြစ်မှုန်း အတိအကျသိနေသဖြင့် ဦးအောင်ထွန်းသည် သူတို့နှစ်ယောက်အကြောင်းကိုလည်း ရာနှုန်းပြည့်နီးပါးသိနေနိုင်သည်။

(လေး) ဦးအောင်ထွန်း၏ရည်ရွယ်ချက်မှာ သူ့သားဟန်ထွန်းနှင့် တယောတို့ကို လက်ထပ်ပေးရန် သဘောတူကြောင်း ဗလာ Message ဖြင့် အချက်လှမ်းပေးခြင်းဖြစ်ပုံရ၏။

(ငါး) အကယ်၍များ သင်တို့ပတ်ဝန်းကျင်မှာ စကားပြောလျှင် တယော

ထိုးသလို ချွဲချွဲအီအီနှင့် အသံကို ခပ်ဆွဲဆွဲလေးပြောတတ်သော ကောင်မလေးတစ်ယောက်ရှိနေခဲ့ပါက ဒီဝတ္ထုကို လုံးဝဖတ်စရာမလို ကြောင်းအသိပေးလိုက်ရပါသည်။

လေးစားစွာဖြင့်

ဝေမှူးသွင်
(၂၀၀၆ ခုနှစ်)

ရွှေအိမ်မှုူးစာပေ

#၄

# သရဲတစ္ဆေ

## ဟိုဘက်အိမ်ကခြောက်တဲ့ တစ္ဆေ

သရဲကြောက်တတ်သော သူမအဖို့ ပဟေဠိအဆန်းဆုံး လူငယ်တစ်ယောက်နှင့် ဆုံတွေ့နေရလေပြီ။

ထိုလူငယ်က သူမနှင့် တစ်တန်းတည်းအတူတက်နေသည်ဟု ပြောသော်လည်း သူ့ကို ကျောင်းမှာ တစ်ခါမှ မမြင်ဖူးချေ။

သူမ၏ သူငယ်ချင်းတွေကိုလည်း သူ လုံးဝမသိတာ သေချာသည်။

သူနေထိုင်သောနေရာကို မေးကြည့်လိုက်တော့ သူမ၏ ခေါင်းရင်းအိမ်မှာနေသည်ဟု ပြော၏။

သို့ရာတွင် . . . ထိုအိမ်နှင့်ခြံဝင်းကြီးကား လူသူမနေထိုင်သည်မှာ ကြာမြင့်လှပြီဖြစ်ရာ. . . . . .

သူ. . . ဘယ်သူလဲ? ဆိုသည်ကို တိတ်တဆိတ် လေ့လာစုံစမ်းရင်း သရဲတစ္ဆေတို့ တကယ်ရှိသော ပရလောကကို သူမ ကိုယ်တိုင် သိမြင်ကြုံတွေ့လိုက်ရသောအခါ . . .

ရွှေအိမ်မှူးစာပေ

ခွန်ချိုငြိမ်းချမ်း

# အဖြူရောင်ငါနှင့်
# အနက်ရောင်ကျွန်တော်

(ပထမဆုံးလုံးချင်းဝတ္ထု)

ကျွန်တော်ငယ်ငယ်တုန်းက 'လူတိုင်းအတွက် ဒီကမ္ဘာမြေပေါ်မှာ ကိုယ်နဲ့ချွတ်စွပ် တအေရာတည်းတူတဲ့ လူတစ်ယောက်ရှိနေတယ်' ဟု ကောင်လေးတစ်ယောက်က ပြောဖူးသည်။ ထိုကောင်လေးကို ကျွန်တော်က မင်းရူးနေပြီဟု ပြောခဲ့ဖူးပါသည်။

ယခု ကျွန်တော့်အသက် တစ်ဆယ့်လေးနှစ်ရှိပါပြီ။ ကျွန်တော်

နှင့်ချွတ်စွပ်တူသည့် လူတစ်ယောက်ကို တွေ့လိုက်ရသည်။ တကယ်ပါပဲ. . . ကိုယ့်မျက်လုံးများကိုပင် ကိုယ်မယုံနိုင်ပါ။ သူဟာ ကျွန်တော်နဲ့ တထေရာတည်း တူရုံတင်မကပါဘူး။ သူဟာ ကျွန်တော်ကိုယ်တိုင်ပါပဲ. . .။

ကျွန်တော် မှန်ထဲမှပုံရိပ်ကိုကြည့်ပြီး ပြောနေခြင်းမဟုတ်ပါ။ ကျွန်တော့်မျက်နှာ၊ အရပ်အမောင်း၊ ဖြောင့်စင်းသော အနက်ရောင်ဆံပင်များ၊ အညိုရောင် မျက်ဝန်းများနှင့် ကျွန်တော့်ကိုယ်ပိုင် မခိုးမခန့်ပြုံးပုံပြုံးနည်းကိုပါ တူညီစွာပိုင်ဆိုင်သော ကောင်လေးတစ်ယောက်ကို တည့်တည့်ကြည့်ပြီး ပြောနေခြင်းသာဖြစ်သည်။

ကျွန်တော့်မျက်နှာ ကျွန်တော့်ကိုယ်ခန္ဓာ ကျွန်တော်သည် ကျွန်တော် (သို့မဟုတ်) အခြားကျွန်တော်တစ်ယောက်ကို ငေးစိုက်ကြည့်နေမိသည်။

ထိုသို့ပြောသည့်အတွက် ကျွန်တော့်ကို အရူးတစ်ယောက်ဟု ထင်ကောင်းထင်မိကြပေလိမ့်မည်။

ဘယ်ကလာ၍ ဘယ်သူမှန်းမသိသော သင်နှင့်ချွတ်စွပ်တူသည့် ကိုယ်ပွားတစ်ယောက်ကို မျက်ဝါးထင်ထင်မြင်လိုက်ရလျှင် သင်လည်း အနည်းငယ် ရူးချင်စိတ်ပေါက်သွားမည်မှာ သေချာသည်။

ကြောမိထွက်မည်

**ရွှေအိမ်မှူးစာပေ**

## ထွက်ရှိပြီးသောစာအုပ်များ

သစ္စာနီ , – ဂျပန်ခေတ်ပေါ်ကဗျာ

တာရာမင်းဝေ – အရှေ့မြို့ရိုးမှ မိုးရေစက်များ (ဒုတိယအကြိမ်)

တာရာမင်းဝေ – သင်နှင့်နံနက်ခင်းကိုသာ ဝင်ခွင့်ပြုမည် (ဒုတိယအကြိမ်)

တာရာမင်းဝေ – ကျွန်တော်နှင့် ကြေးသွန်းယဉ်ကျေးမှု (ဒုတိယအကြိမ်)

တာရာမင်းဝေ – မြိုင်မြင်းတို့ရဲ့ခွာသံ (ဒုတိယအကြိမ်)

တာရာမင်းဝေ – ကျွန်တော်တူးဖော်ခဲ့သည့် မြေစိုင်မြေခဲများအကြောင်း (ဒုတိယအကြိမ်)

တာရာမင်းဝေ – ဘယ်ဘက်လက်ထဲမှာ ဖက်ထားတဲ့ ပုံပြင်

မင်းခိုက်စိုးစန် – ကောင်းကင်နဲ့မလွတ်တဲ့အတောင်ပံတစ်စုံ (ဒုတိယအကြိမ်)

မင်းခိုက်စိုးစန် – သုည

မင်းခိုက်စိုးစန် – ဟယ်ရီပေါ်တာ နှင့် မှော်ပြဒါးရှင်လုံး (ဒုတိယအကြိမ်)

မင်းခိုက်စိုးစန် – ဟယ်ရီပေါ်တာ နှင့် မိစ္ဆာခန်းဆောင် (ဒုတိယအကြိမ်)

မင်းခိုက်စိုးစန် – ဟယ်ရီပေါ်တာ နှင့် ဝိညာဉ်နှုတ်အကျဉ်းသား

သတိုးတေဇ – ကိုယ့်လက်ခုပ်ထဲကနတ်ဆိုး

သတိုးတေဇ – တစ္ဆေတစ်ကောင်ရဲ့ညစာ

သတိုးတေဇ – သုသာန်မြေက မိစ္ဆာ

ဝေမှူးသွင် – အခန်းဆက်နှင်းဆီ

ဝေမှူးသွင် – ကျွမ်းကျင်စွာပြုလုပ်ထားသောအလွမ်း

ဝေမှူးသွင် – ချစ်သူပြောတဲ့တနင်္ဂနွေပုံပြင်

ဝေမှူးသွင် – တစ်ခါတစ်ရံများ

ဝေမှူးသွင် – အသည်းကွဲလူရွှင်တော်

## ရွှေအိမ်မှူးစာပေ

## ယခု

ဝေမှူးသွင် – တယော

## ဆက်လက်ထွက်ရှိလာမည့်စာအုပ်များ

မင်းခိုက်စိုးစန် – လွမ်းလို့သေသွားတဲ့သစ်ပင် (ဒုတိယအကြိမ်)

မင်းခိုက်စိုးစန် – ချစ်သူရဲ့ပါးတစ်ဖက်ကို နိုးဝက်သွားတဲ့တစ္ဆေ (ဒုတိယအကြိမ်)

သတိုးဝေဇ – ဟိုဘက်အိမ်ကခြောက်တဲ့ တစ္ဆေ

သတိုးဝေဇ – ကွယ်လွန်သူတို့ ဝိညာဉ်

ခွန်းချိုငြိမ်းချမ်း – အဖြူရောင် ငါ နှင့် အနက်ရောင် ကျွန်တော်

ခွန်းချိုငြိမ်းချမ်း – နံနက်ခင်းများနဲ့ထုဆစ်ထားတဲ့ အိပ်မက်

ဝေမှူးသွင် – ဘတ်သီးအော်ပရေးရှင်း

ဝေမှူးသွင် – ဒေဝီဥယျာဉ်ရဲ့ နောက်ဆုံးနေ့

ဝေမှူးသွင် – အလွမ်းတွေချိတ်ဆွဲထားတဲ့ မိုးတိမ်